# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒ ပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၃၀ ရက်၊ စနေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကျင်းပ




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်း ကျင်းပစဉ်။** သတင်းစဉ်

**လွိုင်ကော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ငြိမ်းချမ်းရေးစကားဝိုင်းကို လူငယ်တွေနဲ့ ကျင်းပခဲ့တာ ၄၊ ၅၊ ၆ ခါလောက် ရှိပါပြီ၊ နေရာအသီးသီးမှာ လူငယ်တွေနဲ့ ဒီလိုငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ကျင်းပတဲ့နေရာမှာ တိုက်ပွဲတွေမဖြစ်ခဲ့တဲ့ ဒေသတွေမှာဆိုရင် ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ နားလည်မှု ဗဟုသုတရော၊ စိတ်ဝင်စားမှုရော နည်းနည်းနည်းတယ်ဆိုတာကို တွေ့ခဲ့ရပါတယ်။

"ဒါပေမယ့် တိုက်ပွဲတွေဖြစ်ခဲ့တဲ့ ပြည်နယ်တွေ၊ တိုင်းဒေသကြီးတွေ၊ နောက်ပြီး အရင်တုန်းက မငြိမ်းချမ်းဘဲနဲ့ နောက်ငြိမ်းချမ်းသွားတဲ့အခြေအနေမှာ ဘယ်လိုအပြောင်းအလဲတွေ ရှိနေတယ်ဆိုတာကို ပိုပြီးတော့ နားလည်တယ်ဆိုတာကို သတိပြုမိပါတယ်၊ ပိုပြီးတော့ နားလည်တဲ့ ဒေသတွေမှာဆိုရင် ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့


***စာမျက်နှာ ၄ ကော်လံ ၁*** ✡





မြန်မာ့အလင်း

# အဓိပ္ပာယ်ပြည့်ဝသည့် လွတ်လပ်ရေး

"ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း"ဟူသော စကားပုံရှိသည်။ ဝိနည်းသည် ရဟန်း၏အသက်ပင် ဖြစ်သည်။ ဝိနည်းပျက်ပါက ရဟန်းဘဝလည်း ပျက်သည်။ စည်းရိုးသည် ရွာ၏လုံခြုံရေး၊ ရွာ၏အသက်ပင် ဖြစ်သည်။ စည်းရိုးမလုံခြုံ ပျက်စီးပါက ရွာမှာလည်းမလုံခြုံ။ သူခိုးသူဝှက် သူပုန်သူကန်တို့၏ဘေးရန်ကို ကာကွယ်နိုင်စွမ်းမရှိတော့လျှင် ပျက်စီးကိန်းသို့ ဆိုက်ရတတ်သည်။ စည်းကမ်းသည်လည်း လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ တည်တံ့ခိုင်မြဲစေရန်အတွက် အသက်သဖွယ် အရေးကြီးသည်။ စည်းကမ်းမြင့်မားသော လူမျိုးသည် အဆင့်အတန်းမြင့်မားသော၊ အထက်တန်းကျသော လူမျိုးဖြစ်ပြီး ထိုလူမျိုးတို့နေထိုင်ရာ အချုပ်အခြာပိုင်သည့် နိုင်ငံသည်လည်း အဆင့်အတန်းမြင့်မားသော၊ အထက်တန်းကျသော နိုင်ငံဖြစ်လာသည်။

"မြန်မာတွေစည်းကမ်းဖောက်၊ ထီးနန်းပျောက်ဖြစ်ပြီ၊ မှိုးကွန်းထောက် အသစ်မှီတယ်၊ ညစ်ပလီလူမျိုး"ဟူ၍ မျိုးချစ်စာဆို အချုပ်တန်းဆရာဖေက ၎င်း၏ နောက်ဆုံးတေးထပ်တွင် ရေးစပ်ခဲ့သည်။ စည်းကမ်းဖောက်၍ မိမိတို့လူမျိုး ထီးနန်းပျောက်ခဲ့ရပုံ၊ နယ်ချဲ့လက်အောက် ကျွန်သပေါက်ဘဝတွင် ဇာတိသွေးဇာတိမာန်တို့ နိမ့်ကျဖောက်ပြန်ခဲ့ပုံတို့ကို တွေ့ရကြုံခဲ့ရခြင်းကြောင့် နိုင်ငံနှင့်လူမျိုးအတွက် မချည့်တင်ကဲရင်နာနာနှင့် ရေးစပ်ကာပေါက်ကွဲခဲ့ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။ လူမျိုးတစ်မျိုး နိုင်ငံတစ်နိုင်ငံတည်တံ့ခိုင်မြဲရေး၊ အဆင့်အတန်းမြင့်မားရေးအတွက် အသက်တမျှ အရေးပါသည့် စည်းကမ်းဟူသည်မှာ အဘယ်နည်း။ နေရာတကာတွင် ရှိနေတတ်သည့် စည်းကမ်းဟူသည်မှာ အဘယ်နည်း။

စည်းကမ်းဟူသည်မှာ လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ပင်ဖြစ်သည်။

"စည်းနဲ့ကမ်းနဲ့ ရှိမှသာလျှင် လွတ်လပ်ရေးဆိုတာ ဖြစ်နိုင်တယ်။ အဲ့ဒီတော့ လွတ်လပ်ရေးဆိုတာကို ကျွန်တော်တို့ရတဲ့အခါမှာလည်း နားလည်ရမှာက ငါတို့တိုင်းပြည်ဟာ ပိုပြီးစည်းကမ်းရှိဖို့လိုတယ်"ဟု လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းကလည်း ဆိုမိန့်ခဲ့သည်။ မိမိတို့ ဘိုးဘွားများ အသက်သွေးချွေးတို့ကို စတေးပြီး ရယူပေးခဲ့၍ လွတ်လပ်သော နိုင်ငံသားဘဝကို ရရှိပိုင်ဆိုင်ခဲ့ပြီးသည့်နောက် မိမိတို့ စည်းကမ်းကို မည်မျှလိုက်နာခဲ့ကြပြီနည်း၊ ကျင့်ဝတ်ကို မည်မျှစောင့်ထိန်းနိုင်ခဲ့ကြပြီနည်းဆိုသည်ကို ပြန်လည်ဆန်းစစ်ကြည့်ကြဖို့ လိုဦးမည်ဖြစ်သည်။ လွတ်လပ်ရေးဆိုသည်မှာ အခြားတစ်ဦးတစ်ယောက်၏ အကျိုးကို မထိခိုက်စေဘဲ၊ အခြားလူများ၏အကျိုးကို မထိခိုက်စေဘဲ လွတ်လွတ်လပ်လပ် ကိုယ့်တိုးတက်မှုအတွက် လုပ်နိုင်ခြင်းသည် လွတ်လပ်ရေး ဖြစ်သည်ဟု ဗိုလ်ချုပ်က အဓိပ္ပာယ်ဖွင့်ပြခဲ့ဖူးသည်။ လွတ်လပ်ရေးရပြီဟုဆိုကာ လူတကာသွားလာနေသည့်လမ်းမပေါ် ဆေးလှန်းသူကြောင့် လမ်းသွားလမ်းလာတို့ အခက်တွေ့ရသည်ကိုလည်း ဥပမာဆောင်ပြခဲ့သည်။ မိမိအကျိုးအတွက် အခြားသူများ၏အကျိုးကို ထိခိုက်စေလျှင်၊ အနှောင့်အယှက်ဖြစ်စေလျှင် လွတ်လပ်မှုမဟုတ်ဘဲ ရမ်းကားမှုဖြစ်သည်ဟုလည်း မိန့်ဆိုခဲ့သည်။

ဗိုလ်ချုပ်၏ အဆိုအမိန့်များသည် လည်းကောင်း၊ မိမိတို့နိုင်ငံ လွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် ပြန်လည်ရောက်ရှိခဲ့ခြင်းသည် လည်းကောင်း နှစ်ပေါင်း ၇၀ သက်တမ်းသို့ ရောက်ရှိလာပြီဖြစ်သည်။ လမ်းပေါ်ဆေးလှန်းသည့် လုပ်ရပ်မျိုးမှသည် တစ်စုံတစ်ယောက်၏ အကျိုးစီးပွားအတွက် ကျန်အများသူငါကို ထိခိုက်စေသည့် လုပ်ရပ်မျိုး၊ ရမ်းကားမှုမျိုးတို့ ဆိတ်သုဉ်းမသွားသေးသည်ကို ယနေ့တိုင် တွေ့မြင်နေရဆဲ။ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာစောင့်ထိန်းသည့် အဆင့်အတန်းမြင့်မားသော လူမျိုးဖြစ်လာရေးအတွက် မိမိတို့အားလုံး ကြိုးပမ်းကြရပါဦးမည်။ ။

## စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်မှုကွင်းဆင်းစစ်ဆေး

**သီပေါ ဒီဇင်ဘာ ၂၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်နေသည့် နားမခေါ်ကျေးရွာအုပ်စု ကောင်းထက်ကျေးရွာ စိမ့်စမ်းရေသွယ်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းအတွက်လိုအပ်သော ဘိလပ်မြေ၊ ကျောက်၊ သဲပြွန်းများ စုဆောင်းရောက်ရှိမှုအခြေအနေများကို ဒီဇင်ဘာ ၂၉ ရက်က ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ အငယ်တန်း အင်ဂျင်နီယာ ဒေါ်နန်းကြိုခမ်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ စိမ့်စမ်းရေသွယ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ကောင်းထက်ကျေးရွာမှ ဒေသခံတိုင်းရင်းသား ပြည်သူများအနေဖြင့် ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေများ သုံးစွဲနိုင်မည်ဖြစ်သဖြင့် ဝမ်းမြောက်လျှက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## ရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း တည်းခိုဆောင်လုပ်ငန်းအား တင်ဒါစနစ် ဆောင်ရွက်မည်

**မကွေး ဒီဇင်ဘာ ၂၉**



မြန်မာပြည်၏ ရက်အရှည်ကြာဆုံးဘုရားပွဲတော်များတွင် ပါဝင်သည့် ရွှေစက်တော် ဗုဒ္ဓပူဇနီယပွဲမှ တည်းခိုဆောင် လုပ်ငန်းများအား တစ်ဆင့်ပြန်ရောင်းစားသူများ ပါလာနိုင်သည့်အတွက် မဲစနစ်အစား တင်ဒါစနစ်ဖြင့် သတ်မှတ်ချထားပေးတော့မည်ဖြစ်ကြောင်း သိရသည်။

" မဲစနစ်နဲ့ဆိုရင် တကယ်လုပ်မယ့်သူတွေတင်မဟုတ်တော့ဘဲ တစ်ဆင့်ပြန်ရောင်းစားမယ့်သူတွေ ပါလာနိုင်တယ်၊ တင်ဒါစနစ်နဲ့ဆိုတော့ ကိုယ်တကယ်လုပ်နိုင်မယ့်တည်းကျောင်း ဘယ်နှကျောင်း လုပ်ချင်သလဲ၊ အရင်နှစ်တွေက ဘယ်လောက်မြတ်သလဲ တွက်ချက်ပြီး ပေးနိုင်တယ်၊ တင်လာတဲ့အထဲက ဘုရားအတွက် အများဆုံး ပေးလှူနိုင်တဲ့သူကို ပေးလိုက်ရုံပဲ"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ အောင်မိုးညိုက ပြောသည်။

၂၀၁၈ ခုနှစ် မန်းရွှေစက်တော် ဘုရားပွဲတော်တည်းခိုဆောင် လုပ်ငန်းကို မဲစနစ်အစားအိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရွေးချယ်ရန် ပြင်ဆင်သတ်မှတ်လိုက်သဖြင့် မဲစနစ်ဖြင့်လျှောက်ထား သူများ၏ လျှောက်လွှာဖိုးနှင့် Deposit ငွေတို့အား ဒီဇင်ဘာ ၂၆ ရက်မှစ၍ ပြန်လည်ထုတ်ပေးနေကြောင်း လျှောက်ထားသူများထံမှ သိရသည်။

မဲစနစ်ဖြင့်ရွေးချယ်စဉ်က ဂေါပကအဖွဲ့၏ သတ်မှတ်စျေးကို အများစုက လိုက်နာခဲ့ကြသော်လည်း ယခုနှစ်တွင် တင်ဒါစနစ်ပြောင်းသွားခြင်းကြောင့် လုပ်ကိုင်ခွင့်ရလိုသူများက တင်ဒါကြေးများ အပြိုင်အဆိုင်ပေးတော့မည်ထင်ကြောင်း၊ ငွေကြေးများစွာ ရင်းနှီးရယူထားသည့်လုပ်ကိုင်ခွင့်ရသူများ၏ အကျိုးအမြတ်ရရန် လုပ်ဆောင်မှုများက ဘုရားဖူးပြည်သူများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်လာမည်ကိုမူ စိုးရိမ်မိကြောင်း မင်းဘူးမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

**ဇေယျတု (မကွေး)**

## အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်ကျခံပြီး အသက်မွေးဝမ်းကျောင်းပညာရပ်များ ဖွင့်လှစ်သင်ကြားပေး

**ဘားအံ ဒီဇင်ဘာ ၂၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် Bridge Asia Japan တို့ပူးပေါင်းပြီး နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်း(ဘားအံ)မှ အသက်မွေးဝမ်းကျောင်းပညာရပ်သင်တန်းများကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်း အကုန်ကျခံပြီး ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ကရင်ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မျိုးမင်းနောင်က ပြောသည်။



ဂျပန်နိုင်ငံအစိုးရ၏ ပံ့ပိုးမှုဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းခွင်ဝင် လက်မှတ်ရအသက်မွေးဝမ်းကျောင်းဆိုင်ရာ ဆောက်လုပ်ရေး လျှပ်စစ်မော်တော်ယာဉ်စက်ပြင်နှင့် ဂဟေသင်တန်းဆင်းပွဲကို ဘားအံမြို့ စက်မှုဇုန်နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များစက်မှု၊ လက်မှုသင်တန်းကျောင်းခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က ကျင်းပသည့် သင်တန်းဆင်းပွဲတွင် ၎င်းက ပြောကြားခဲ့ခြင်း ဖြစ်သည်။

သင်တန်းကျောင်းတွင် ပြည်နယ်နှင့် အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်မှလူငယ်လူရွယ်များကို ဆောက်လုပ်ရေး လျှပ်စစ်မော်တော်ယာဉ်စက်ပြင် ဂဟေသင်တန်းနှင့် EFI အင်ဂျင်နီယာ သင်တန်းများကို ခြောက်နှစ်စီမံကိန်းဖြင့် အကောင်အထည်ဖော် ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါသင်တန်းဆင်းပွဲတွင် ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်နှင့် တာဝန်ရှိသူများက သင်တန်းထူးချွန်ဆုရရှိသူများကိုဂုဏ်ပြုမှတ်တမ်းလွှာ၊ ဂုဏ်ပြုဆုနှင့် သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

သင်တန်းတွင် ဆောက်လုပ်ရေး သင်တန်းသား ၁၉ ဦး၊ လျှပ်စစ်သင်တန်းသား ၂၀၊ မော်တော်ယာဉ် စက်ပြင် သင်တန်းသား ၂၈ ဦး၊ ဂဟေသင်တန်းသား ၂၀ တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းရာဇာ (မြစ်ကြီးနား)**

## ရွှေ ၊ ငွေ ၊ စက် သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၂၉-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၇၇၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၇၅/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၈၀/၈၀၀ ကျပ် | (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၅/၈၄၅ ကျပ် | (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၅/၈၂၀ ကျပ် | (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၃ | ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၂၂ | ·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၆ | ·၇ |
| ထိုင်း | တစ်ဘတ် | ၄၁ | ·၅ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ | ·၂ |
| တရုတ် | တစ်ယွမ် | ၂၀၇ | ·၈ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၄ | ·၄ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံ

## ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကယားပြည်နယ် ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးစဉ်။ သတင်းစဉ်

**လွိုင်ကော် ဒီဇင်ဘာ ၂၉**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာသန်းမြင့်၊ ဦးအုန်းမောင်၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက် ၉နာရီ မိနစ် ၅၀ တွင် ကယားပြည်နယ် လွိုင်ကော်မြို့သို့ ရောက်ရှိလာရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းဆို၊ ပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့ရှိ သမိုင်းဝင် အထင်ကရ စေတီတော်များဖြစ်သည့် မြို့နာမ်စေတီတော်နှင့် သီရိမင်္ဂလာစေတီ(တောင်ကွဲစေတီ)တို့သို့ သွားရောက်ဖူးမြော်ကြည်ညိုကာ ပန်း၊ ရေချမ်း၊ ဆီမီးတို့ ဆက်ကပ်လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

### ဆက်ကပ်လှူဒါန်း

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် မြို့နာမ်စေတီတော်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းတိုက်၌ ကယားပြည်နယ် သံဃမဟာနာယကဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာစက္ကအား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ လွိုင်ကော်မြို့နယ် ဒေါဆန်းဘွန်းကျေးရွာရှိ ကယန်းယဉ်ကျေးမှုဌာနသို့ ရောက်ရှိရာ ကယန်း(ပဒေါင်)တိုင်းရင်းသားများက ခင်မင်ရင်းနှီးစွာ ကြိုဆိုပြီး အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ကြသည်။

ထို့နောက် ကယန်း(ပဒေါင်)တိုင်းရင်းသားများက ရိုးရာတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

### ကြည့်ရှုလေ့လာ

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဆိုပါကျေးရွာအတွင်း ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကယန်းရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်အရောင်းဆိုင်များ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ထားရှိသည့် ကယန်းရိုးရာယဉ်ကျေးမှုနှင့် ရိုးရာအသုံးအဆောင်ပြခန်းများအား လှည့်လည်ကြည့်ရှုလေ့လာပြီး ကယန်း(ပဒေါင်)တိုင်းရင်းသားများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

ဒေါဆန်းဘွန်းကျေးရွာသည် ၆၇ ဧကကျယ်ဝန်း၍ အိမ်ခြေ ၁၃၀၊ အိမ်ထောင်စု ၁၃၈ စုရှိပြီး လွိုင်ကော်မြို့နယ်နှင့် ဒီမော့ဆိုမြို့တို့ ထိစပ်သည့်နေရာ၌ တည်ရှိ၍ ကျေးရွာတွင် ကယန်းတိုင်းရင်းသားများ အများစုနေထိုင်လျက်ရှိကြသည်။

### ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ဒေါဆန်းဘွန်းကျေးရွာသည် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လျက်ရှိပြီး ပြည်တွင်း ပြည်ပမှ ခရီးသွားဧည့်သည်များ လာရောက်ကာ ကယန်းရိုးရာယဉ်ကျေးမှုနှင့် လူနေမှုဘဝပုံစံများ၊ ရိုးရာအဝတ်အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို လေ့လာလျက်ရှိသည့်အပြင် ကယန်းရိုးရာ ယဉ်ကျေးမှုဓလေ့အနေဖြင့် လူသိများသော ကြေးကွင်းပတ်ခြင်း ဓလေ့ကို လေ့လာခြင်း၊ ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို လေ့လာခြင်း၊ ကယန်းရိုးရာ လက်မှုပစ္စည်းများ ဝယ်ယူခြင်းနှင့် ကယန်းရိုးရာဓလေ့များကို လာရောက်လေ့လာနိုင်ကြောင်း သိရသည်။



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါဆန်းဘွန်းကျေးရွာ၌ ရိုးရာအဝတ်အထည်များ ရက်လုပ်နေမှုကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဒေါဆန်းဘွန်းကျေးရွာ၌ ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကယန်းရိုးရာ အသုံးအဆောင်ပစ္စည်းများနှင့် အဝတ်အထည်အရောင်းဆိုင်များကို ကြည့်ရှုလေ့လာစဉ်။ သတင်းစဉ်

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် အဖွဲ့ဝင်များနှင့်အတူ ကယားပြည်နယ် အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် ကယားပြည်နယ် ဒေသခံကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်သည်။

တွေ့ဆုံပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ကယားပြည်နယ်ကို လာရောက်ရတဲ့အကြောင်းကတော့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ကယားပြည်နယ်က လူတွေနဲ့ ဆွေးနွေးချင်တယ်၊ ကယားပြည်နယ်ဟာဆိုရင် ငြိမ်းချမ်းရေးအတွက် အင်မတန်မှ အဓိကကျတဲ့ ဒေသတစ်ခုဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးအဖွဲ့တွေလည်းရှိတယ်၊ ငြိမ်းချမ်းရေးကို ယူထားတဲ့အဖွဲ့တွေလည်း ရှိတယ်။

### အင်မတန်မှ အရေးကြီး

"နောက်ပြီး အတွေ့အကြုံတွေလည်း စုံပါတယ်၊ ဒါကြောင့်မို့ ကယားပြည်နယ်က လူငယ်တွေနဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးစေချင်တာဖြစ်ပါတယ်၊ ဒါပေမယ့် လူငယ်တွေအပြင် အခြားဒေသခံပြည်သူတွေနဲ့လည်း ကျွန်မတို့ဆွေးနွေးချင်ပါတယ်၊ ဘာလဲဆိုတော့ ငြိမ်းချမ်းရေးဆိုတာ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးကြီးပါတယ်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးပေါ့။

### အနုတ်လက္ခဏာဆောင်

"ဒီနေ့ လူငယ်တစ်ယောက်ကပြောသွားတာ ငြိမ်းချမ်းရေးကို အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးနဲ့ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးပေါ့၊ အဓိကက သူပြောတဲ့အဓိပ္ပာယ်က အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာကတော့ အပစ်အခတ်တွေ ငြိမ်းချမ်းသွားတာပေါ့၊ ဒါပေမယ့် နားထောင်ရတဲ့ သူကတစ်မျိုးဖြစ်သွားတာပေါ့၊ အနုတ်လက္ခဏာဆောင်တယ်ဆိုတာ မကောင်းဘူးဆိုတဲ့ အဓိပ္ပာယ်လို ဖြစ်သွားနိုင်တယ်။

"သူကတော့ အဲ့လိုပြောတာ မဟုတ်ပါဘူး၊ တကယ်တော့ သူပြောတာ ဖွံ့ဖြိုးရေးပါ၊ ဖွံ့ဖြိုးရေးကို ငြိမ်းချမ်းရေးဆိုပြီးတော့ အဓိပ္ပာယ်ဖော်လိုက်တာပေါ့နော်၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ မတူပါဘူး၊ တစ်ခုရှိမှလည်း တစ်ခုကို ဖြစ်နိုင်တယ်ဆိုတာကို အားလုံး သဘောတူညီမယ်လို့ထင်ပါတယ်၊ ငြိမ်းချမ်းရေးမရှိဘဲနဲ့ ဖွံ့ဖြိုးရေးဆိုတာ မဖြစ်နိုင်ပါဘူး၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးမရှိဘဲနဲ့လည်း ငြိမ်းချမ်းရေးကို ကျွန်မတို့ ရေရှည်တည်တံ့ခိုင်မြဲအောင် မလုပ်နိုင်ပါဘူး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးဟာ အမြဲပဲ ဒွန်တွဲနေတယ်ဆိုတာ အားလုံးလက်ခံတဲ့ ကိစ္စလို့ ကျွန်မတို့ထင်ပါတယ်။

*စာမျက်နှာ ၅ သို့*

✡ *ရှေ့စာမှ*

ဆွေးနွေးရတာ ပိုပြီးတော့ ထဲထဲဝင်ဝင် ရှိပါတယ်၊ ဒါကြောင့်မို့ ဒီကယားပြည်နယ်မှာလည်း လူငယ်တွေနဲ့ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဆွေးနွေးတဲ့အခါ ပိုပြီးတော့ ထိထိရောက်ရောက် ဖြစ်နိုင်မယ်လို့ မျှော်လင့်ပါတယ်၊ ဒီကလူငယ်တွေရဲ့ အသံကို တစ်တိုင်းပြည်လုံးက နားထောင်ပြီးတော့ စိတ်ဝင်စားလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**အားလုံးအတူလက်တွဲ**

"ဒီထဲမှာ ဝန်ထမ်းတွေလည်း ပါတယ်၊ ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါတယ်၊ အဲဒီတော့ ဝန်ထမ်းတွေရဲ့ အနေအထားနဲ့ ဝန်ထမ်းမဟုတ်တဲ့ ပုဂ္ဂလိကလုပ်ငန်းလုပ်နေတဲ့ လူငယ်တွေရဲ့ အနေအထားကတော့ မတူပါဘူး၊ မတူပေမယ့်လည်း အားလုံးက အတူလက်တွဲပြီးတော့ လုပ်ရမှာပါပဲ။

"တချို့တွေက ဒီမိုကရေစီအခွင့်အရေးဆိုတာ ကိုယ်ပြောချင်သလောက် ပြောလို့ရတယ်လို့ ထင်နေတယ်၊ ဒါပေမယ့် ဒီမိုကရေစီအခွင့်အရေးဆိုတာ တခြားသူတွေရဲ့ အခွင့်အရေးတွေကိုလည်း လေးစားရမယ်၊ ကိုယ်တစ်ယောက်တည်း ဖိပြီးပြောလို့ မရပါဘူး၊ တခြားသူတွေလည်းပြောဖို့ အချိန်ရှိရမယ်ဆိုတာကိုတော့ သတိပြုစေချင်ပါတယ်၊ ပြောစရာတွေကို ပြင်ပြီးယူလာခဲ့တာ ကောင်းပါတယ်၊ ဒါပေမယ့် ကိုယ့်စိတ်ထဲရောက်တာကိုလည်း ပွင့်ပွင့်လင်းလင်း အလွတ်သဘောမျိုးလည်း ပြောလို့ရပါတယ်၊ တစ်ခါတလေ အဲ့ဒါက ပိုပြီးတော့ စိတ်ဝင်စားစရာ ကောင်းပါတယ်" ဟု နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ထိန်းသိမ်းစောင့်ရှောက်**

ထို့နောက် ငြိမ်းချမ်းရေးစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြသည့် ကယားပြည်နယ်မှ ဒေသခံ လူငယ်ရှစ်ဦးက တရားမျှတမှုနှင့် ငြိမ်းချမ်းရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ တန်းတူညီမျှမှု၊ လူ့အခွင့်အရေး၊ ဖက်ဒရယ်ကိုအခြေခံသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်ရေး၊ လက်နက်ကိုင်ပဋိပက္ခ၊ စစ်ကြောင့်တွေ့ကြုံခဲ့ရသည့် ဒုက္ခများ၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊ လယ်ယာမြေကိစ္စ၊ NCA စာချုပ်၊ အမျိုးသမီး၏ အခန်းကဏ္ဍနှင့် ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆောင်ရွက်ရေးနှင့် ရိုးရာယဉ်ကျေးမှု စာပေများ ထိန်းသိမ်းစောင့်ရှောက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

**ဦးသျှားရယ် (နိုင်ငံ့ဝန်ထမ်း)** က "အရင်က ငြိမ်းချမ်းမှု မရှိသေးဘူး၊ ဒီပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုတာလည်း လုံလောက်စွာ မရသေးတဲ့အချိန်မှာ ကျွန်တော့်မိသားစုတွေဖြစ်တဲ့ ကျွန်တော့်အဘိုး၊ ဦးလေးတွေ၊ အစ်ကိုဝမ်းကွဲတွေဆိုရင် အဲဒီမှာပဲ အသက်ဆုံးရှုံးသွားခဲ့ရပါတယ်၊ တိုက်ပွဲတွေကြားမှာ ရှောင်ရင်းတိမ်းရင်း ပြေးရင်းလွှားရင်းနဲ့ တောခိုရင်းနဲ့ အသက်ပါသွားကြပါတယ်၊ ဒါတင်မကသေးပါဘူး၊ အခုမြင်တွေ့နေရတဲ့ တခြားတိုင်းရင်းသားတွေရော ခံစားကြလိမ့်မယ်လို့ ထင်ပါတယ်၊ ဒီအဖြစ်အပျက်ဟာ ကျွန်တော့်ရင်ထဲမှာ ကြောက်လန့်ထင်ကျန်နေဆဲပါပဲ၊ ဒါဟာ အရင်က အဖြစ်အပျက်တွေပါ။

**အတားအဆီးတစ်ခုဖြစ်နေ**

"အခုမျက်မှောက် လက်ရှိအခြေအနေမှာဆိုရင် ငြိမ်းချမ်းရေးမရှိတာကြောင့် ကန့်သတ်နယ်မြေတချို့ ရှိနေဆဲပါ၊ တချို့ ကန့်သတ်နယ်မြေဆိုရင် ငြိမ်းချမ်းရေးမရရှိတာကြောင့် ဒီပြည်နယ်အတွင်းမှာ ပညာရေးဖြစ်ဖြစ်၊ ကျန်းမာရေးဖြစ်ဖြစ်၊ စီးပွားရေးဖြစ်ဖြစ် ဖွံ့ဖြိုးမှုနှောင့်နှေးနေတာကို ကျွန်တော်တို့အသိပဲ ဖြစ်ပါတယ်၊ နိုင်ငံတော်အစိုးရဘက်မှာလည်း ဖွံ့ဖြိုးမှုကို ဆောင်ရွက်တဲ့နေရာမှာ ငြိမ်းချမ်းရေးမရှိတာကြောင့် လွှမ်းခြုံမှု မရှိပါဘူး၊ လွှမ်းခြုံမှုမရှိတာကြောင့်အဟန့်အတား၊ အတားအဆီး တစ်ခုကြီးတစ်ခုဖြစ်နေတယ်ဆိုတာကို သိရပါတယ်။

"တကယ်လို့များ ငြိမ်းချမ်းရေးသာရှိခဲ့မယ်ဆိုရင် ကျွန်တော်တို့ ပြည်နယ်ကြီးဟာ ဒီထက်အများကြီး မြို့ပြတွေမှာသာမက ကျေးလက်တွေမှာလည်း အများကြီး ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်၊ ကျွန်တော့်ရင်ထဲမှာ မေးခွန်းတစ်ခု ထွက်လာပါတယ်။

**တရားမျှတမှုလုပ်ဆောင်**

"ငြိမ်းချမ်းရေး အသီးအပွင့် မခံစားရသေးတဲ့ ကျွန်တော်တို့ ဒေသတွေအတွက် ဘယ်လိုစဉ်းစား အဖြေရှာကြမလဲပေါ့၊ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ ဆောင်ရွက်တဲ့နေရာမှာလည်း ပြည်သူလူထုတွေ ပိုမိုသိသာထင်ရှားလာအောင် ဘယ်လိုချပြရမလဲဆိုတဲ့ မေးခွန်းထွက်လာပါတယ်၊ နောက်ဆုံးတင်ပြလိုတာက ပြည်သူလူထုတွေ တောင်းဆိုတဲ့ ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုရင် တရားမျှတမှုကို လုပ်ဆောင်ပါဆိုတဲ့ စကားဖြစ်ပါတယ်။

"ငြိမ်းချမ်းရေးမရှိသရွေ့ကတော့ ဒီအမှန်တရားဆိုတာ ဖြစ်လာမှာ မဟုတ်ပါဘူး၊ တရားမျှတမှုဆိုတာလည်း ရှိလာမှာ မဟုတ်ပါဘူး၊ ဘာလို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံမှာ ငြိမ်းချမ်းရေးသာ မရှိဘူးဆိုရင် တည်ငြိမ်အေးချမ်းမှု မရနိုင်



**ဦးသျှားရယ်**
**(နိုင်ငံ့ဝန်ထမ်း)**

ဘူး၊ တည်ငြိမ်အေးချမ်းမှု မရှိတော့ တရားမျှတမှုဆိုတာ ပျောက်ကွယ်နေဦးမှာပဲ ဖြစ်ပါတယ်ဆိုတာ ကျွန်တော်တို့ တိုင်းရင်းသား ညီအစ်ကိုတွေကို သိစေချင်တယ်။

**တရားမျှတမှုကို မျှော်လင့်**

"ငြိမ်းချမ်းရေးကို လိုချင်တယ်ဆိုရင် တရားမျှတမှုကို အရင်ဆုံး ရအောင်လုပ်ရမယ်၊ ကျွန်တော်တို့ဘက်မှာလည်း ကြိုးစားရမှာရှိသလို၊ ပြည်သူလူထုတွေအထဲမှာ တရားမျှတမှုကို မျှော်လင့်နေတဲ့ ပြည်သူလူထုတွေအနေနဲ့လည်း ငြိမ်းချမ်းရေးကို လိုလားတောင့်တတဲ့ စိတ်ရှိဖို့ လိုပါတယ်၊ အထူးသဖြင့် ကျွန်တော်တို့ လူငယ်တွေ ဖြစ်ပါတယ်၊ ကျွန်တော်တို့ လူငယ်တွေလည်း ပါဝင်ဆွေးနွေးစေချင်ပါတယ်။

**ဝိုင်းဝန်းကြိုးပမ်း**

"အဓိကပြောချင်တာက ငြိမ်းချမ်းရေးကို ဖော်ဆောင်တဲ့နေရာမှာ ဦးစီးဦးဆောင်နေတဲ့ အမေစုတို့လို ခေါင်းဆောင်ကြီးမှာလည်း တာဝန်ရှိသလိုပဲ ကျွန်တော်တို့ လူငယ်တွေကိုယ်တိုင်ရော၊ တခြားတိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ အားလုံးရော တာဝန်ရှိတဲ့အတွက် အားလုံးအတူတူ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လိုပါတယ်လို့ ကျွန်တော် တင်ပြချင်ပါတယ်"ဟု ဆွေးနွေးသည်။

**အပေါင်းလက္ခဏာဆောင်**

**ဒေါ်အဲလစ်ထွန်း (Level Up Academy ကိုယ်ပိုင်သင်တန်းကျောင်း - ကျောင်းအုပ်)** က "ကျွန်မဆွေးနွေးချင်တဲ့ အကြောင်းအရာကတော့ ငြိမ်းချမ်း



**ဒေါ်အဲလစ်ထွန်း (Level Up Academy ကိုယ်ပိုင်သင်တန်းကျောင်း-ကျောင်းအုပ်)**

ရေးနဲ့ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အကြောင်း ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးလို့ ပြောတဲ့နေရာမှာ နှစ်မျိုးရှိတယ်လို့ မှတ်သားဖူးပါတယ်၊ ပထမတစ်ခုကတော့ အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်၊ ဒုတိယတစ်ခုက အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေး ဖြစ်ပါတယ်။

"အနုတ်လက္ခဏာ ဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာ ဘယ်လိုဆိုလိုတာလဲဆိုတော့ အကြမ်းဖက်မှုတွေ၊ စစ်မက်တွေမရှိတဲ့ အခြေအနေဖြစ်တဲ့ ငြိမ်းချမ်းရေးလို့ ပြောပါတယ်၊ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးကျတော့ ကျွန်မတို့ရဲ့ အခြေခံလိုအပ်ချက်တွေ၊ လူတွေရဲ့ စိတ်ကျေနပ်မှုတွေ ရှိနေပြီးတော့ အေးချမ်းသာယာတဲ့ ငြိမ်းချမ်းရေးလို့ မှတ်သားသိရှိရပါတယ်။

"အနုတ်လက္ခဏာ ဆောင်တဲ့ ငြိမ်းချမ်းရေးမရှိတဲ့အတွက်ကြောင့် ဘယ်လိုတွေ ခံစားခဲ့ရလဲ၊ ရှိလာတဲ့အတွက်ကြောင့် ဘယ်လိုကောင်းကျိုးတွေ ရှိလာမလဲဆိုတာကို အများအားဖြင့် သိကြပါတယ်။

**ဖွံ့ဖြိုးရေးတွေ များစွာဖြစ်လာ**

"ကျွန်မတို့ ပြည်နယ်မှာလည်း အနုတ်လက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးလို့ပြောတဲ့ အကြမ်းဖက်မှုတွေ၊ စစ်မက်တွေ လျော့ကျလာတဲ့အတွက် ဖွံ့ဖြိုးရေးတွေ များစွာဖြစ်လာပါတယ်၊ လူမှုကူညီမှုအဖွဲ့တွေဖြစ်တဲ့ NGO, INGO တွေ ဝင်လာပါတယ်၊ ကူညီလုပ်ဆောင်ပေးမှုတွေ အများကြီးရှိလာပါတယ်၊ ပြီးတော့



**ဦးမာရီးယို**
**(တောင်သူ)**

ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာပါတယ်၊ ဒါကတော့ ဒေသအတွက် ဖွံ့ဖြိုးတိုးတက်ရေးတွေ ဖြစ်လာပါတယ်။

**လက်ရှိအခြေအနေကို မကျေနပ်**

"တစ်ဖက်မှာ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက်ကျတော့ အပေါင်းလက္ခဏာဆောင်တဲ့ ငြိမ်းချမ်းရေးကို ပိုပြီးတော့ ဦးတည်တယ်လို့ ကျွန်မမြင်ပါတယ်၊ ဘက်စုံဖွံ့ဖြိုးရေးလို့ ပြောတဲ့နေရာမှာ အလွန်ကျယ်ပြန့်ပါတယ်၊ လူမှုဖွံ့ဖြိုးရေးကို အဓိကပြောချင်ပါတယ်၊ ကျွန်မတို့ရဲ့ အခြေခံလိုအပ်ချက်တွေဖြစ်တဲ့ ပညာရေး၊ ကျန်းမာရေး၊ စားဝတ်နေရေးတွေ ပါမယ်၊ တရားမျှတမှု၊ လူ့အခွင့်အရေးတွေ၊တန်းတူညီမျှမှုတွေ ရနေတယ်ဆိုရင် ပိုပြီးတော့ ငြိမ်းချမ်းနေမှာ ဖြစ်ပါတယ်၊ ကျွန်မတို့က ငြိမ်းချမ်းရေးရပြီ၊ တိုးတက်လာပြီ ပြောပေမယ့် ဒေသခံတွေကနေ လက်ရှိအခြေအနေကို မကျေနပ်ဘူးပေါ့နော်။

"ကျွန်မတို့ရဲ့ သဘာဝပတ်ဝန်းကျင်တွေ ပျက်စီးကုန်မယ်၊ တန်းတူအခွင့်အရေးတွေ မရဘူး၊ အကျိုးအမြတ်တွေ ခံစားလို့မရဘူးဆိုရင် ကျွန်မတို့ မငြိမ်းချမ်းနိုင်ပါဘူး၊ အဲဒါကြောင့် ကျွန်မတို့ ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားတဲ့အခါမှာ ဒေသခံတွေရဲ့ ကျေနပ်မှုတွေ၊ ပူးပေါင်းပါဝင်မှုတွေ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတွေကိုလည်း စဉ်းစားရမှာ ဖြစ်ပါတယ်၊ ရေရှည်မှာလည်း အားလုံး ပျော်ရွှင်စွာ နေထိုင်သွားရမှာဖြစ်တဲ့အတွက် အမျိုးသားရင်ကြားစေ့ရေးကလည်း အရေးကြီးတယ်လို့ မြင်ပါတယ်။



**ဒေါ်နှင်းနုဝေ**
**(စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ)**

**သုံးသပ်မိ**

"အချုပ်အနေနဲ့ ကျွန်မတို့ အနာဂတ်မှာ မငြိမ်းချမ်းရတဲ့အကြောင်းအရင်းတွေ အခုအချိန်မှာ မဖန်တီးမိစေဖို့ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးရေးတွေကို အလေးပေး စဉ်းစားဖို့ လိုပါတယ်လို့ မြင်ပါတယ်၊ ဘယ်လိုဖွံ့ဖြိုးရေးမျိုးကိုပဲ လုပ်လုပ်၊ ဖက်ဒရယ်ကို အခြေခံတဲ့ ဖွံ့ဖြိုးရေးတွေကို လုပ်မယ်ဆိုရင် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးတွေရမယ်လို့ ကျွန်မအနေနဲ့ သုံးသပ်မိပါတယ်"ဟု ဆွေးနွေးသည်။

**ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားတို့ရဲ့ အခန်းကဏ္ဍ**

**ဦးမာရီးယို (တောင်သူ)**က "ကျွန်တော်က လယ်သမားတစ်ဦးပါ၊ ပညာအရည်အချင်းလည်း မရှိပါဘူး၊ စာပေလေ့လာရေးမှာလည်း သိပ်အတွေ့အကြုံမရှိပါဘူး၊ ကျွန်တော့်ရင်ထဲက အတိုင်း ခံစားနေရတဲ့ဟာတွေကိုပဲ ပြောပြမှာပါ၊ ကျွန်တော် အခုဆွေးနွေးလိုတဲ့ အခန်းကဏ္ဍကတော့ ငြိမ်းချမ်းရေးနဲ့ တိုင်းရင်းသားတို့ရဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။

**အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရ**

"တကယ်တော့ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ တိုင်းရင်းသားတွေရဲ့ အခန်းကဏ္ဍမှာ အလွန်အရေးပါပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ နှစ် ၆၀ လောက်ဖြစ်ပွားခဲ့တဲ့ ပြည်တွင်းစစ် မီးတောက်လောင်မှုကြောင့် ကျွန်တော်တို့ တိုင်းရင်းသားတွေ အခုထိ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရပါတယ်၊ တောင်သူမဲ့၊ လယ်ယာမဲ့ဖြစ်ခဲ့ရပါတယ်၊ ဒါကြောင့် ကျွန်တော်ငယ်ငယ်ကတည်းက အဲ့ဒီစစ်ဖြစ်ပွားမှုအတွင်းမှာပဲ ကြုံလာခဲ့ရတယ်၊ ကြောက်လည်း ကြောက်ခဲ့ရတယ်၊ ညဆိုလည်း အိမ်အောက်မှာ အိပ်ရတယ်၊ အိမ်ပေါ်မှာ မအိပ်ရဘူး၊ ကျောင်းတက်ပြီဆိုလည်း စာလည်းမကျက်ခဲ့ရဘူး၊ ကျောင်းရောက်ပြန်တော့လည်း ဆရာမက တုတ်နဲ့ခြိမ်းခြောက်ပြန်ရော၊ အဲဒီအတွေ့အကြုံလေးတွေ ခံစားခဲ့ရတယ်၊ ကျွန်တော် အခုအချိန်ထိ အမေစုနား၊ အမေစုရှေ့မှာ ရောက်နေလည်း ကြောက်စိတ်တွေနဲ့ပဲ အသက်ရှင်နေရတာပါ။

*စာမျက်နှာ ၅ သို့*




ကယားပြည်နယ် ဒေသခံလူငယ်များ ငြိမ်းချမ်းရေးစကားဝိုင်းသို့ လာရောက်နားထောင်ကြသည့် ဒေသခံပြည်သူများ။ သတင်းစဉ်



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ဝင်များ ကယန်း(ပဒေါင်)တိုင်းရင်းသားများက ရိုးရာတေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။** သတင်းစဉ်

*စာမျက်နှာ ၃ မှ*

"အခုဒီမှာ ပြည်နယ်က လူကြီးတွေနဲ့ တွေ့တဲ့အခါမှာ ကယားပြည်နယ်အတွက်ရော၊ ကယားပြည်နယ်ကနေတစ်ဆင့် တစ်နိုင်ငံလုံးအတွက်၊ ကျွန်မတို့ပြည်ထောင်စုတစ်ခုလုံးအတွက် ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး နှစ်ခု ဒွန်တွဲပြီးတော့ အောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ဖို့ ပြည်သူ ပြည်သားတွေ ဝိုင်းပြီးလုပ်ကြမယ်ဆိုတဲ့ အကြံဉာဏ်ကောင်းတွေ ကျွန်မတို့ လိုချင်ပါတယ်၊ အဓိကအားဖြင့်တော့ ကယားပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့ အထူးအခက်အခဲတွေရှိရင်လည်း သိချင်ပါတယ်။

**နေ့ချင်းညချင်း ပြုပြင်ဖို့**

"အထူးအခက်အခဲလို့ ပြောရတဲ့အကြောင်းကတော့ တစ်နိုင်ငံလုံးကတော့ အခက်အခဲတွေရှိတာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ပထမဦးဆုံး အစ ကျွန်မတို့နိုင်ငံရဲ့အခက်အခဲက ပညာရေးပဲ၊ ကျွန်မတို့ ပညာရေးဘက်မှာ အင်မတန်မှ အားနည်းသွားတယ်၊ ဆယ်စုနှစ်နဲ့ ချီသွားပါတယ်၊ ပြောရမယ်ဆိုလို့ရှိရင် နှစ် ၅၀ လောက်ရှိပါပြီ၊ ရာစုနှစ် တစ်ဝက်လောက်ပေါ့၊ အဲ့လောက်တောင်မှ ပညာရေးဘက်မှာ အားနည်းသွားတဲ့အခါကျတော့ နေ့ချင်းညချင်း ပြုပြင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး။

"ပညာရေးဟာ အချိန်ယူရပါတယ်၊ အခု ကျွန်မတို့ဖြစ်နေတဲ့ အခြေအနေက သင်ပြပေးရတဲ့ ဆရာ ဆရာမတွေတောင်မှ ကမ္ဘာ့အဆင့်အတန်းကို မမီတော့တဲ့အခါမျိုးကြတော့ ပြန်ပြီးတော့ ဒီကလေးတွေကို ကမ္ဘာ့အဆင့်အတန်းမီအောင် ဆွဲတင်ဖို့ဆိုတာ လွယ်တဲ့ကိစ္စမဟုတ်ပါဘူး၊ အဲ့ဒါကို ကျွန်မတို့ အမြန်ဆုံးဖြစ်အောင် နည်းအမျိုးမျိုးနဲ့ ကြိုးစားနေပါတယ်။

**ရင်းနှီးမြှုပ်နှံမယ့်သူတွေကိုရှာ**

"ဒါပေမယ့် နေ့ချင်းညချင်းဖြစ်ဖို့က မလွယ်ပါဘူး၊ ကျန်းမာရေးမှာလည်း ခက်ခဲတာတွေရှိပါတယ်၊ ငယ်ငယ်တုန်းက အာဟာရတွေမပြည့်ဝလို့ ကြုံလှီသွားတဲ့ ကလေးတွေကို အခုမှ အရပ်ရှည်အောင်လုပ်ပေးလို့ မရတော့ဘူး၊ ဆယ်ကျော်သက်အတွင်းမှာ ရောက်နေပြီးတော့ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်မှုနည်းနေတဲ့ ကလေးတွေကို ပြန်ပြီးတော့ လုပ်ဖို့ဟာ မလွယ်ပါဘူး။

"ဒါပေမယ့် ငယ်သေးတဲ့ကလေးတွေကို ၄၊ ၅၊ ၆ နှစ်၊ ၇ နှစ်ပေါ့၊ ဆယ်ကျော်သက် အရွယ်အထိတောင်မှ ကျွန်မတို့ဟာ အာဟာရပြည့်ပြည့်ဝဝ ထည့်သွင်းခြင်းအားဖြင့်၊ လေ့ကျင့်ခန်းလုပ်ခြင်းအားဖြင့် ကြီးထွားအောင် လုပ်လို့ရပါတယ်၊ ကျွန်မတို့နိုင်ငံမှာ နှလုံးရောဂါ၊ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ သိပ်များပါတယ်၊ နောက် စီးပွားရေး၊ စီးပွားရေးကျတော့ အခြေခံအဆောက်အအုံတွေ အားနည်းတဲ့အခါကျတော့ စီးပွားရေးက နေ့ချင်းညချင်းဖြစ်လို့မရဘူး၊ စီးပွားရေးဟာ ပြောတော့သာ လွယ်တယ်၊ လမ်းပန်းဆက်သွယ်ရေး မကောင်းဘူး၊ လျှပ်စစ်ဓာတ်အား မရဘူးဆိုရင် စီးပွားရေးလုပ်ငန်းတွေ အောင်မြင်ဖို့၊ စီးပွားရေးလုပ်ငန်းတွေထဲမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေကိုရှာဖို့ဟာ သိပ်မလွယ်ဘူး။

"လမ်းကောင်းတယ်၊ စွမ်းအင်လည်း လုံလုံလောက်လောက် ရမယ်ဆိုလို့ရှိရင် နောက်ကနေ စီးပွားရေးက လိုက်လာမယ်၊ စီးပွားရေးနဲ့ ပတ်သက်လို့လည်း ပညာလိုပါတယ်၊ ကျွမ်းကျင်တဲ့လူငယ်တွေ လိုပါတယ်၊ နည်းပညာလိုပါတယ်၊ လုပ်ရမှာတော့ အဘက်ဘက်ကပါ၊ တစ်တိုင်းပြည်လုံးမှာ ဒီလိုပြဿနာတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

**အများကြီး အထောက်အကူပြု**

"သို့သော်လည်း ကယားပြည်နယ်သက်သက် ထူးထူးခြားခြားရင်ဆိုင်နေရတဲ့ ပြဿနာတွေလည်း ရှိနိုင်ပါတယ်၊ အဲ့ဒီအတွက်ဆို ကျွန်မတို့ကို တင်ပြစေချင်ပါတယ်၊ ကယားပြည်နယ်အစိုးရမှာ ပို့ပြီးတော့ အားသာအောင်လို့လုပ်နိုင်တဲ့ ကဏ္ဍတွေရှိလို့ရှိရင် ထောက်ပြပါ၊ ကျွန်မတို့ အပြုသဘောဆောင်ပြီးတော့ ပြည်သူတွေရဲ့ကောင်းကျိုးအတွက် ထောက်ပြတယ်ဆိုတာကို လက်ခံမှာဖြစ်ပါတယ်၊ စေတနာနဲ့ အပြုသဘောဆောင်တဲ့ ရည်ရွယ်ချက်နဲ့ ထောက်ပြမယ်ဆိုရင်၊ အကြံအဉာဏ်ပေးမယ်ဆိုရင် အစိုးရအတွက် အများကြီး အထောက်အကူပြုပါတယ်။

"ရေရှည်မှာတော့ အကောင်းအတွက် ပံ့ပိုးပေးတယ်လို့ပဲ ယူဆပါတယ်၊ အခု တက်ရောက်လာတဲ့ ဧည့်သည်တော်ကြီးများဟာ ပြည်သူလူထုနဲ့ ဒီပြည်နယ်ကို တိုးတက်အောင် ဘယ်လိုလုပ်နိုင်မလဲ၊ ဘယ်လိုနည်းနဲ့ ပြည်ထောင်စုကြီးကို တိုးတက်အောင်လုပ်နိုင်မလဲ၊ ဘယ်လိုနည်းနဲ့ ငြိမ်းချမ်းရေးကို အမြန်ဆုံးရအောင် လုပ်နိုင်မလဲဆိုတာ၊ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးရအောင် လုပ်နိုင်မလဲဆိုတာ အကြံကောင်း ဉာဏ်ကောင်းပေးရင် နားထောင်ဖို့ အဆင်သင့်ပါပဲ"ဟု ပြောကြားသည်။

**ဆန္ဒသဘောထားများကို တင်ပြ**

ယင်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ဒေသခံကိုယ်စားလှယ်များက ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ လက်ရှိအခြေအနေ၊ တွေ့ကြုံနေရသည့် အခက်အခဲများ၊ ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်မှုအခြေအနေများနှင့် ၎င်းတို့၏ ဆန္ဒသဘောထားများကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---



**ဦးစိုးရာဇာဝင်း (စာရေးဆရာ)**



**ဒေါ်မို့မို့ထင်ဇော်မွန် (ပုဂ္ဂလိကလုပ်ငန်းမှ ဝန်ထမ်း)**



**ဦးဖရားရယ်ရီးလို (ပြည်နယ်လွှတ်တော်ဝန်ထမ်း)**



**ဒေါ်အော်လေးဗီယာ (ကယောစာပေနှင့် ယဉ်ကျေးမှုတာဝန်ခံ)**

*စာမျက်နှာ ၄ မှ*

**ရောင်းချပေး**

"ကျွန်တော်နဲ့တကွ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားအားလုံးပါပဲ၊ အခုအချိန်အထိ ကျွန်တော်တို့ ရင်ထဲမှာ အမြစ်တွယ်နေတာဟာ ကြောက်စိတ်တစ်ခုပါပဲ၊ ဒါကို နားလည်ပေးပါလို့ ကြိုပြီး မေတ္တာရပ်ခံချင်ပါတယ်၊ ကျွန်တော်တို့ တိုင်းရင်းသားတွေဟာ အင်မတန် ရိုးသားပါတယ်၊ ဘယ်လောက် ရိုးသားသလဲဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားတွေ ကိုယ်တိုင်လုပ်တဲ့ ထမင်း၊ ဟင်းတွေကိုတောင်မှ ကျွန်တော်တို့မကောင်းတဲ့ဟာပဲစားပြီး လူကြီးတွေ၊ အစိုးရတွေကို ကျွန်တော်တို့ ထမင်းကောင်းကောင်းလေးနဲ့ ရောင်းချပေးနေပါတယ်။

"ဒါကြောင့် ကျွန်တော်တို့ ထမင်း၊ ဟင်းကောင်းတဲ့ဟာကို ဝယ်စားတာနဲ့ အတူတူ မကောင်းတဲ့ ထမင်း၊ ဟင်းကိုလည်း ဝယ်စားပေးပါလို့ မေတ္တာရပ်ခံချင်ပါတယ်၊ ပြည်တွင်းစစ်ကြောင့်လည်း ကျွန်တော်တို့ လူငယ်တွေ၊ ဒေသခံတိုင်းရင်းသားတွေ၊ တောင်ပေါ်ဒေသသားတွေ ကြောက်စိတ်နဲ့ ကျွန်တော့်လိုမျိုးပဲ အများကြီး ကြုံနေရပါတယ်၊ ဒါတွေကို ကျွန်တော်တို့ တိုင်းရင်းသားလူငယ်တွေနဲ့တကွ တိုင်းရင်းသားရဲ့ အခန်းကဏ္ဍနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ကို ဆွဲဆောင်၊ ဆွဲခေါ်ပေးဖို့၊ ပြီးတော့ ကျွန်တော်တို့ရဲ့ ပြည်တွင်းစစ်အနေနဲ့ ဒီပြောင်းလဲချိန်တန်ပြီဆိုတာကို ဒီအဖွဲ့အစည်းတွေ၊ ဒီလက်နက်ကိုင်တပ်ဖွဲ့တွေလည်း ကျွန်တော်တို့ရဲ့ပြောင်းလဲချိန် မတန်သေးဘူးလားလို့ ဆိုတာကို ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေ ကိုယ်စားမေးချင်ပါတယ်"ဟု ဆွေးနွေးသည်။

**ပွင့်လင်းမြင်သာမှုရှိမှသာ**

**ဒေါ်နှင်းနုဝေ (စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ)**က" ကျွန်မ ဆွေးနွေးမယ့် အကြောင်းအရာကတော့ ပြည်နယ်အတွင်း ငြိမ်းချမ်းရေးဖြစ်စဉ် ဖြစ်ပါတယ်။ ပထမဆုံး အနေနဲ့ ငြိမ်းချမ်းရေးဆိုတာ နိုင်ငံအတွင်းမှာ ဖြစ်စေ၊ ပြည်နယ်အတွင်းမှာ ဖြစ်စေ ၊ မတူကွဲပြားတဲ့ အသင်းအဖွဲ့တွေ၊ လူငယ်တွေ အချင်းချင်း အပြန်အလှန် ယုံကြည်လေးစားမှု၊ ပွင့်လင်းမြင်သာမှုရှိမှသာလျှင် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်မယ်လို့ ကျွန်မ ယုံကြည်ပါတယ်။

**အကျိုးစီးပွားတွေ ယှဉ်ပြိုင်နေ**

"ပြီးရင် ပြည်နယ်၊ တိုင်း ငြိမ်းချမ်းမှ တိုင်းပြည် အေးချမ်းမယ်ဆိုတဲ့အတွက်ကြောင့်လည်း စစ်ပွဲတွေ ရပ်ပေးနိုင်ရင်လည်း အကောင်းဆုံးပဲ ဖြစ်ပါတယ်။ ပြီးတော့ လူတိုင်း လူတိုင်းဟာ ငြိမ်းချမ်းရေးကို လိုချင်နေကြတယ်၊ ဒါပေမယ့်လည်း တစ်ဖက်မှာလည်း တစ်ကိုယ်ကောင်းဆန်မှုတွေ၊ အာဏာတပ်မက်မှုတွေ၊ အကျိုးစီးပွားတွေ ယှဉ်ပြိုင်နေတဲ့ အတွက်ကြောင့်လည်း ငြိမ်းချမ်းရေးဟာ လူတွေနဲ့ ဝေးကွာသွားခဲ့ရတယ်၊ ဒါကြောင့်မို့ ဒီလိုမျိုး နာကြည်းမှုတွေ၊ မုန်းတီးမှုတွေ ရှိနေသရွေ့တော့ ငြိမ်းချမ်းရေးကို ဘယ်တော့မှ ရရှိနိုင်မှာမဟုတ်ပါဘူး။

"ဒါကြောင့်မို့ ပြည်သူတွေအချင်းချင်း ချစ်ခြင်းမေတ္တာတွေ ပွားပြီးမှ တစ်ဦးအပေါ်တစ်ဦး ချစ်ခြင်းမေတ္တာတွေပွားပြီး အချစ်တွေမျှဝေပေးဖို့လည်း လိုအပ်ပါတယ်။ ပြီးတော့လည်း အခုအချိန်မှာဆိုရင် အမေစု ဦးဆောင်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်တဲ့ အသင်းအဖွဲ့တွေ၊ ပြီးရင် ငြိမ်းချမ်းရေးစကားဝိုင်းတွေ အများကြီးပြုလုပ်လာတဲ့အတွက်ကြောင့်လည်း ပြည်နယ်အတွက်သာမကဘူး၊ နိုင်ငံအတွက်လည်း ငြိမ်းချမ်းရေးကို ဦးတည်သွားနေပြီဆိုတာလည်း ပြည်သူတွေ အသိပဲ ဖြစ်မှာပါ။

**ယုံကြည်လေးစားမှုလည်းလို**

"ပြီးတော့လည်း အမှန်တကယ်ကို ငြိမ်းချမ်းရေး ဖော်ဆောင်မယ်ဆိုရင် ကျွန်မတို့ပြည်သူအချင်းချင်း စည်းလုံးညီညွတ်ဖို့လိုတယ်။ ပြီးတော့ ယုံကြည်လေး စားမှုလည်းလိုတယ်၊ ပြီးရင် အပြန်အလှန်ဆွေးနွေးရင်း ညှိနှိုင်းမှုနဲ့ အမှန်တကယ် အလုပ်လုပ်မှသာလျှင် ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

"အခုခေတ်အရ ကြည့်မယ်ဆိုရင် ကျွန်မတို့နိုင်ငံဟာ ဒီမိုကရေစီအသွင်ကူးပြောင်းနေပြီ ဖြစ်တဲ့အတွက်ကြောင့်လည်း NCA ဟာ ပြည်သူတစ်ရပ်လုံးအတွက် အတော်ကို အရေးပါလာခဲ့ပါတယ်။ အခုဆိုရင် NCA မှာဆိုရင် လက်မှတ်ရေးထိုးပြီးတဲ့အဖွဲ့ ၈ ဖွဲ့နဲ့ မရေးထိုးရသေးတဲ့အဖွဲ့ ၁၃ ဖွဲ့ဆိုပြီး ရှိပါတယ်။ ပြီးတော့ ကယားပြည်နယ်မှာဆိုရင်တော့ KNPP က လက်မှတ်မရေးထိုးရသေးတဲ့အဖွဲ့ဖြစ်ပါတယ်၊ ဒါပေမယ့်လည်း ဒီနိုင်ငံမှာရှိတဲ့ တပ်မတော်အနေနဲ့လည်း တပ်မတော်ဆိုတာ မိမိနိုင်ငံနဲ့ ပြည်သူတွေကို အစဉ်အမြဲ ကာကွယ်ပေးသွားမယ်လို့လည်း ကျွန်မယုံကြည်ပါတယ်။

**ပါဝင်ဆွေးနွေး**

"ဒါ့ပြင် NCA မှာ ပါဝင်တဲ့ သဘောတူညီချက်တွေကိုလည်း အများပြည်သူ သိရှိအောင် ကျယ်ကျယ်ပြန့်ပြန့် ချပြပေးဖို့လည်း လိုအပ်တယ်လို့ ထင်ပါတယ်၊ ကျွန်မ အခုလို ငြိမ်းချမ်းရေးစကားဝိုင်းမှာ ဆွေးနွေးခွင့်ရတဲ့အတွက်ကြောင့်လည်း အလွန်ကို ဝမ်းသာပါတယ်၊ ဒီထက်ပိုပြီးတော့လည်း တပ်မတော်သားလူငယ်တွေ၊ တိုင်းရင်းသား လက်နက်ကိုင်လူငယ်တွေ၊ တကယ့်ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်ဆောင် တဲ့လူငယ်တွေလည်း အများကြီးရှိပါသေးတယ်၊ အဲဒီလူငယ်တွေကိုလည်း ဒီ ငြိမ်းချမ်းရေးစကားဝိုင်းမှာ ပါဝင် ဆွေးနွေးစေချင်ပါတယ်၊ ဒါမှသာလျှင် ကျွန်မတို့အားလုံး လိုလားတဲ့ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းစဉ်ကို ကျွန်မတို့ လျှောက်လမ်းသွားမယ်လို့ ယုံကြည်ပါတယ်"ဟု ဆွေးနွေးသည်။

**အားလုံးလိုလားနေတဲ့ ဖက်ဒရယ် ပြည်ထောင်စုကြီး**

**ဦးစိုးရာဇာဝင်း (စာရေးဆရာ)**က" နိုင်ငံတော်သီချင်းမှာ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့ ပြည်ဆိုတာ ပါပါတယ်၊ မငြိမ်းချမ်းခြင်းရဲ့ ရင်းမြစ်ကို ရှာလိုက်ရင် မငြိမ်းချမ်းတာဟာ ခွင့်တူညီမျှတွေ မရှိခဲ့ကြဘူး၊ သာတူညီမျှတွေ မရှိခဲ့ကြဘူး၊ နိုင်ငံရေးမူဝါဒတွေ မဖြူစင်ခဲ့ကြဘူးလို့ အနက်ကောက်လို့ရပါတယ်၊ ငြိမ်းချမ်းလာတဲ့အခါမှာ ငြိမ်းချမ်းလာတာနဲ့ တစ်ပြိုင်နက် ခွင့်တူညီမျှမှုတွေရှိလာမယ်၊ ဝါဒဖြူစင်မှုတွေနဲ့အတူ အားလုံးလိုလားနေတဲ့ ဖက်ဒရယ် ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်မယ်လို့ အောက်မေ့ပါတယ်။

"လွန်ခဲ့တဲ့ရက်ပိုင်းက ကျွန်တော်တို့ပြည်နယ်မှာ ဖြစ်သွားခဲ့တဲ့ လက်နက်ကိုင်အဖွဲ့နဲ့ တပ်မတော်ရဲ့ ပဋိပက္ခ အဖြစ်အပျက်ဆိုရင် ပြည်သူလူထုကြားထဲမှာ တော်တော်လေးကို စိုးရိမ်ကြောက်လန့်မှုတွေ ဖြစ်သွားပါတယ်၊ ငြိမ်းချမ်းရေး ရောင်နီသန်းခါမှ ပြန်ပြီး မှိုင်းချုပ်သွားမလားတောင် စိုးရိမ်မှုတွေရှိလာတာလည်းရှိပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ ငြိမ်းချမ်းလာပြီဆိုတာနဲ့ တစ်ပြိုင်နက် ပထမဦးဆုံး ခံစားရမှာက အကြောက်တရားတွေ ကင်းစင်မယ်၊ နောက်တစ်ခါ တရားဥပဒေစိုးမိုးမှုပါပဲ၊ ငြိမ်းချမ်းခြင်းနဲ့ တရားဥပဒေစိုးမိုးမှု ကင်းမဲ့ခြင်းဟာ တိုက်ရိုက် အချိုးကျနေတယ်လို့ အောက်မေ့ပါတယ်။ *စာမျက်နှာ ၆ သို့*




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးသည့် ကယားပြည်နယ်ဒေသခံလူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

*စာမျက်နှာ ၅ မှ*

"ဒါကြောင့် ကျွန်တော်တို့ ပြည်နယ်မှာဆိုရင် ကိုယ်ငါးချဉ်မို့ ကိုယ်ချဉ်တာတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ ပြည်နယ်တော်တော်လှတာ အမေလည်း သိပါတယ်၊ ကျွန်တော်တို့ ဒီပြည်နယ်မှာ တစ်ဖက် ထိုင်းနိုင်ငံနဲ့ နယ်နိမိတ်ချင်း ထိစပ်နေတယ်၊ ထိစပ်တဲ့အခါမှာ မယ်စဲ့နဲ့ ထိုင်းနိုင်ငံကို နယ်စပ်ကုန်သွယ်ရေးစခန်းကို ဖွင့်ထားတယ်၊ သို့သော်လည်း တိုးတက်မှုနှုန်းမရှိပါဘူး။

**ငြိမ်းချမ်းမှုဖြစ်စဉ်တွေ မရှိခဲ့**

"တစ်ဖက်က ရင်းနှီးမြှုပ်နှံမှုတွေ မရောက်လာပါဘူး၊ နောက်တစ်ခါ သံလွင်မြစ် ကမ်းပေါ့၊ ရှားတောမြို့ကနေ တံတား တစ်ဖက်ထိုင်းနိုင်ငံနဲ့ အလွယ်တကူသွားလို့ရနိုင်တဲ့ တံတားမျိုး ဆောက်နိုင်တဲ့ အခွင့်အရေးတွေရှိပါတယ်၊ ငြိမ်းချမ်းမှု၊ လုံခြုံမှုမရှိတဲ့အတွက် ဒီလိုဖွံ့ဖြိုးမှုတွေ နှောင့်နှေးနေတယ်၊ ဆရာကြီးဦးအောင်သင်း ပြောဖူးတာရှိပါတယ်၊ စစ်ပွဲဖြစ်ရင် ပထမဦးဆုံး ပိတ်လိုက်ရတာ စာသင်ကျောင်း၊ နောက်ဆုံးမှ ပိတ်တာ ရဲစခန်း၊ စစ်ပွဲတွေပြီးသွားရင် ပထမဦးဆုံး ပြန်ဖွင့်တာ ရဲစခန်း၊ နောက်ဆုံးမှာဖွင့်တာ စာသင်ကျောင်းဆိုတော့ ပညာရေးနဲ့ပတ်သက်ပြီး နှောင့်နှေးခဲ့ရတာဟာ ငြိမ်းချမ်းမှုဖြစ်စဉ်တွေ မရှိခဲ့ကြလို့ဖြစ်ပါတယ်။

"တကယ်လို့ ပြည်နယ်တစ်ခုလုံး ငြိမ်းချမ်းသွားပြီဆိုရင် လွိုင်ကော်မြို့ တင်မက အနီးအနားမြို့ရွာတွေပါ မိမိနယ်ကနေ နေ့ချင်းပြန် လွိုင်ကော်မြို့ကို လာပြီးတော့ ကျောင်းတက်နိုင်တဲ့၊ ပညာသင်ယူနိုင်တဲ့ အခွင့်အလမ်းတွေရလာမယ်လို့ အောက်မေ့ပါတယ်။

"ငြိမ်းချမ်းမှုဖြစ်စဉ်နဲ့ ပတ်သက်ပြီး ပြည်ထောင်စုတစ်ခုလုံးခံစားရမယ့် အသီးအပွင့်တစ်ခုကတော့ အားလုံးလိုလားနေတဲ့ ဖက်ဒရယ်ပြည်ထောင်စုစနစ်ကြီးကို တည်ဆောက်နိုင်မယ်၊ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ဖို့ ဆိုတာကလည်း ငြိမ်းချမ်းမှုဖြစ်စဉ်မရဘဲနဲ့ ဘယ်လိုနည်းနဲ့မှ တည်ဆောက်ဖို့ မရနိုင်ဘူးဆိုတာလည်း ကျွန်တော် ပြည်သူတစ်ယောက်အနေနဲ့ ဒီလိုခံယူပါတယ်။

**အားလုံးမှာ တာဝန်ရှိ**

"ဒါကြောင့် ဒီနေ့ အမေစု ဦးဆောင်ပြီးတော့ အစိုးရအဖွဲ့၊ တပ်မတော်၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေဟာ ဒီနေ့ ငြိမ်းချမ်းမှုကို ဖော်ဆောင်ပေးနိုင်မယ်ဆိုရင် ဒီနေ့ အနာဂတ်ဟာ မျိုးဆက်သစ်တွေကို မကြုံစဖူး အကောင်းဆုံး လက်ဆောင်မွန်ကြီးကို ပေးလိုက်နိုင်မယ်၊ နှစ်ပေါင်း ၆၀ လောက် မျက်စိလည်လမ်းမှားနေတဲ့ ငြိမ်းချမ်းရေး ချိုးဖြူငှက်ကြီးဟာ ဒီနေ့ ဒီအချိန်မှာ ကျွန်တော်တို့ မြင်ချင်တဲ့ သံလွင်ခက်ကြီးကို ကိုက်ချီပြီးတော့ ကျွန်တော်တို့ဆီ သယ်ဆောင်လာဖို့ဆိုရင် ကျွန်တော်တို့ အားလုံးမှာ တာဝန်ရှိတယ်လို့ အောက်မေ့ပါတယ်" ဟု ဆွေးနွေးသည်။

**ဒေါ်မို့မို့ထင်ဇော်မွန် (ပုဂ္ဂလိကလုပ်ငန်းမှ ဝန်ထမ်း)**က "ကျွန်မ ဆွေးနွေးမယ့် အကြောင်းအရာကတော့ အမျိုးသမီးနှင့် ငြိမ်းချမ်းရေးကဏ္ဍ ဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးကဏ္ဍတွေမှာဆိုရင် ကျွန်မတို့အမျိုးသမီးတွေပါဝင်မှု အင်အားတွေ နည်းပါးနေပါတယ်၊ ကျွန်မတို့ ပြည်နယ်အနေနဲ့ ကြည့်မယ်ဆိုရင် ပြည်နယ် မငြိမ်းချမ်းလို့ရှိရင် ဒုက္ခအရောက်ဆုံးကတော့ အမျိုးသမီးတွေပဲ ဖြစ်ပါတယ်၊ စစ်တွေဖြစ်လာခဲ့လို့ရှိရင် စစ်ဘေးဒဏ်ကြောင့် ဒုက္ခိတတွေဖြစ်ကြတယ်။ အမျိုးသမီးတွေ လင်တကွဲ၊ သားတကွဲဖြစ်ကြတယ်၊ အမျိုးသမီးငယ်တွေ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ ခံရပါတယ်၊ အခု ကျွန်မတို့ ကယားပြည်နယ်မှာ ငြိမ်းချမ်းရေးကို အပြည့်အဝ မရရှိသေးပါဘူးရှင့်။ ကန့်သတ်နယ်မြေတွေ အခုထိရှိသေးပါတယ်။

**အလုပ်အကိုင်တွေ မပေးနိုင်**

"အရင်က ကျွန်မတို့ ပြည်နယ်မှာ ငြိမ်းချမ်းရေးအပြည့်အဝမရရှိတဲ့အတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေက တိုးတက်မှုတွေ နိမ့်ကျခဲ့တဲ့အခါကျတော့ ကျွန်မတို့ အမျိုးသမီးလူငယ်တွေအတွက် အလုပ်အကိုင်တွေ မပေးနိုင်ပါဘူးရှင့်။

**ငြိမ်းချမ်းရေး အဓိကလိုအပ်**

"နောက်တစ်ခါ ပညာရေးသင်တန်းတွေဖွင့်ထားပေးပေမယ့် လမ်းပန်းဆက်သွယ်ရေးမကောင်းလို့ အမျိုးသမီးငယ်တွေအတွက် လုံခြုံရေးမရှိတဲ့အခါကျတော့ ကျွန်မတို့ ခေတ်တုန်းက ဘွဲ့ရအလုပ်လက်မဲ့တွေများပါတယ်ရှင့်၊ တချို့ဆိုရင် ပညာကို ဆုံးခန်းတိုင်အောင် မသင်ရပါဘူးရှင့်၊ အဲဒီလိုမျိုးတွေ ရှိခဲ့ပါတယ်ရှင့်၊ ယခုအခါ ဝန်ကြီးချုပ် ဦးဆောင်ပြီးတော့ သင်တန်းတွေ ဖွင့်ထားပေးပါတယ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ထားပေးတယ်၊ ကျွန်မတို့ ပြည်နယ်တိုးတက်အောင် ငြိမ်းချမ်းရေး အဓိကလိုအပ်တယ်။

"ကျွန်မတို့ ပြည်နယ်တိုးတက်အောင်လုပ်ဖို့ ပြည်နယ်သားတိုင်းမှာ တာဝန်ရှိပါတယ်ရှင့်၊ အမျိုးသမီးတွေ ပါဝင်နိုင်ဖို့ အဓိက အခက်အခဲက အလုပ်အကိုင်အခွင့်အလမ်းတွေလို့ မြင်ပါတယ်ရှင့်၊ ကျွန်မတို့ မြို့ပေါ်မှာကြည့်မယ်ဆိုရင် လူငယ်တွေက အလုပ်လက်မဲ့တွေ များပါတယ်၊ ဆွေးနွေးပွဲအတွက် ပါဝင်နိုင်မှု အင်အားတွေလည်း နည်းပါတယ်ရှင့်။ အမျိုးသမီးတွေအတွက် ဘယ်လိုမျိုးလဲဆိုရင်နိုင်ငံရေးလုပ်တယ်၊ ခေါင်းဆောင်လုပ်မယ်၊ ငြိမ်းချမ်းရေးအတွက်ဆွေးနွေးမယ်ဆိုရင် ရှေးလူကြီးတွေက နိုင်ငံရေးတွေမလုပ်နဲ့ နိုင်ငံရေးက အမျိုးသမီးနဲ့ မသက်ဆိုင်ဘူး။

"ကယားပြည်နယ်က အမျိုးသမီးတွေ ပြောချင်တာက အမေစုလို ခေါင်းဆောင်ကောင်းတွေ ဖြစ်လာအောင်၊ ခေါင်းဆောင်နိုင်တဲ့ အမျိုးသမီးတွေဖြစ်လာအောင် လမ်းတွေ ဖွင့်ထားပေးဖို့ဝင်ရောက်ပါဝင် ဆွေးနွေးတာဖြစ်ပါတယ်" ဟု ဆွေးနွေးသည်။

**အမျိုးသားရေးကို ရှေ့တန်းတင်ထား**

**ဦးဖရားရယ်ရီးလို (ပြည်နယ်လွှတ်တော်ဝန်ထမ်း)** က "ကျွန်တော် ဆွေးနွေးချင်တဲ့အကြောင်းက အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေး အကြောင်းပါ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ပြောပြော၊ အမျိုးသားစည်းလုံးညီညွတ်ရေးပဲ ပြောပြော၊ အမျိုးသားပြန်လည် ရင်ကြားစေ့ရေး ပြောပြော၊ ဒါတွေက ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ အရေးကြီးတယ်ဆိုတဲ့အကြောင်းကို ဆွေးနွေးချင်ပါတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွေးကောက်ပွဲကြေညာစာတမ်းမှာ အမျိုးသားရေးကို ရှေ့တန်းတင်ထားတာလည်း သိထားတာရှိပါတယ်။

"နောက်တစ်ခုက တကယ့်လက်တွေ့မှာလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးက အရေးကြီးတယ်ဆိုတဲ့အကြောင်းကို နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအနေနဲ့ ဦးဆောင်ပြီး ဖွဲ့ထားတဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို ကြည့်ခြင်းအားဖြင့်လည်း သိနိုင်ပါတယ်။

**အတွေးအခေါ်လမ်းစဉ်**

"အမျိုးသား ပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဟာ ပြည်ထောင်စုအဆင့်မှာ အရေးကြီးသလို ပြည်နယ်တွေမှာလည်း အရေးကြီးပါတယ်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာလည်း အရေးကြီးတယ်၊ ပြည်ထောင်စုအဆင့်မှာ နိုင်ငံတော်ရဲ့ အတိုင်ပင်ခံပုဂ္ဂိုလ် သို့မဟုတ် တခြားပုဂ္ဂိုလ်တွေ ရှိသလိုမျိုး ကျွန်တော်တို့ ပြည်နယ်တွေ၊ ဒေသတွေမှာ ရှိသင့်ပါတယ်၊ ဥပမာ-ဒေသတွေကို တစ်စိတ်တစ်ပိုင်း ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေး ပတ်သက်တဲ့အခါမှာ ဒေသတွေ၊ အစိုးရတွေကို အာဏာရှိတဲ့ ပုဂ္ဂိုလ်တွေကို တစ်စိတ်တစ်ပိုင်း တာဝန်ပေးသလိုမျိုး ဘတ်ဂျက်တွေရေးဆွဲတဲ့အခါမှာ ငြိမ်းချမ်းရေးနဲ့ ပတ်သက်တဲ့ ဘတ်ဂျက်ထည့်သွင်းရေးဆွဲမလား၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ပတ်သက်တဲ့ ဘတ်ဂျက်ရေးဆွဲမလား၊ ဒါတွေက ကျွန်တော့်ရဲ့ ကိုယ်ပိုင်အတွေးအခေါ်တွေပါ၊ ဒီထက်ကောင်းတဲ့ အတွေးအခေါ်လမ်းစဉ်တွေ အများကြီးရှိမယ်လို့လည်း မျှော်လင့်ပါတယ်။

"ကျွန်တော်တို့ ဒေသမှာလည်း အမျိုးသားပြန်လည် သင့်မြတ်ရေးအတွက်လုပ်နေတဲ့ အဖွဲ့အစည်းတွေ လုပ်နေတဲ့ လူပုဂ္ဂိုလ်တွေရှိပါတယ်၊ ဥပမာ- ဒီဇင်ဘာလ ၁၆ ရက်နေ့က ပါတီတစ်ခုဖြစ်တဲ့ ကယန်းအမျိုးသားပါတီရဲ့ ထုတ်ပြန် ကြေညာချက်ထဲမှာ အမျိုးသားစည်းလုံးညီညွတ်ရေးဆိုတာမျိုးပါပြီး ထုတ်ပြန်ကြေညာထားပါတယ်။

"အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ပြည်နယ်အစိုးရတွေက အများကြီးမဟုတ်ရင်တောင်မှ အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးဟာ အရေးကြီး နေတယ်ဆိုတာကို နည်းနည်းထည့်စဉ်းစားပေးမယ်ဆိုရင် ကျွန်တော်တို့ လုပ်ဆောင်နေတဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ဆောင်နေတဲ့ ငြိမ်းချမ်းရေး ဒီထက်ပိုပြီးတော့မှ ခရီးပေါက်မယ်၊ ဒီထက်ပိုပြီးတော့ ခိုင်မာမယ်လို့ ယုံကြည်ပါတယ်။

**အားကောင်း ခိုင်မာလာမယ်**

"အမျိုးသားပြန်လည် သင့်မြတ်ရေးက ဘာလို့ အရေးကြီးတယ်လို့ပြောနေရတာလည်းဆိုရင် အမျိုးသားပြန်လည် သင့်မြတ်ရေးကို ပျက်ပြားစေတဲ့ အပြုအမူမျိုးတွေ၊ လုပ်ဆောင်ခြင်းမျိုးတွေ သမိုင်းနဲ့ ချီပြီးရှိခဲ့လို့ပါ၊ အခုလည်း ရှိနေပါတယ်၊ ဥပမာ ရှမ်းပြည်နယ်မှာ နိုင်ငံရေးဆွေးနွေးပွဲလုပ်တဲ့ ကိစ္စတွေပဲဖြစ်ဖြစ်၊ ပြည်နယ်မှာပဲဖြစ်ဖြစ် အခုလည်း အမျိုးသား ပြန်လည်သင့်မြတ်ရေးကို ပျက်ပြားစေတဲ့ အပြုအမူတွေလည်း တွေ့နေရပါတယ်၊ ဒါတွေက အမျိုးသားပြန်လည်သင့်မြတ်ရေးကို လျစ်လျူရှုဖို့ မသင့်ဘူး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဆွဲခေါ်ဖို့သင့်တဲ့ အကြောင်းပြချက်ဖြစ်ပါတယ်၊ တကယ်လို့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေ ရှိလာမှပဲ ရေရှည်တည်တံ့တဲ့ ဖွံ့ဖြိုးမှု တွေရှိလာမယ်၊ တိုင်းရင်းသားတွေ လိုလားတောင့်တနေကြတဲ့ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုတွေလည်း ပိုပြီးတော့မှ အားကောင်း ခိုင်မာလာမယ်လို့ ဆွေးနွေးချင်ပါတယ်။

"ငြိမ်းချမ်းရေးသွားတဲ့ လမ်းကြောင်းမှာ ဒါမှမဟုတ် ငြိမ်းချမ်းရေးလုပ်တဲ့အခါမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဟာ အရေးကြီးတယ်၊ လျစ်လျူရှုဖို့ မသင့်ဘူးလို့ ကျွန်တော် ဆွေးနွေးချင်ပါတယ်" ဟု ဆွေးနွေးသည်။

**ဒေါ်အော်လေးဗီယာ (ကယောစာပေနှင့် ယဉ်ကျေးမှုတာဝန်ခံ)**က "ကျွန်မတို့ပြည်သူတွေ လိုချင်တာက ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို အဓိကလိုချင်တာပေါ့၊ ကျွန်မအဓိက ပိုပြီးဆွေးနွေးချင်တာက စာပေနဲ့ ယဉ်ကျေးမှုမှာ တိုင်းရင်းသားအသီးသီးမှာ စာပေနဲ့ ယဉ်ကျေးမှုရှိပါတယ်၊ စာပေနဲ့ယဉ်ကျေးမှုလို့ ပြောလိုက်ရင် နားထောင်လို့ အလွန်ကောင်းတယ်။ ဒါပေမယ့် မလုပ်ချင်ကြဘူး။

**တိုင်းရင်းသားစာပေ**

"စာပေနဲ့ ယဉ်ကျေးမှုလုပ်ရင် တော်တော်လေးကို ကြိုးစားရတယ်၊ အစိုးရဝန်ထမ်းလိုမျိုးလည်း လစာမရဘူး၊ ကိုယ့်လူမျိုးကို ချစ်လို့သာပဲ စာပေ မပျောက်အောင်လို့ လုပ်ပေးနေရတာ ဖြစ်ပါတယ်၊ ဒီလိုမျိုးလုပ်နေတဲ့အချိန်မှာ နိုင်ငံတော်အနေနဲ့ တိုင်းရင်းသားစာပေ သင်ကြားခွင့်ဆိုပြီးတော့မှ ရှိလာပြီ၊ ကျွန်မတို့အားမရတာက စာပေသင်ကြားခွင့်ရှိလာပေမယ့် ကျွန်မတို့ကို သင်ကြားရေးအပိုင်းမှာ၊ စာပေကိုပြုစုတဲ့နေရာမှာ နည်းပညာရှင်ကို များများပံ့ပိုးပေးဖို့ လိုတယ်၊ ကျွန်မတို့ တိုင်းရင်းသားစာပေ သင်ကြားတဲ့အချိန်မှာလည်း လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေ၊ ကလေးတွေကို ကိုယ့်တိုင်းရင်းသားစာပေတွေကို ထိထိမိမိ ရနိုင်မယ့်အခွင့်အရေးမျိုးတွေ၊ သင်ကြားရေးအထောက်အကူပစ္စည်းမျိုးတွေ ပံ့ပိုးပေးဖို့လိုအပ်ပါတယ်။

"အခု လက်ရှိအခြေအနေဆိုရင် သင်ကြားခွင့်ရရင်ပြီးရော ဆိုတဲ့သဘောမျိုးဖြစ်နေတာ၊ ဒါက ကျွန်မရဲ့အမြင်ပေါ့၊ တချို့ကျောင်းတွေမှာဆိုရင် ကျောင်းပြင်ပအချိန်မှာဖြစ်တဲ့အတွက် ဆရာ၊ ဆရာမတွေက ပိုလို့တောင် တိုင်းရင်းသားစာပေကို အလေးမထားဘူး၊ တိုင်းရင်းသားစာသင်နေတဲ့အချိန်မှာ အခန်းတော့ပေးတယ်၊ ဆော့ပင်တွေ၊ လိုတာတွေ တော့မပေးဘူး၊ ကိုယ့်နည်းကိုယ်ဟန်နဲ့ဆို စာပေနဲ့ယဉ်ကျေးမှုတွေက ဘာဝင်ငွေမှ မရှိပါဘူး၊ ကျွန်မတို့ ကိုယ်ရဲ့လူမျိုးထဲမှာ ရှိတဲ့ တတ်နိုင်တဲ့ လူတွေကိုပဲ အလှူခံပြီး ဒီကလေးတွေအတွက်၊ လူမျိုးအတွက် ကြံဖန်ပြီးတော့ လုပ်နေရတာပေါ့နော်။

**ပံ့ပိုးပေးပါ**

"မြန်မာပြည်မှာရှိတဲ့ တိုင်းရင်းသားတွေရဲ့ကိုယ်စား တိုင်းရင်းသားစာပေကိုလည်း ထိထိမိမိ ပံ့ပိုးပေးပါ၊ နည်းပညာအပိုင်းမှာပဲဖြစ်ဖြစ်၊ သင်ထောက်ကူအပိုင်းမှာပဲဖြစ်ဖြစ်၊ ဆရာမတွေကို အရည်အချင်းပြည့်ပြည့်ဝဝဖြစ်စဖို့ ပံ့ပိုးပေးပါလို့ ကျွန်မအနေဖြင့်ဆွေးနွေးချင်ပါတယ်ရှင့်" ဟု ဆွေးနွေးသည်။

**ပြန်လည်ဆွေးနွေး**

ကယားပြည်နယ် ဒေသခံလူငယ်များ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဆွေးနွေးသည်။

**မေးခွန်းများကို ဖြေကြား**

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် online မှ မေးမြန်းလာသည့် မေးခွန်းများကို ဖြေကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ငြိမ်းချမ်းရေးစကားဝိုင်းသို့ တက်ရောက်ဆွေးနွေးကြသည့် ကယားပြည်နယ် ဒေသခံလူငယ်များနှင့်အတူ စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်သည်။

အဆိုပါ ငြိမ်းချမ်းရေးစကားဝိုင်းသို့ ပြည်ထောင်စုဝန်ကြီးများ၊ ကယား ပြည်နယ် ဝန်ကြီးချုပ်၊ ကယားပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆို၊ ရှားတောနှင့် ဘောလခဲမြို့နယ်တို့မှ ဒေသခံများ၊ NGOs ၊ INGOs များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကင်းထောက်လူငယ်၊ သူနာပြု၊ သားဖွားနှင့် အဆင့်မြင့်ပညာမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်နားထောင်ခဲ့ကြသည်။

**သတင်းစဉ်**

# ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တာဝန်သိစိတ်နဲ့ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်တွေကို မျှမျှတတနဲ့ မြင်ရမယ် ငြိမ်းချမ်းရေးရဖို့အတွက် အဖွဲ့အစည်းအသီးသီးဟာ ကိုယ့်ရဲ့တာဝန်ကို အလေးထားရမယ်

နေပြည်တော် ဒီဇင်ဘာ ၂၉

**ငြိမ်းချမ်းရေးစကားဝိုင်းတွင် ကယားပြည်နယ် ဒေသခံလူငယ်များ၏ ဆွေးနွေးချက်များနှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြန်လည်ဆွေးနွေးရာတွင် ဦးသျှားရယ်၏ ဆွေးနွေးမှုနှင့် စပ်လျဉ်း၍ "တရားမျှတမှု ဆိုတာဘာလဲ ဆိုတာကို တစ်ယောက်ချင်း တစ်ယောက်ချင်းက စဉ်းစားရမယ်၊ တရားမျှတမှုဆိုတာ ဟိုဘက်ဒီဘက် ကြည့်ရပါမယ်၊ ငြိမ်းချမ်းရေးရဖို့ ခက်ခဲနေတာကလည်း ဟိုဘက်ဒီဘက် အဘက်ဘက်ကိုကြည့်တဲ့ အမြင်က အားနည်းနေသေးတယ်လို့ပဲ မြင်တယ်၊ တစ်ဖက်နဲ့ တစ်ဖက် နားလည်မှုရှိတယ်ဆိုရင် တခြားသူရဲ့လိုအပ်ချက်တွေ၊ စိုးရိမ်ချက်တွေကိုပါ နားလည်တယ်ဆိုရင် ပိုပြီးတော့ အဖြေရှာဖို့ လွယ်တယ်။**

"လူငယ်တွေရဲ့အားသာချက်က ဘဝမှာ စာမျက်နှာတွေက များသေးတယ်၊ စာမျက်နှာအလွတ်တွေပေါ်မှာ ကိုယ်လိုချင်သလို ကိုယ့်ဘဝဇာတ်လမ်းကိုရေးဖို့က အခွင့်အလမ်းတွေရှိသေးတယ်၊ လူကြီးတွေက စာမျက်နှာလွတ်တွေ နည်းသွားပြီ၊ ကိုယ့်ဘဝအတွက် စာမျက်နှာသစ်တွေရေးဖို့ဆိုတာ အခွင့်အလမ်းတွေက နည်းလာတယ်၊ လူငယ်တွေက ကိုယ့်ရဲ့အားသာချက်တွေ စာမျက်နှာလွတ်တွေကို မှန်မှန်ကန်ကန်သုံးဖို့က အများကြီးလိုတယ်၊ ငြိမ်းချမ်းရေးရဖို့က ပြည်သူလူထုအားလုံးနဲ့ ဆိုင်တယ်၊ ငြိမ်းချမ်းရေး စားပွဲဝိုင်းမှာထိုင်ပြီး ဆွေးနွေးတဲ့ လူတွေနဲ့ပဲ ဆိုင်တာမဟုတ်ပါဘူး" ဟု ပြန်လည်ဆွေးနွေးပြောကြားသည်။

### ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေး

ဒေါ်အဲလစ်ထွန်း၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အနုတ်သဘောဆောင်တဲ့ ငြိမ်းချမ်းရေးနဲ့ အပေါင်းသဘောဆောင်တဲ့ ငြိမ်းချမ်းရေးဆိုတာ တကယ်တော့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ပြောနေတာပါ၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ခွဲလို့မရပါဘူး၊ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးရေး ရှိနိုင်မယ်၊ ဖွံ့ဖြိုးရေးရှိမှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မယ်၊ ဖွံ့ဖြိုးရေးမရှိလို့ ပဋိပက္ခဖြစ်ပြီး ငြိမ်းချမ်းရေး ပျက်စီးတာလည်း ရှိတယ်၊ ငြိမ်းချမ်းရေးမရှိနိုင်လို့ ဖွံ့ဖြိုးရေးကို ဘယ်လိုမှ အားမစိုက်နိုင်လို့ ဖွံ့ဖြိုးတိုးတက်မှု မရှိတာလည်း ရှိတယ်၊ ဒီဟာနှစ်ခုကို ခွဲပြီးတော့ မြင်ရမယ်၊ ခွဲပြီးဆောင်ရွက်လို့တော့ မရပါဘူး၊ ဒီနှစ်ခုက လက်တွဲပြီးတော့ သွားရမှာ ဖြစ်ပါတယ်။

"ကျွန်မတို့က အခွင့်အရေးချည်းပဲ ပြောလို့ မရပါဘူး၊ အခွင့်အရေးလို့ပြောတာနဲ့ တစ်ခါတည်း တာဝန်ဆိုတာကို ပြောရမယ်၊ ပေးသင့်သလောက်ပဲပေးပြီး ယူသင့်သလောက်ပဲ ယူရပါမယ်၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် တာဝန်သိစိတ်နဲ့ ကိုယ့်ရဲ့လုပ်ပိုင်ခွင့်တွေကို မျှမျှတတနဲ့ မြင်ရမယ်၊ ငြိမ်းချမ်းရေးရဖို့အတွက် ဖွဲ့စည်းနေတဲ့ အဖွဲ့အစည်းအသီးသီးဟာ ကိုယ့်ရဲ့တာဝန်ကိုလည်း သဘောပေါက်ရမယ်၊ အလေးထားရမယ်၊ တခြားသူရဲ့ရပိုင်ခွင့်တွေလည်း သဘောပေါက်ရမယ်၊ အလေးထားရမယ်၊ မျှမျှတတထားမှဖြစ်မယ်" ဟု ဆွေးနွေးပြောကြားသည်။

### ပြည်သူတွေကို လုပ်ပိုင်ခွင့်တွေပေး

ဦးမာရီးယို၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားရာတွင် "ကြောက်စိတ်ဆိုတာက လူကို မဟုတ်တာတွေ အများကြီး လုပ်စေတယ်၊ ကြောက်လို့ခိုင်းတိုင်းလုပ်တယ်၊ မဟုတ်မှန်း သိပေမယ့် မလုပ်ရင် အထက်လူကြီးကနေ ငြိုငြင်မှာစိုးလို့၊ ဒဏ်ပေးမှာစိုးလို့၊ ဒုက္ခပေးမှာစိုးလို့ စသည်ဖြင့် မလုပ်သင့်တာကို လုပ်တယ်၊ အဲဒီတော့ လုပ်သင့်တာကိုလည်း မလုပ်ဘူး၊ ကြောက်ခြင်းတရားဆိုတာကလည်း လမ်းမှားပေါ်ကို ပို့တတ်တယ်၊ ကြောက်ပြီးတော့ လုပ်ရမှာကို သိရက်နဲ့ မလုပ်ဘဲ နေတာတွေလည်း ရှိတာပေါ့၊ ဒီကြောက်ခြင်းတရားတွေ ပပျောက်ဖို့ဆိုတာ ပြည်သူတွေကို လုပ်ပိုင်ခွင့်တွေပေးရတယ်ဆိုတာလည်း အဲဒါပဲ။

"အစိုးရကလည်း ဒီမိုကရေစီစနစ်အရ ရွေးကောက်ပွဲလုပ်တယ်၊ အစိုးရလုပ်တဲ့သူတွေကလည်း ပြည်သူတွေကို ကြောက်ရတယ်၊ တော်ကြာ မဲမပေးမှာလည်း စိုးလို့၊ သူတို့ကလည်း ကိုယ့်ကို ကြောက်တယ်ဆိုတာ သဘောပေါက်ပါ၊ အဲဒါကို သဘောပေါက်ပြီး လုပ်သင့်လုပ်ထိုက်တာကိုလုပ်ပါ" ဟု ဆွေးနွေးသည်။

### မေတ္တာတရား

ဒေါ်နှင်းနုဝေ၏ ဆွေးနွေးချက်အပေါ် ပြန်လည်ဆွေးနွေးရာတွင် "တကယ်ငြိမ်းချမ်းရေးမရှိတာတော့ မေတ္တာတရားတွေ ခေါင်းပါးနေလို့ပဲ၊ မေတ္တာတရားတွေ များနေတဲ့နေရာမှာ ငြိမ်းချမ်းရေးမရှိစရာအကြောင်းမရှိပါဘူး၊ သုတေသနလုပ်တဲ့သူတွေပြောတာကတော့ ပုထုဇဉ်လူသားတွေ သဘာဝအရ မုန်းစိတ်ကသိပ်ပြီး ဆွပေးဖို့ လွယ်တာပဲတဲ့၊ လူတွေက သူတို့လုပ်ချင်တာလုပ်ဖို့၊ သူတို့လိုအပ်တာဖြည့်ဖို့ဆိုရင် မေတ္တာတရားကို ပိုပြီးတော့ ပွားများတဲ့နည်း မဟုတ်ဘဲနဲ့ အမုန်းတရားကို ဆွဖို့နည်းက ပိုပြီးတော့ လွယ်တယ်၊ ထိရောက်တယ်ဆိုတာကို တွေ့ရတာတွေ ပိုပိုများလာတယ်၊ ပိုပိုများလာတော့ မေတ္တာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြန်လည်ဆွေးနွေးပြောကြားစဉ်

တရားလည်း ခေါင်းပါးလာတယ်ဆိုပြီးတော့ ပြောပါတယ်၊ ဒါကြောင့် မေတ္တာတရားပွားများတယ်ဆိုတာက လွယ်တဲ့ကိစ္စမဟုတ်ဘူး။

"ကျွန်မတို့နိုင်ငံသူ၊ နိုင်ငံသားတွေက ဘောလုံးပွဲဆိုရင် သိပ်ပြီး ဝါသနာပါကြတယ်၊ အချိန်မတော်ညကြီးထကြည့်ဆိုလည်း ကြည့်ကြတာပဲ၊ အဲဒီလောက် ဝါသနာပါတဲ့အခါ ဘောလုံးအသင်းတစ်သင်းက နိုင်ဖို့ဆိုတာ သူတို့ အစုအဖွဲ့အနေနဲ့ လုပ်တတ်မှုနိုင်တယ်ဆိုတာ အားလုံးသဘောပေါက်ကြမှာပဲ၊ အသင်းထဲက တစ်ယောက်ထောင်ပြီး သူတစ်ယောက်တည်း တော်ချင်တဲ့သူတွေ ကြာကြာမခံကြဘူး၊ သူ့ကြောင့် တခြားသူတွေလည်း နစ်နာတယ်၊ မကျေနပ်မှုတွေလည်း ဖြစ်တယ်၊ အားလုံးအစုအဖွဲ့နဲ့ လုပ်တတ်ဖို့လိုတယ်၊ ငြိမ်းချမ်းရေးရဖို့ဆိုတာ အရေးကြီးဆုံးကိစ္စတစ်ခုပဲ၊ အဲဒါ အိမ်ထဲမှာ စပြီးသင်ယူရမယ်၊ ကျောင်းမှာစပြီးသင်ရမယ်၊ ပညာရေးကနေ စပြီးတော့ ဒါကို အားပေးသွားရမယ်၊ အသက်ကြီးလာမှ နိုင်ငံရေးအရ ပြုပြင်ဖို့ဆိုတာက ဒီလောက်မလွယ်ဘူး" ဟု ဆွေးနွေးပြောကြားသည်။

### တရားဥပဒေစိုးမိုးရေး

ဦးစိုးရာဇာဝင်း၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ ပြန်လည်ဆွေးနွေးရာတွင် "တရားဥပဒေစိုးမိုးရေးနဲ့ ငြိမ်းချမ်းရေးဟာ ဆက်နွှယ်နေတယ်ဆိုတာ ဟုတ်ပါတယ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အခြေခံမူ သုံးခုက အမြဲတွဲထားပါတယ်၊ တရားဥပဒေစိုးမိုးရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ တချို့တွေက တရားဥပဒေစိုးမိုးရေးကို ဘာဖြစ်လို့ ရှေ့မှာထားသလဲလို့ မေးပါတယ်၊ တကယ်တော့ ပြည်တွင်းငြိမ်းချမ်းရေးဟာ ပိုပြီးတော့ အရေးမကြီးဘူးလားဆိုတော့ တရားဥပဒေစိုးမိုးရေးမရှိဘဲနဲ့ ငြိမ်းချမ်းရေးကို ထိန်းထားလို့မရဘူး၊ တရားတဲ့ ဥပဒေဘောင်အတွင်းကနေ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင်တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုတော့ ငြိမ်းချမ်းရေးကို တရားဥပဒေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့က ထိန်းထားတယ်။

"ပညာရေးနဲ့ ပတ်သက်လို့ ဒီနိုင်ငံဟာ သိပ်ပြီးတော့ အဆင့်အတန်းနိမ့်သွားတာ အကြောင်းနှစ်ခု ရှိပါတယ်၊ တစ်ခုက ပညာရေးစနစ်ကိုက မကောင်းလို့ နိမ့်သွားတာ၊ နောက်တစ်ခုက ငြိမ်းချမ်းရေးမရှိလို့၊ အဲဒါကတော့ နယ်စွန်နယ်ဖျားမငြိမ်းချမ်းတဲ့ဒေသတွေမှာ မှန်ပါတယ်၊ ကျောင်းမတက်နိုင် လို့၊ ကျောင်းတွေ မဖွင့်နိုင်လို့၊ ပညာမတတ်တာက တစ်မျိုး၊ ရန်ကုန်နဲ့ မန္တလေးတို့လို မြို့ကြီးတွေမှာ ကျောင်းတွေက ပိတ်ရတာမှ မဟုတ်ဘဲ။

"အများအားဖြင့် ကျောင်းတွေက ပိတ်ရလို့ မဟုတ်ဘဲနဲ့ ကျောင်းမှာသင်တဲ့ ပညာရေးစနစ်က မမှန်လို့၊ တစ်ချိန်တစ်ခါတုန်းက မြန်မာနိုင်ငံရဲ့ပညာရေးစနစ်က အရှေ့တောင်အာရှမှာတင်မဟုတ်ဘူး၊ အာရှတိုက်တစ်ဝန်းမှာဆိုရင် နံပါတ်တစ်ပြေးတာပဲ၊ အခု အဲဒီလိုမဟုတ်ဘဲနဲ့ နံပါတ်နောက်ဆုံးလောက်ကနေဖြစ်နေတယ်၊ အဲဒါကတော့ ပညာရေးစနစ်

> "ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးကို ခွဲလို့မရပါဘူး၊ ငြိမ်းချမ်းရေးရှိမှ ဖွံ့ဖြိုးရေးရှိနိုင်မယ်၊ ဖွံ့ဖြိုးရေးရှိမှ ငြိမ်းချမ်းရေးကို ထိန်းသိမ်းနိုင်မယ်၊ ဖွံ့ဖြိုးရေးမရှိလို့ ပဋိပက္ခဖြစ်ပြီး ငြိမ်းချမ်းရေးပျက်စီးတာလည်း ရှိတယ်၊ ငြိမ်းချမ်းရေးမရှိနိုင်လို့ ဖွံ့ဖြိုးရေးကို ဘယ်လိုမှ အားမစိုက်နိုင်လို့ ဖွံ့ဖြိုးတိုးတက်မှုမရှိတာလည်း ရှိတယ်၊ ဒီဟာနှစ်ခုကို ခွဲပြီးတော့ မြင်ရမယ်၊ ခွဲပြီးဆောင်ရွက်လို့တော့ မရပါဘူး၊ ဒီနှစ်ခုက လက်တွဲပြီးတော့သွားရမှာဖြစ်"

မမှန်ကန်ခဲ့လို့၊ အဲဒီတော့ ပြင်ယူရမှာပဲ၊ ဒါပေမယ့် ပညာရေးစနစ်တစ်ခုကို ပြင်တယ်ဆိုတာ နေ့ချင်းညချင်းလုပ်လို့မရဘူး၊ တချို့တွေက ဒီကာလရဲ့ ၁၀ စုနှစ်တွေကြားထဲမှာ ကျောင်းသားလူငယ်တွေခံခဲ့ရတဲ့ ကိစ္စတစ်ခုကတော့ အစမ်းသပ်ခံဖြစ်သွားတာပေါ့၊ ပညာရေးနဲ့ ပတ်သက်လို့ မူတစ်ခုချလို့ရှိရင် တကယ်တော့ အနည်းဆုံး ၁၀ နှစ်လောက်တော့ ဦးတည်ပြီး ကြည့်ရမယ်။

"အဲဒါကို မကြည့်ဘဲနဲ့ တစ်နှစ် နှစ်နှစ်လောက်ပဲ ကြည့်ပြီးတော့ တစ်နှစ်၊ နှစ်နှစ်ထဲလုပ်ပြီးကြည့်တဲ့ဟာက ခြောက်လနဲ့ အဆင်မပြေရင်လည်း ကိုးလနဲ့ပြောင်းရင် ပြောင်းလိုက်တာပဲ၊ ဒီလို လုပ်လို့မရဘူး၊ ရေရှည်ကို ကြည့်ရမယ်၊ ပညာရေးစနစ်တစ်ခု ပြောင်းဖို့ဆိုတာက အခု ကျွန်မတို့နိုင်ငံမှာ ဘယ်လိုဖြစ်နေလဲဆိုတော့ ဥပမာ- အားလုံးသိတဲ့ အင်္ဂလိပ်ဘာသာစကားမှာ ညံ့နေတဲ့ကိစ္စ၊ အားနည်းနေတဲ့ကိစ္စ၊ အခု အင်္ဂလိပ်ဘာသာစကားက မသုံးချင်လို့မရဘူး၊ တစ်ကမ္ဘာလုံးမှာ သုံးတယ်၊ တစ်ကမ္ဘာလုံးနှင့်ယှဉ်ပြီးတော့ လုပ်မယ်ဆိုလို့ရှိရင် ဘာသာစကားကို ကျွမ်းကျင်ဖို့လိုတယ်၊ ၁၀ စုနှစ်ပေါင်းများစွာ အင်္ဂလိပ်ဘာသာစကား သင်ကြားမှုဟာ အားနည်းတဲ့အခါကျတော့ သင်နိုင်တဲ့ ဆရာ၊ ဆရာမတွေတောင် မရှိတော့ဘူး ဖြစ်နေတယ်။

"ဆရာ၊ ဆရာမတွေကိုယ်တိုင်က အားနည်းတဲ့စနစ်ထဲမှာ ကြီးလာပြီးတော့ ပညာသင်ယူခဲ့ရတာဆိုတော့ ဘယ်လိုလုပ်ပြီး မှန်မှန်ကန်ကန် ပြန်သင်နိုင်မလဲ၊ ဆရာ၊ ဆရာမတွေကို တစ်ချိန်တည်းမှာ ပြုစုပျိုးထောင်ရတယ်ဆိုတာမလွယ်တော့ဘူး၊ တချို့တွေက လုပ်လို့မရတော့ဘူး၊ နည်းနည်းနောက်ကျသွားပြီ၊ လုပ်လို့ရတဲ့ အငယ်ပိုင်း လူငယ်တွေတော့ရှိသေးတာပေါ့၊ ကျောင်းသားတွေကိုသာကြည့်ရတာ မဟုတ်ဘဲနဲ့ ဆရာ၊ ဆရာမတွေကိုပါ ပြန်သင်နေရ၊ မိဘတွေကိုပါ သင်နေရပါတယ်၊ မိဘတွေကိုက အရင်တုန်းက မမှန်ကန်တဲ့စနစ်တွေမှာ နေခဲ့ရတယ်ဆိုတော့ တချို့တွေက မပြောင်းချင်ကြဘူး၊ အပြောင်းအလဲကို မလိုလားကြဘူး၊ အဲဒါကြောင့် လူငယ်တွေကနေပြီးတော့ အပြောင်းအလဲကို ပြောင်းသင့်တဲ့နေရာမှာ ပြောင်းဖို့ကိုတော့ သတ္တိရှိရှိနဲ့ လုပ်ရဲကိုင်ရဲဖို့ကတော့ အရေးကြီးပါတယ်" ဟု ဆွေးနွေးပြောကြားသည်။

### အသက်မွေးဝမ်းကျောင်းပညာ

ဒေါ်မို့မို့ထင်ဇော်မွန်၏ ဆွေးနွေးချက်အပေါ် ဆွေးနွေးရာတွင် "အခု ဒီနိုင်ငံမှာ တက္ကသိုလ်ရောက်တဲ့နှုန်းကို ကြည့်လိုက်ရင် မိန်းကလေးတွေက များလာပြီးတော့ ယောကျ်ားလေးတွေက ရာခိုင်နှုန်းအနေနဲ့ နည်းနည်းသွားတယ်၊ အဲဒါကြောင့် မို့လို့ ယောကျ်ားလေးတွေ အဆင့်မြင့်ပညာသင်အောင်လို့ ဘယ်လိုလုပ်ရမလဲပေါ့၊ အဓိက အစိုးရအနေနဲ့ အလေးထားတာကတော့ အသက်မွေးဝမ်းကျောင်းပညာ၊ ပညာဆိုတာဟာ ကိုယ့်ဘဝကို ကိုယ်ကျောင်းနိုင်ဖို့ ပညာသင်တာပဲ၊ ပညာတွေသင်ထားပြီး ဘာမှမလုပ်နိုင်ရင်၊ စာအုပ်ကြီးတွေကိုင်ပြီးတော့ တစ်နေကုန် အိမ်မှာပဲထိုင်နေရင် ဘာမှမသုံးကျဘူး၊ ကိုယ့်ဘဝကိုကျောင်းနိုင်အောင်လို့ဆိုတော့ အသက်မွေးဝမ်းကျောင်းပညာဟာ အင်မတန်မှ အရေးကြီးပါတယ်၊ အဲဒါကို ကြံ့တုန်းလူငယ်တွေအားလုံးကို အားပေးချင်ပါတယ်။

"စီးပွားရေးနဲ့ ပတ်သက်လို့ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်ပြီး မိန်းကလေးတွေမှာ၊ အမျိုးသမီးတွေမှာ အခွင့်အလမ်းအများကြီး ရှိပါတယ်၊ ကမ္ဘာ့အတွေ့အကြုံအရ ဒီလိုအသေးစားနဲ့ အလတ်တန်းစား စီးပွားရေးလုပ်ငန်းတွေစတင်ဖို့ ငွေချေးတဲ့အခါမှာ အမျိုးသားတွေထက် အမျိုးသမီးတွေဟာ အားကိုးရတယ်၊ အမျိုးသားတွေကို ပိုက်ဆံချေးလိုက်တဲ့အခါ တချို့က အရက်သောက်ရင်လည်း သောက်ပစ်လိုက်တယ်၊ သူတို့အတွက် ပစ္စည်းပစ္စယတွေ ဝယ်ရင်လည်း ဝယ်လိုက်တယ်ပေါ့၊ အမျိုးသမီးတွေက မိသားစုအတွက် စဉ်းစားပြီးတော့ သေသေချာချာ ရင်းနှီးမြှုပ်နှံပြီး လုပ်ငန်းတစ်ခု လုပ်တယ်ဆိုတာ အဲဒါ တစ်ကမ္ဘာလုံးရဲ့ အတွေ့အကြုံအရ အမျိုးသမီးတွေကို ရင်းနှီးမြှုပ်နှံဖို့ငွေ ပံ့ပိုးပေးတာဟာ ပိုထိရောက်တယ်ဆိုတာ မြင်ခဲ့ရတယ်" ဟု ပြန်လည်ဆွေးနွေးသည်။

### တိုင်းပြည်ရဲ့အကျိုးအတွက် ညီညွတ်မှုရှာ

ဦးဖရားရယ်ရီးလို၏ ဆွေးနွေးချက်နှင့် ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးက နည်းနည်းပိုပြီးတော့ အချိန်ယူရတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ပြန်လည်ရင်ကြားစေ့ရေးဆိုတာဟာ အစုအဖွဲ့တွေ ကြားထဲမှာတင်မဟုတ်ဘူး၊ တစ်ယောက်ချင်း တစ်ယောက်ချင်းကြားထဲမှာလည်း ရင်ကြားစေ့ဖို့ လိုတာတွေပါလာတယ်၊ အစုအဖွဲ့အလိုက်တင် မဟုတ်ဘဲနဲ့ ဥပမာ- နိုင်ငံရေးပါတီတွေဆိုရင် ငြိမ်းချမ်းရေးရနေတာပဲ၊ နိုင်ငံရေး ပါတီတွေက တစ်ခုနဲ့ တစ်ခု လက်နက်ကိုင်ပြီး တိုက်ခိုက်နေတာ မဟုတ်ဘူး၊ ဒါပေမယ့် တချို့နိုင်ငံရေး ပါတီတွေကတော့ ပြန်လည်ပြီး ရင်ကြားစေ့ဖို့ လိုတယ်၊ ပြန်ပြီးရင်ကြားစေ့ဖို့ လိုတယ်ဆိုတာ တိုင်းပြည်ရဲ့အကျိုးအတွက် ပြန်ပြီးတော့ ရင်ကြားစေ့ဖို့ လိုတယ်၊ တိုင်းပြည်ရဲ့ အကျိုးအတွက် ညီညွတ်မှုရှာဖို့ လိုတယ်။

"တချို့က အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေနဲ့ လုပ်တဲ့ကိစ္စလို့ထင်ပါတယ်၊ မဟုတ်ပါဘူး၊ ဥပမာလေးနဲ့ ပြောရမယ်ဆိုရင် ကျွန်မတို့နိုင်ငံမှာ ကျွန်မတို့စပြီးတော့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ မူဝါဒကို လက်ကိုင်ပြီးတော့ နိုင်ငံရေးအရ လှုပ်ရှားလာတုန်းက ဘာကိုဦးတည်တာလဲဆိုတော့ ဒီမိုကရေစီကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ဒီမိုကရေစီကို မယုံကြည်တဲ့၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုရင် အာဏာရှင်စနစ်ကို ယုံကြည်တဲ့ ပုဂ္ဂိုလ်တွေအကြား နိုင်ငံ့အကျိုးအတွက် ရင်ကြားစေ့ဖို့ဟာကို ဦးတည်ပြီး ပြောတာပါ" ဟု ဆွေးနွေးသည်။

### အမြဲတမ်းအခက်အခဲရှိ

ဒေါ်အော်လေးဗီယာ၏ ဆွေးနွေးချက်အပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "တစ်ကမ္ဘာလုံးရဲ့ အတွေ့အကြုံအရဆိုရင် တိုင်းရင်းသားလူမျိုးစုငယ်တွေက မိမိတို့ရဲ့ စာပေ ယဉ်ကျေးမှုကို ထိန်းသိမ်းရတာ အမြဲတမ်းရုန်းကန်ရပါတယ်၊ အမြဲတမ်းအခက်အခဲရှိပါတယ်၊ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ပိုပြီးတော့ ကိုယ့်ရဲ့ ယဉ်ကျေးမှု၊ ကိုယ့်ရဲ့ဘာသာစကားကို စိတ်ပါဝင်စားလာပြီး ပံ့ပိုးကြတယ်ဆိုတာကိုလည်း တွေ့ရပါတယ်၊ တိုင်းပြည်ဖွံ့ဖြိုးရင်၊ ပြည်နယ်ဖွံ့ဖြိုးရင် ယဉ်ကျေးမှုနဲ့ စာပေဘက်က ဖွံ့ဖြိုးလာမှာပါ။

ကိုယ့်ရဲ့ တိုင်းရင်းသားစာပေ၊ ကိုယ့်ရဲ့ ယဉ်ကျေးမှု၊ ဒါတွေက စားဝတ်နေရေးကို အထောက်အကူမပြုဘူးဆိုရင် အဲဒီဘက်ကို အာရုံမစိုက်နိုင်ဘူး၊ ဒါပေမယ့် ဖွံ့ဖြိုးတိုးတက်လာပြီဆိုရင် ဒါတွေကို ပိုပြီးတော့ တန်ဖိုးထားလာတတ်တယ်၊ ပိုပြီးတော့ စိတ်ပါဝင်စားလာတတ်တယ်၊ အဲဒီတော့ သိပ်ပြီးတော့ စိတ်မပူပါနဲ့၊ ဒါတွေ ထိန်းသိမ်းထားဖို့လည်း အစိုးရက ပံ့ပိုးပေးဖို့ တာဝန်ရှိပါတယ်၊ ပံ့ပိုးပါ့မယ်၊ တတ်နိုင်သလောက် လုပ်ပေးပါ့မယ်၊ ဒါပေမယ့် တစ်တိုင်းပြည်လုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်တွေကို ခံစားရတာနဲ့အမျှ ယဉ်ကျေးမှုဘာသာစကားတွေကို ထိန်းသိမ်းလာတာ၊ အားပေးလာတာ ပိုပြီးတော့ များလာတယ်ဆိုတာကို တွေ့ရပါတယ်၊ ကျွန်မတို့ အလေးထားပြီး ဆောင်ရွက်ပေးပါ့မယ်" ဟု ဆွေးနွေးပြောကြားခဲ့သည်။ **သတင်းစဉ်**

# ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ အဓိက ပြဿနာက ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို မသိသေးလို့ပဲ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ယနေ့နံနက်ပိုင်းက ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသည့် ငြိမ်းချမ်းရေးစကားဝိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Online မှမေးမြန်းလာသည့် **"ငြိမ်းချမ်းရေးရပြီးတဲ့ ဒေသတွေတိုးတက်အောင် ဘယ်လိုစီစဉ်ဆောင်ရွက်မည်ကို သိလိုကြောင်း"**မေးခွန်း၊ **"ပြည်တွင်းစစ် တာရှည်နေတာဟာ မြန်မာပြည်တွင် ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေ ရှိနေတယ်ဆိုတာ ထင်ရှားပါတယ်။ ဒီလို ငြိမ်းချမ်းရေးကို မလိုလားတဲ့ အဖွဲ့အစည်းတွေ၊ လူတွေကို ဘယ်လိုနည်းနဲ့စည်းရုံးမှ အဆင်ပြေမယ်လို့ယူဆပါသလဲ"**မေးခွန်း၊ **"ကယားပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူငယ်အလုပ်အကိုင်တိုးတက်ရေး၊ အသိဉာဏ်မြင့်မားရေးတို့အတွက် ဘယ်လိုစီစဉ် လုပ်ဆောင်ပေးသွားမည်ကို သိလိုကြောင်း"** မေးခွန်းတို့နှင့် စပ်လျဉ်းပြီး ဖြေကြားခဲ့သည်။

### အစိုးရရဲ့တာဝန်

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က "တိုးတက်တယ်ဆိုတာ အမျိုးမျိုးရှိပါတယ်၊ ပညာရေးဘက်၊ ကျန်းမာရေးဘက်၊ စီးပွားရေးဘက်၊ ပညာရေးနဲ့ ကျန်းမာရေးဘက်ကတော့ အစိုးရရဲ့ အဓိကတာဝန်ဖြစ်ပါတယ်၊ နောက်လမ်းပန်းဆက်သွယ်ရေးဆိုတာလည်း အစိုးရရဲ့တာဝန် ဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံမှုတွေကို အလေးထားပြီး လုပ်နေ

"စီးပွားရေးအတွက် အခြေခံလိုအပ်ချက်တစ်ခုကတော့ လမ်းပန်းဆက်သွယ်ရေးနဲ့ စွမ်းအင်ဖြစ်ပါတယ်၊ ဒီနှစ်ခုကို လုပ်တဲ့အခါမှာ အစိုးရရဲ့အခန်းကဏ္ဍကလည်း တော်တော်ကြီးပါတယ်၊ ဒါပေမယ့် စီးပွားရေး ကျယ်ကျယ်ပြန့်ပြန့် တိုးတက်ဖို့ဆိုတာ ပုဂ္ဂလိကပိုင်းတွေ ဝင်လာမှဖြစ်မှာပါ၊ အစိုးရစီးပွားရေးလုပ်ငန်းတွေဆိုတာ သိပ်ပြီးတော့ အောင်မြင်ခြင်းမရှိပါဘူး၊ ဒီနေ့ခေတ်နဲ့လည်း မလျော်ညီပါဘူး၊ ဒီတော့ ဒီဒေသဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုများ စီစဉ်ဆောင်ရွက်မလဲဆိုတာ သိချင်ပါတယ်ဆိုတော့ အစစပြီးဆောင်ရွက်တာ ကျန်းမာရေးနဲ့ ပညာရေးဘက်မှာတော့ တတ်နိုင်သလောက်လုပ်မယ်၊ နောက်ပြီးတော့ ငြိမ်းချမ်းရေးမရသေးတဲ့ ဒေသတွေမှာ အထူးသဖြင့် ကယားဘက်မှာလည်း စွမ်းအင်တွေကလည်း ဒီနှစ်ပိုင်းအတွင်းမှာ တော်တော်ပိုများသွားပါပြီ၊ နောက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးပေါ့၊ လမ်းပန်းဆက်သွယ်ရေး ကောင်းသွားပြီ၊ လျှပ်စစ်မီးရပြီဆိုရင် စီးပွားရေးက နောက်ကနေပြီး လိုက်လာတတ်ပါတယ်၊ အကြမ်းဖျင်းပြောရမယ်ဆိုရင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာကိစ္စ၊ နောက်စီးပွားရေးနဲ့ ပတ်သက်တဲ့ လမ်းပန်းဆက်သွယ်ရေး၊ စွမ်းအင်၊ ရင်းနှီးမြှုပ်နှံမှုတွေကို အလေးထားပြီး လုပ်နေပါတယ်" ဟု ဆွေးနွေးဖြေကြားသည်။

### ငြိမ်းချမ်းရေးရရင် ပိုကောင်းမယ်

**ငြိမ်းချမ်းရေးကိုမလိုလားတဲ့ အဖွဲ့အစည်းတွေ၊ လူတွေကို ဘယ်လိုနည်းနဲ့စည်းရုံးမှ အဆင်ပြေမယ်လို့ ယူဆပါသလဲ** မေးခွန်းအား ဖြေကြားရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က " ပြည်သူတွေပဲ စည်းရုံးကြပါ၊ ဒါပြည်သူတွေနဲ့ အဓိကဆိုင်တဲ့ကိစ္စဖြစ်တယ်၊ ငြိမ်းချမ်းရေးကို မလိုလားတဲ့သူတွေရဲ့ အဓိက ပြဿနာက ငြိမ်းချမ်းရေးရဲ့တန်ဖိုးကို မသိသေးလို့ပဲ၊ ငြိမ်းချမ်းရေးရရင် မိမိတို့အပါအဝင် အားလုံးအတွက် ဘယ်လိုအကျိုးအမြတ်တွေ ရှိနိုင်သလဲဆိုတာကို သဘောမပေါက်သေးလို့၊ အခုအခြေအနေနဲ့စာရင် ငြိမ်းချမ်းရေးရရင် ပိုကောင်းမယ်



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က Online မှ မေးမြန်းလာသည့် မေးခွန်းများကို ဖြေကြားစဉ်။

ဆိုတာကို နှလုံးမသွင်းနိုင်သေးလို့ ငြိမ်းချမ်းရေးကို မလိုလားတာပေါ့။

### အားလုံးအတွက် အကျိုးအမြတ်ရှိနိုင်

"တကယ်ပဲ ငြိမ်းချမ်းရေးရရင် ပိုပြီးတော့ အကျိုးအမြတ်၊ အသီးအပွင့်တွေဟာ တခြားသူတွေအတွက်တင် မဟုတ်ဘူး၊ မိမိတို့အတွက်ပါ များလာမယ်ဆိုတာကို သဘောပေါက်သွားရင်တော့ ငြိမ်းချမ်းရေး လိုလားမှာပါပဲ၊ ဒါကြောင့် အားလုံးအတွက် အကျိုးအမြတ်ရှိနိုင်တယ်ဆိုတဲ့ဟာကို ထင်ရှားအောင်လို့ ပြည်သူတွေကလည်း ဝိုင်းပြီးတော့လုပ်ပေးရမယ်၊ ကိုယ်တိုင်ကလည်း ဖြစ်အောင်လုပ်ရမယ်။

### အတူတူတွဲခေါ်ဖို့ အရေးကြီး

"ငြိမ်းချမ်းရေးရပြီးတဲ့နေရာတွေမှာ အထူးအရေးကြီးတယ်၊ ငြိမ်းချမ်းရေးရပြီးတဲ့နေရာမှာ ငြိမ်းချမ်းရေးတည်တံ့ခိုင်မြဲဖို့၊ ငြိမ်းချမ်းရေးကို သိပ်ပြီး မလိုလားသူတွေဟာလည်း ကျွန်မတို့ပြည်သူတွေရဲ့တစ်စိတ်တစ်ပိုင်းပါ၊ အဲဒီတော့ ကိုယ့်အချင်းချင်းကိုယ်ပြန်ပြီးတော့ အားလုံးကနေစည်းရုံးပြီး အတူတူတွဲခေါ်ဖို့ အရေးကြီးပါတယ်"ဟု ဖြေကြားသည်။

ကယားပြည်နယ်ဖွံ့ဖြိုးရေးနှင့် ပတ်သက်ပြီး ဖြေကြားရာတွင် " အလုပ်အကိုင်တိုးတက်ရေးအတွက် ပညာလိုတယ်၊ လမ်းပန်းဆက်သွယ်ရေးလိုပါတယ်၊ ဒီမှာ ရင်းနှီးမြှုပ်နှံမယ်ဆိုရင် အလုပ်သမားတွေလိုမယ်၊ အလုပ်သမားတွေက အတိုင်းအတာတစ်ခုအထိတော့ လုပ်တတ်ရမယ်၊ ဒါမှ ရင်းနှီးမြှုပ်နှံချင်တဲ့သူတွေက လမ်းကောင်းတယ်၊ လျှပ်စစ်မီးရတယ်ဆိုရင် ရင်းနှီးဖို့စဉ်းစားမယ်။

### ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး

"အဲဒီမှာ အလုပ်လုပ်ဖို့ လူတွေလိုမယ်။ အလုပ်လုပ်ဖို့ အရည်အချင်းရှိတဲ့သူတွေ လိုမယ်၊ အားလုံးက တစ်ခုနဲ့တစ်ခု ဆက်သွယ်နေပါတယ်၊ ပညာတတ်ပြီးတော့ ကျန်းမာရေးမကောင်းရင်လည်း အလကားပဲ၊ ကျန်းမာရေးလည်း ကောင်းဖို့လိုတယ်၊ ဒါကြောင့်မို့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုတာ အဲဒါကိုပြောတာပါ၊ ကိုယ်နေတဲ့နေရာက ဘယ်မှာလဲ၊ ဆက်သွယ်လို့မရဘူး၊ လျှပ်စစ်မီးလည်း မရှိဘူးဆိုရင် စီးပွားရေးလုပ်ငန်းတစ်ခုဖော်ဆောင်ဖို့ဟာ အင်မတန်မှ ခက်ပါတယ်၊ ဘက်စုံအားလုံးလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်"ဟု ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

**သတင်းစဉ်**

# ၂၀၁၈ နှစ်ဆန်းကို မေတ္တာပန်းဖြင့်ကြို

***မောင်တင်လှိုင်(ဟိုတယ်/ခရီး)***

၂၀၁၇ ခုနှစ် ကုန်ဆုံး၍ နှစ်သစ်ဖြစ်သော ၂၀၁၈ ခုနှစ်သို့ ကူးပြောင်းရောက်ရှိသော အချိန်ကာလဖြစ်ပေသည်။

**အချိန်နှင့်ဒီရေသည် လူကိုမစောင့်**

"အချိန်နှင့် ဒီရေသည် လူကိုမစောင့်" ဟူသော သိုးဆောင်းစကားပုံ ရှိခဲ့သည်။ ယခုအချိန်အခါသည် နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကို ပြောင်းခဲ့လေပြီ။ အသစ်အသစ်များသည်သာလျှင် ကာလရွေ့လျား၍ အဟောင်းအဟောင်းသို့ ပြောင်းရမည်မှာ ဓမ္မတာဖြစ်သည်။ လူတိုင်းလူတိုင်းသည် နေထွက်မှနေဝင်အထိ အိပ်ရာထသည့်အချိန်မှအိပ်ရာဝင်သည့်အချိန်အထိ ကိုယ်ထိလက်ရောက် ပြောဆိုလုပ်ကိုင်ဆောင်ရွက်ခြင်းသို့ ပြုလုပ်ကြရသည်။ လပေါင်းအားဖြင့် ၁၂ လရှိ၍ ရက်ပေါင်းအားဖြင့် ၃၆၅ ရက်၊ နာရီပေါင်းအားဖြင့် ၈၇၆၀ ဖြစ်ပါသည်။

**မစ္ဆရိယစိတ်မထားဘဲ မေတ္တာတရားကိုသာ ထားဖို့လိုသည်**

တစ်ဦးနှင့်တစ်ဦးအပေါ် မလိုမစ္ဆရိယစိတ်များမထားကြဘဲ တစ်ဦးတစ်ယောက်၏ ကြီးပွားတိုးတက်မှု၊ ချမ်းသာကြွယ်ဝမှု၊ အထူးဂုဏ်အင်္ဂါကျော်စောမှုများကို မိမိတို့၏ မိဘ၊ အစ်ကို၊ အစ်မ၊ မောင်နှမသားချင်းများ၊ ဆွေမျိုးများကဲ့သို့ စိတ်မှာထားပြီး ရင်မှပွားသော မေတ္တာစေတနာများနှင့် ဝမ်းသာကြည်နူးခြင်းဖြင့် ဘဝဘဝက ချခဲ့သော ဒါန၊ သီလ မျိုးစေ့ကျင့်ကြံခဲ့ရသော ပါရမီအားကောင်းခဲ့၍ ယခုဘဝတွင် ဘုန်းကြီးပါပေသည်၊ ကြီးပွားတိုးတက်ကြပါသည်ဟု ဝမ်းသာအားရဖြစ်နိုင်ကြရမည် ဖြစ်ပါသည်။

**အကျိုးရှိအောင် ဆောင်ရွက်ခြင်း**

မိမိကြံစည်ပြောဆိုအကြံအစည်များနှင့် လုပ်ဆောင်ခဲ့ရသော လုပ်ငန်းများသည် မိမိအတွက် အကျိုးရှိ မရှိ၊ မိမိ မိသားစုအပေါ် အကျိုးရှိ မရှိ၊ ဆယ်အိမ်၊ ရာအိမ်၊ ရပ်ကွက်အတွက် အကျိုးရှိ မရှိ၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်၊ တိုင်းများနှင့် ဌာနများအတွက် အကျိုးရှိ မရှိ၊ လူမျိုးအတွက်အကျိုးရှိမရှိဟူသည်ကို ဆင်ခြင်သုံးသပ်ကြည့်ရန် လိုအပ်ပေသည်။ နှစ်ဟောင်းက ကြံစည်ခဲ့သော အကြံအစည်များပြောဆိုခဲ့ရသော စကားများနှင့် လုပ်ကိုင်ဆောင်ရွက်ခဲ့သော လုပ်ငန်းများသည်

> **"နှစ်သစ်ကူးအခါသမယတွင် နှစ်ဟောင်းကာလကို ပြန်လည်သုံးသပ်၍ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိစေမည့် အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်များ ဆောင်ရွက်နိုင်စေရန်အတွက် ဆုံးဖြတ်ချမှတ် ဆောင်ရွက်ဖို့လိုအပ်ပေ"**

အားလုံးအတွက် အကျိုးမရှိကြောင်း သုံးသပ်မိပါက လာမည့်နှစ်တွင် မကောင်းသောအရာများ မလုပ်ဟူ၍ဆုံးဖြတ်နိုင်သော သတ္တိများကို အစဉ်ထာဝရမွေးရမည် ဖြစ်ပါသည်။

**လာမည့်နှစ်တွင် ကောင်းကျိုးကို ဆောင်ရွက်တတ်ရန်လိုသည်**

မိမိဆောင်ရွက်ချက်များသည် အကျိုးရှိကြောင်း တွေ့ရှိပါက လာမည့်နှစ်သစ်တွင် ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်နိုင်စွမ်းရှိရပါမည်။ မေတ္တာစေတနာများကို ရှေ့ထား၍ ကောင်းသောဆောင်ရွက်ချက်များကို လုပ်ကိုင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်သည်။ ကိုယ်ချင်းစာတရားသည် မေတ္တာတရားကို တစ်နည်းအားဖြင့် အထောက်အကူပြုပေသည်။ တစ်ဦး၏ အကျိုးရှိရာရှိကြောင်းကို ရှာဖွေကြလျှင် အလျားအနံနှင့် ပမာဏမရှိသော်လည်း မေတ္တာတရား၏ အသွားအပြန်နှင့် ပမာဏကို သိရှိနိုင်မည်ဖြစ်ပါသည်။ မေတ္တာတရားခေါင်းပါးရခြင်းသည် ဒေါသတရားဖြစ်ပေါ်လာရခြင်း၏ အကြောင်းအရင်းပင်ဖြစ်သည်။ သို့ဖြစ်ရာ ဒေါသဖြစ်စေသည့် အကြောင်းအရင်းများကို စောင့်ထိန်းနိုင်ပါက မေတ္တာတရားတိုးပွားပြီး တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရား ထားရှိနိုင်မည်ဖြစ်ပါသည်။

**တင်ကျီး တစ်ဝမ်း၊ ဖျိုင်း တစ်ဝမ်း**

နှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်လာပြီး တစ်ဝမ်းတစ်ခါးအတွက် ကြိုးပမ်းဆောင်ရွက်ရင်း "တင်ကျီးတစ်ဝမ်း၊ ဖျိုင်း တစ်ဝမ်း" ဟု ဖွင့်ဟကြသည်။ တရားသဘောအရ ရောင့်ရဲနိုင်စေရန် ပြဆိုခြင်းပင်ဖြစ်သည်။

**ကျွဲအုပ်နှင့် ခွန်အားကြီးသော ခြင်္သေ့**

ကျွဲအုပ်ရှိရာသို့ ခွန်အားအလွန်ကြီးမားသော ခြင်္သေ့ကြီး ရောက်ရှိပြီး ကျွဲအုပ်ကို အစာအလို့ငှာ တိုက်ခိုက်ရာတွင် ကျွဲများသည် စည်းရုံးညီညွတ်စွာဖြင့် ခွန်အားကြီးသော ခြင်္သေ့အား မခိုမကပ် တိုက်ခိုက်သည့်အတွက် ခွန်အားကြီးမားသော ခြင်္သေ့ကြီး ကျွဲအုပ်ကိုကြောက်ရွံ့ကာ ထွက်ပြေးရသည့် ဥပမာများကို စံနမူနာပြု၍ နှစ်သစ်တွင် စည်းစည်းလုံးလုံးနေထိုင်ကြရန် လိုအပ်ပေသည်။

ကောင်းသောအပြုအမူ၊ အပြောအဆို၊ အလုပ်အကိုင်များကို လုပ်ကိုင်ခြင်းဖြင့် ကောင်းကျိုးကို ရရှိနိုင်သည့် "အချိန်နှင့်ဒီရေသည် လူကိုမစောင့်"ဟူသော သိုးဆောင်းစကားပုံများကို ဥပမာ ယူသင့်သည်။

ထို့အတူ "အချိန်ရှိခိုက် လှံ့လစိုက်"၊ "ငုပ်မိသဲတိုင်တက်နိုင်ဖျားရောက်"ဆိုသည့် မြန်မာစကားပုံများလည်း ရှိသည့်အတိုင်း အချိန်ကို တန်ဖိုးရှိရှိသုံး၍ ကုန်လွန်စေရန်ဖြစ်သည်။ ကောင်းသောဆွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် အလုပ်ကို ကြိုးစားဆောင်ရွက်ရန်နှင့် ရည်မှန်းချက်များကို အကောင်အထည်ဖော်ရန်ဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ မင်္ဂလာရှိသော နှစ်သစ်ကူးအခါသမယတွင် ရည်မှန်းချက်ပန်းတိုင်များကို အောင်အောင်မြင်မြင် စိုက်ထူနိုင်ရေးအတွက် အားသွန်ခွန်စိုက် မေတ္တာတရားရှေ့ထား၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် ဖြစ်ပါသည်။

**ပြန်လည်သုံးသပ်ရန် လိုအပ်ခြင်း**

သို့ဖြစ်ရာ နှစ်သစ်ကူးအခါသမယတွင် နှစ်ဟောင်းကာလကို ပြန်လည်သုံးသပ်၍ မိမိအတွက်၊ မိမိပတ်ဝန်းကျင်အတွက်နှင့် တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးရှိစေမည့် အကြံအစည်၊ အပြောအဆို၊ အလုပ်အကိုင်များ ဆောင်ရွက်နိုင်စေရန်အတွက် ဆုံးဖြတ်ချမှတ် ဆောင်ရွက်ဖို့လိုအပ်ပေသည်။ ဆောင်ရွက်ရာတွင် စေတနာ၊ မေတ္တာတရားများ ပွားများ၍ တစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာတရားရှေ့ထား၍ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနများကို ခဝါချ၍ မကောင်းသည်များကို ရှောင်၍ ကောင်းသည်များကိုဆောင်ကာ နှစ်ဆန်းကို မေတ္တာပန်းဖြင့် ကြိုဆိုကြစေလိုကြောင်း တိုက်တွန်း ရေးသားလိုက်ရပေသည်။ ။

### ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။ နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် မိုးဆက်လက်ရွာနိုင်သည်။ **မိုး/ဇလ**

## နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၁၀၀ ကျပ်တန် အထူးထုတ်တံဆိပ်ခေါင်း ၃ မျိုးရောင်းချပေးမည်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ၁၀၀ ကျပ်တန် အထူးထုတ် တံဆိပ်ခေါင်း သုံးမျိုးအား ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီခွဲမှစတင်၍ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်စာတိုက်များ အသီးသီးတွင် ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော် ဗဟိုစာတိုက်ကြီး၊ ရန်ကုန် စာတိုက်ကြီးနှင့် မန္တလေး စာတိုက်ကြီးတို့၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ဦးမြင့်ဆွေအား နိုင်ဂျီးရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် ဒီဇင်ဘာ ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတသည် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေအား ၎င်း၏ လက်ရှိ တာဝန်ဝတ္တရားများအပြင် ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **သတင်းစဉ်**

## ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်း

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်းကို ယနေ့ရက်စွဲဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါ အမိန့်ကြော်ငြာစာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်**
**အမိန့်ကြော်ငြာစာအမှတ် (၁၀၁၈/၂၀၁၇)**
**၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်**
**(၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၉ ရက်)**

**"ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့" ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၅ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၁၅-၁၁-၂၀၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၈၆၅/၂၀၁၇)ဖြင့် ဖွဲ့စည်းခဲ့သော "ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့"ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) ဦးညဏ်ဝင်း — ဥက္ကဋ္ဌ
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၀၃)

(ခ) ဦးစိုးလွင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

(ဂ) ဦးအောင်သျှန် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး

(ဃ) ဦးသိန်းဌေး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(င) ဒေါ်လဲ့ယဉ်ဝင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(စ) ဒေါက်တာခင်မာရီ — အဖွဲ့ဝင်
ပါမောက္ခ (ဌာနမှူး)
ဥပဒေပညာဌာန၊ ရန်ကုန်တက္ကသိုလ်
အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန

(ဆ) ဦးကျော်ဟိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၃၃)

(ဇ) ဦးကျော်ဌေး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၈၈)

(ဈ) ဦးသက်တင်လင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန
စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

(ည) ဦးကျော်စိုးဗိုလ် (ခ) ဦးကျော်စိုး — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၁၆)

(ဋ) ဦးမောင်မောင်လှသောင်း (ခ) ဦးလှသောင်း — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၆၆)

(ဌ) ဒေါ်နန်းခမ်းအုံ — အဖွဲ့ဝင်
တရားလွှတ်တော်ရှေ့နေ (စဉ်- ၄၄၇၀)

(ဍ) ဦးခင်ဇော် — အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၇၅)

၂။ ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေပုဒ်မ ၆ နှင့် ၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ဖြစ်သည်။

**(ထွန်းထွန်းဦး)**
**ပြည်ထောင်စုတရားသူကြီးချုပ်**

## အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

အနည်းဆုံး အခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ စတုတ္ထအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ အနည်းဆုံး အခကြေးငွေသတ်မှတ်ရေး ဆိုင်ရာ အမျိုးသားကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်ကော်မတီများမှ သက်ဆိုင်ရာဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် အခြား ဖိတ်ကြားထားသူများ တက်ရောက်သည်။

ညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက အနည်းဆုံး အခကြေးငွေ ပြင်ဆင်သတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဒီဇင်ဘာ ၂၃ ရက်တွင် ရန်ကုန်မြို့၌ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအစိုးရ ကိုယ်စားလှယ်၊ ကျွမ်းကျင်ပညာရှင်များ၊ အလုပ်ရှင်၊ အလုပ်သမား အဖွဲ့အစည်း ကိုယ်စားလှယ်များ၊ ILO နှင့် အနည်းဆုံးအခကြေးငွေနှင့် အလုပ်သမား အခွင့်အရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကော်မတီဝင် အပါအဝင် ၁၉၅ ဦးနှင့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပခဲ့ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲတွင် အလုပ်သမား ကိုယ်စားလှယ်များက ၅၆၀၀ ကျပ်နှင့် ၆၆၀၀ ကျပ်ရရှိရေး တောင်းဆိုခဲ့ပြီး အလုပ်ရှင်ကိုယ်စားလှယ်များမှ အနည်းဆုံး ၄၀၀၀ ကျပ်နှုန်းကိုသာ လက်ရှိ စီးပွားရေးအခြေအနေကို ကြည့်ပြီး စဉ်းစားဆုံးဖြတ်ပေးရန် တင်ပြခဲ့ကြောင်း၊ နိုဝင်ဘာလအတွင်း ပြည်ထောင်စုနယ်မြေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ကော်မတီတို့မှ အဆိုပြုနှုန်းထားများနှင့် လုပ်ငန်းအလိုက် သတ်မှတ်နိုင်ရန် အမျိုးသားကော်မတီသို့ တင်ပြခဲ့ကြောင်း၊ အလုပ်ရှင်၊ အလုပ်သမား နှစ်ဖက်ကိုယ်စားလှယ်များ၏ တင်ပြချက်များအနက် အလုပ်သမားအဖွဲ့အစည်းများက တင်ပြခဲ့သည့် အလုပ်သမား ငါးဦးနှင့်အထက် အပါအဝင် အလုပ်သမားများ တောင်းဆိုသည့် အနည်းဆုံးအခ ကြေးငွေနှုန်းထား ၅၆၀၀ ကျပ် သတ်မှတ်ပါက မိသားစု တစ်နိုင်တစ်ပိုင် လုပ်ငန်းငယ်များ၊ အိမ်တွင်းမှုလုပ်ငန်းများ၊ အသေးစားလုပ်ငန်းများ အခက်အခဲရှိနိုင်သလို အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်မှုမှာလည်း အခက်အခဲများစွာ ကြုံနိုင်ကြောင်း။

အစိုးရဌာနများနှင့် အဖွဲ့အစည်းများရှိ နေ့စားအလုပ်သမားများ၏လုပ်ခကို ဘဏ္ဍာရေးဝန်ကြီးဌာနက ၁၀-၁၂-၂၀၁၅ ရက်စွဲပါ အမိန့် ကြော်ငြာစာဖြင့် တစ်နေ့ ၈ နာရီအတွက် ၃၆၀၀ိ/- နှုန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှ ခံစားခွင့်ပြုခဲ့ပြီးဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ အနက် ရုံးအကူဝန်ထမ်း၏ အခြေခံလစာမှာ ၁၂၀၀၀၀ ကျပ် သတ်မှတ်ထား၍ နေ့တွက်လုပ်ခမှာ ပျမ်းမျှ ၄၀၀၀ ကျပ်ဖြစ်ကြောင်း၊ ဒေသတွင်းနိုင်ငံများ၏ လက်ရှိ အနည်းဆုံး အခကြေးငွေနှုန်းထားများကို ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ အနည်းဆုံး အခကြေးငွေကို တစ်နာရီလျှင် ၆၀၀ ကျပ်နှုန်းဖြင့် ၈ နာရီအတွက် ၄၈၀၀ ကျပ်နှုန်း သတ်မှတ်ပါက လက်ရှိ နိုင်ငံ့ဝန်ထမ်း၊ ရုံးအကူ၏ လစာနှုန်းဖြစ်သည့် တစ်နာရီလျှင် ၅၀၀ ကျပ်နှုန်းဖြင့် ၈ နာရီအတွက် ၄၀၀၀ ကျပ်နှုန်းရှိသည့် တစ်လစာ ၁၂၀၀၀၀ ကျပ်ထက် တိုးမြှင့်သတ်မှတ်ရန် စဉ်းစားရမည်ဖြစ်ကြောင်း။

အလုပ်ရှင်များမှ ပေးနိုင်မည့် နှုန်းထားဖြစ်ရန် လိုသကဲ့သို့ အလုပ်သမားများက လက်ခံနိုင်မယ့် သင့်လျော်မျှတသည့် နှုန်းထားဖြစ်ရန် လိုကြောင်း၊ အနည်းဆုံးအခကြေးငွေကို မြင့်မားစွာ သတ်မှတ်ခြင်းအားဖြင့် ကုန်ဈေးနှုန်းများ မြင့်မားလာနိုင်ခြင်း၊ စက်ရုံ၊ အလုပ်ရုံများတွင် ကုန်ထုတ်လုပ်မှုစရိတ်များ တိုးမြှင့်လာ၍ ဝန်ထမ်းများ လျှော့ချလာနိုင်ပြီး စက်စွမ်းအားကို ပိုမိုအသုံးပြုလာနိုင်ခြင်း၊ စက်ရုံများ ပိတ်သိမ်းသွားနိုင်ခြင်းတို့ကြောင့် အလုပ်လက်မဲ့များ တိုးပွားလာနိုင်သလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို အဟန့်အတား ဖြစ်စေနိုင်ကြောင်း၊ နည်းပါးစွာသတ်မှတ်ခြင်းဖြင့် အလုပ်သမားများ၏ စားဝတ်နေရေးအခက်အခဲ ဖြစ်ပေါ်စေနိုင်ပြီး အလုပ်သမားနှင့် အလုပ်ရှင်အကြား အငြင်းပွားမှု ပိုမိုဖြစ်ပွားနိုင်ခြင်း၊ ကုန်ထုတ်စွမ်းအား ကျဆင်းစေနိုင်ခြင်း၊ လုပ်ငန်းခွင် အေးချမ်းသာယာခြင်းကို ထိခိုက်စေနိုင်ခြင်းတို့ ဖြစ်စေနိုင်ကြောင်း၊ အလုပ်သမားများနှင့် အလုပ်ရှင်များအနေဖြင့် မိမိတို့၏ ရပိုင်ခွင့် Rights နှင့် တာဝန်ရှိမှု Responsibilities တို့ဆက်စပ် နေမှုကို ဂရုပြုရန်လိုကြောင်း၊ ထို့ကြောင့် ဈေးကွက် စီးပွားရေး အခြေအနေနှင့် လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးကို အလေးထားစဉ်းစားပြီး မြန်မာနိုင်ငံ၏ လက်ရှိ အခြေအနေနှင့် သင့်လျော်မည့် နှုန်းထားတစ်ခု အတည်ပြုနိုင်ရန် ကြွရောက်လာကြသည့် အမျိုးသားကော်မတီဝင်များနှင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကော်မတီဥက္ကဋ္ဌများက ပြင်ဆင်သတ်မှတ်မည့် အနည်းဆုံး အခကြေးငွေနှုန်းထားကို အလေးထားသုံးသပ်အဆိုပြုပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများမှ အဆိုပြု အနည်းဆုံး အခကြေးငွေသတ်မှတ်နိုင်ရေးအတွက် ပွင့်လင်းမြင်သာစွာ အပြန်အလှန် ဆွေးနွေးခဲ့ကြကြောင်းနှင့် ဆွေးနွေးပွဲအပြီးတွင် အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီမှ အဆိုပြု အနည်းဆုံး အခကြေးငွေနှုန်းထားအား တစ်ရက်လျှင် ၄၈၀၀ ကျပ်သတ်မှတ်ခဲ့ပြီး အလုပ်သမား ၁၀ ဦးနှင့်အထက် အကျုံးဝင်သတ်မှတ်ပေးနိုင်ရေး ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါဆုံးဖြတ်ချက်အား ကန့်ကွက်ရန်ရှိပါက ရက်ပေါင်း ၆၀ အတွင်း အနည်းဆုံး အခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီသို့ ကန့်ကွက်လွှာ ပေးပို့နိုင်ကြောင်း ဆွေးနွေးဆုံးဖြတ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အခြေခံသံတမန်ရေးရာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၉/၂၀၁၇)သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံ သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၃၉/၂၀၁၇)သင်တန်းဆင်းပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(ရန်ကုန်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။ **(ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အငြိမ်းစား သံအမတ်ကြီးများက သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲသို့ အငြိမ်းစား သံအမတ်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဝါရင့်သံတမန်များ၊ တက္ကသိုလ်များမှ ပါမောက္ခများ၊ သင်တန်းနည်းပြ ဆရာကြီး၊ ဆရာမကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် သံတမန်ရေးရာနှင့် သက်ဆိုင်သည့် အခြေခံဘာသာရပ်များ၊ စေ့စပ်ညှိနှိုင်းမှုပညာ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်များ၊ အပြည်ပြည်ဆိုင်ရာ ဥပဒေဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာ ညီလာခံများ ကျင်းပခြင်း၊ မျက်မှောက်ခေတ် နိုင်ငံတကာရေးရာများ၊ စီးပွားရေးဆိုင်ရာ ဘာသာရပ်များ စသည်တို့ကို စာတွေ့၊ လက်တွေ့ပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ် ကြာမြင့်ခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီးဌာနက သံတမန်ရေးရာနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များအား စိတ်ပါဝင်စားသူများအတွက် အခြေခံသံတမန်ရေးရာ ကျွမ်းကျင်မှု သင်တန်းများကို ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ဖွင့်လှစ်ခဲ့ရာ ယနေ့အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၆၇၃၃ ဦးအထိ တက်ရောက်ခဲ့ပြီးဖြစ်သည်။

**သတင်းစဉ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃) ကော်လံ(၁) ပါ ပုံစာသား၌ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ပထမအကြိမ် အစည်းအဝေးတွင် ဆွေးနွေးမှုများကို မသန်စွမ်းသူများအား ပြန်လည်ရှင်းပြနေစဉ်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရန် AGTI Society ကျောင်းသားဟောင်းများအသင်းက ကျပ်သိန်း ၁၀၀ လှူ

**စစ်တွေ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် မောင်တောဒေသ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် AGTI Society ကျောင်းသားဟောင်းများအသင်းက အလှူငွေကျပ် ၁၀၀ သိန်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များ၌ ဩဂုတ် ၂၅ ရက် နံနက်ပိုင်းက ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေကျပ် သိန်း ၁၀၀ကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဌေးခန်းမ၌ ယနေ့နံနက်ပိုင်းတွင် AGTI Society ကျောင်းသားဟောင်းများအသင်းက လှူဒါန်းရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံရယူကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။ **(ယာပုံ)**

**ဝင်းမင်းစိုး (ပြန်/ဆက်)**



# ကိုယ့်ဒေသတိုးတက်ဖို့ ဆရာတစ်ယောက်အဖြစ်နဲ့ ဒေသအကျိုးထမ်းရွက်နိုင်လို့ ဂုဏ်ယူမိ

**ဦးဇေယျာချစ်မြတ်ဦး**



ဆရာ ဦးသန်းရွှေ



ဆရာ ဦးဇော်ဟန်ထွန်း



ဆရာ ဦးခင်ထွန်းမောင်



ဦးဇေယျာချစ်မြတ်ဦး

မောင်တော ဒီဇင်ဘာ ၂၉

**၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ဘူးသီးတောင်၊ မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်အစိုးရက ဝေးလံသော ကျေးလက်ဒေသများရှိ အခြေခံပညာကျောင်းများမှ ဆရာမများကို မြို့ပေါ်ကျောင်းများသို့ ပြောင်းရွှေ့ပေးခဲ့ပြီး ၎င်းတို့နေရာ၌ မလေးရှား၊ ထိုင်းနှင့် ဖားကန့်တို့တွင် သွားရောက်အလုပ်လုပ်ကိုင်ပြီး ပြန်ရောက်လာ၍ ကျောင်းဆရာအလုပ်ကိုစိတ်ဝင်စားသော ပညာတတ်လူငယ်များအား ဝန်ထမ်းခန့်ရန် အသက် ၃၀ ကန့်သတ်ချက်ကို ၃၅ နှစ်အထိ လျှော့ချပေးကာ ကျောင်းဆရာအလုပ်ကို ခန့်ထားပေးခဲ့ပါသည်။**

နေ့စားလပေးအဖြစ် ခန့်ထားပေးခဲ့သော အဆိုပါကျောင်းဆရာများအား ပြီးခဲ့သော ဩဂုတ်လက အမြဲတမ်းဝန်ထမ်းအဖြစ် အတည်ပြု ခန့်ထားပေးခဲ့ကြောင်း သိရသည်။ ယခုအခါ အဆိုပါကျောင်းဆရာများအား မောင်တောမြို့အထက ၂ ၌ KG နှင့် Grade-1 ၁၀ ရက်ကြာ သင်တန်း သင်ကြားပို့ချပေးလျက်ရှိရာ ကျောင်းဆရာ အလုပ်ကို စိတ်ပါဝင်စားစွာ လုပ်ကိုင်ရခြင်းအကြောင်းကို တွေ့ဆုံမေးမြန်းထားရာ စုစည်းဖော်ပြလိုက်ပါသည်။

**ဆရာ ဦးသန်းရွှေ**
**(မောင်တောမြို့နယ်၊ ဂါရာဘရွှန်မူလတန်းလွန်ကျောင်း)**

ကျွန်တော်က မလေးရှားနိုင်ငံမှာ အလုပ်သွားလုပ်ပြီး ပြန်လာခဲ့ပါတယ်။ မောင်တောအတွက် ပညာရေး၌နက ကျောင်းဆရာအလုပ် ခေါ်ပါတယ်။ မိဘတွေကလည်း ကျောင်းဆရာအလုပ်ကိုလုပ်ဖို့ တိုက်တွန်းပါတယ်။ ပထမကတော့ ကျောင်းဆရာအလုပ်ကိုခေါ်ယူတာ သိပ်မရှိပါဘူး။ အခုအလုပ်က ၃၅ နှစ်အောက် ခေါ်တာပါ။ အရင်ကတော့၃၀ နှစ်အောက်ခေါ်တာပါ။ အခု ၃၅ နှစ်အောက်ခေါ်လို့၊ ဒီအလုပ်ကို စိတ်ဝင်စားလို့ လျှောက်ခဲ့ပါတယ်။ နောက်ပိုင်းမှာလည်း ကျောင်းဆရာအလုပ်ကို စွဲစွဲမြဲမြဲ လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

**ဆရာ ဦးဇော်ဟန်ထွန်း**
**(ဘူးသီးတောင်မြို့နယ်၊ လက်ပံကိုင်းကျေးရွာ မူလတန်းကျောင်း)**

ဒီအလုပ်ကို မရခင် နိုင်ငံရပ်ခြားမှာ သွားရောက် လုပ်ကိုင်ခဲ့ပါတယ်။ သူများနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်တဲ့အခါ အစစအရာရာ အခက်အခဲတွေရှိပါတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရက ချမှတ်ထားတဲ့စည်းကမ်းတွေနဲ့ ဝန်ထမ်းတွေ ရဲ့နွေးထွေးမှုကို သဘောကျပါတယ်။ ဝါသနာလည်းပါတယ်ဆိုတော့ လုပ်ဖြစ်သွားတာပါ။ အခြားနိုင်ငံမှာ သူတို့သတ်မှတ်တဲ့စည်းကမ်းတွေ လိုက်နာရတဲ့အပြင် အလိုလို ကြောက်ရွံ့နေရတယ် ပေါ့ဗျာ။ လုံလုံခြုံခြုံလည်း မရှိဘူး။ မရှိလို့သာ သူများနိုင်ငံမှာ သွားလုပ်နေရတာပါ။ အသက်အန္တရာယ်လည်း စိုးရိမ်ရတယ်။ ကိုယ့်နိုင်ငံ၊ ကိုယ့်အစိုးရရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းရာလည်း ရောက်၊ ဝါသနာကလည်း ပါတယ်ဆိုတော့ ဒီအလုပ်ကို လုပ်ဖြစ်သွားတာပါ။

**ဆရာ ဦးခင်ထွန်းမောင်**
**(ဘူးသီးတောင်မြို့နယ်၊ အထက်ကြွေချောင်း မူလတန်းကျောင်း)**

ကျွန်တော်သင်ရတဲ့ ကလေးတွေက ခမီတိုင်းရင်းသားလေးတွေပါ။ တိုင်းရင်းသားတွေဆိုတော့သူတို့စကားနဲ့လွဲတာလေးတွေတော့ ရှိတာပေါ့ဗျာ။ ကြိုးစားပြီးတော့ ရွာခန့် ဆရာတွေနဲ့ ပူးပေါင်း သင်ပေးပါတယ်။ ကျွန်တော် ဒီအလုပ်မလုပ်ခင်က မလေးရှားမှာ ခုနစ်နှစ်လောက် လုပ်ဖူးပါတယ်။ ကျွန်တော်က ဘွဲ့ရပြီးသားပါ။ လုပ်ရတဲ့အလုပ်တွေက အောက်ခြေအလုပ်တွေဆိုတော့ အဆင်မပြေပါဘူး။ နိုင်ငံခြားသားလူမျိုးဆိုတော့ သူတို့ကခွဲခြားဆက်ဆံတယ်။ နှိမ်တယ်။ အောက်ခြေအလုပ်တွေပဲ လုပ်ရတယ်။

**ဦးဇေယျာချစ်မြတ်ဦး**

ကျွန်တော်က အခု မောင်တောမြို့နယ် အလက(ခွဲ) (မောင်နှမကျေးရွာ) ဒုတိယတန်းမှာရှိတဲ့ ကလေးတွေကို စာသင်ပြပေးနေပါတယ်။ ကျွန်တော့် မွေးရပ်မြေ ဇာတိကတော့ ရခိုင်ပြည်နယ် တောင်ကုတ်မြို့ပါ။ အရင်ကျွန်တော် စာသင်ရတဲ့ ရွာကတော့ မီးလောင်တဲ့အထဲ ပါသွားပါပြီ။ အဲဒီရွာကတော့ ရခိုင်တိုင်းရင်းသားတွေ မဟုတ်ကြလို့ စာသင်ပြရာမှာ အခက်အခဲတွေ ရှိခဲ့ပါတယ်။ အခု ကျောင်းမှာ ကလေးတွေကို စာသင်ရတာ အကုန်အဆင်ပြေပါတယ်။ ကျွန်တော်က အခုလိုဆရာတစ်ယောက်မဖြစ်ခင် ရန်ကုန်မှာ ခြောက်နှစ်လောက် နေထိုင်ခဲ့ပြီး ကုမ္ပဏီတစ်ခုမှာ လုပ်ခဲ့ပါသေးတယ်။ အဲဒီလို လုပ်နေရင်းက ဒီဘက်ဒေသတွေမှာ ဆရာတွေ ခန့်မယ်ဆိုတော့ ကျွန်တော် လျှောက်ခဲ့တာပါ။ ကိုယ့်ဒေသတိုးတက်ဖို့ တစ်ဖက်တစ်လမ်းက ကူညီနိုင်မယ့် လမ်းစလေး ရလာတဲ့အချိန်မှာ ကျွန်တော် ဆရာတစ်ယောက်အဖြစ်နဲ့ ဒေသအကျိုးကို ထမ်းရွက်နိုင်နေပြီဖြစ်လို့ ဂုဏ်ယူမိပါတယ်။

အဆိုပါ KG နှင့် Grade-1 သင်တန်းတွင် ဆရာ ဆရာမ ၅၃၄ ဦး အနက် ဆရာ ၄၅၂ ဦး တက်ရောက်လျက်ရှိသည်။

**သတင်း-မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**

# ရသေ့တောင်မြို့နယ်၌ ဓားခုတ်မှုကျူးလွန်သူ ရွာသားတစ်ဦးအား ခြောက်လုံးပြူးပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရသေ့တောင်မြို့နယ် အငူမော်ရဲကင်းစခန်းသို့ အငူမော်ကျေးရွာ ပိုက်ဆိပ်ရပ်နေသူ မစန္ဒာခင်(၃၆)နှစ်သည် ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိလာပြီး ၎င်း၏ခင်ပွန်း ဦးသန်းကြည် (၄၆) နှစ်နှင့် တစ်ရွာတည်းနေ စိုးသန်း (၃၅)နှစ်တို့သည် ၎င်းနေအိမ်တွင် အရက်အတူသောက်ရာမှ စကားများရန်ဖြစ်ပြီး စိုးသန်းက ဦးသန်းကြည်အား ဓားဖြင့်ခုတ်ခဲ့သည်ဟု လာရောက်တိုင်တန်းခဲ့ကြောင်း သိရသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် အငူမော်ကျေးရွာ ပိုက်ဆိပ်ရပ်သို့ သွားရောက်၍ စိုးသန်းအား ဖမ်းဆီးရာ အဖမ်းမခံဘဲ ဓားရှည်ဖြင့် ပြန်လည်ခုခံသဖြင့် ရဲတပ်သား လင်းလင်းထက်က BA-94 ဖြင့် တစ်ချက် ခြောက်လုံးပြူးပစ်ခတ်ခဲ့သဖြင့် စိုးသန်း**(ယာပုံ)**တွင် ယာညီ့သကျည်း ကျည်ရှပ်ထိမှန်ဒဏ်ရာ (မစိုးရိမ်ရ)နှင့် ဓားခုတ်ခံရသူ ဦးသန်းကြည်တွင် ဦးခေါင်းငယ်ထိပ်၊ ကျောကုန်းပြတ်ရှဒဏ်ရာများ(စိုးရိမ်ရ)ရရှိ၍ စစ်တွေမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့ရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုဖွင့် အရေးယူနိုင်ရန် စီစဉ်ထားလျက်ရှိသည်။

**သတင်းစဉ်**



# စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀ နှင့် ဆေးခြောက် ၁၄၅၆ ဂရမ် ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ဒီဇင်ဘာ ၂၇ ရက် ည ၉ နာရီခွဲတွင် သတင်းအရ မောင်တောမြို့နယ် မောင်နီရွာနေ အဒူဟာရှိန်း(၂၈)နှစ်နေအိမ်အား ဝင်ရောက်ရှာဖွေရာ အဒူဟာရှိန်းနှင့်အတူ တစ်ရွာတည်းနေ ဂျော်မိန်စတန်(၂၇)နှစ်ပါ အမျိုးသား လေးဦးတို့ကို တွေ့ရှိရပြီး နေအိမ်အတွင်းမှ WY နှင့် R စာတမ်းပါ ငွေကျပ် ၁၃၂၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၆၆၀ နှင့် ငွေကျပ် ၅၈၀၀၀ တန်ဖိုးရှိ ဆေးခြောက် ၁၄၅၆ ဂရမ်တို့အား ဖမ်းဆီးရမိခဲ့သဖြင့် မောင်တောမြို့မစခန်း၌ အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

**သတင်းစဉ်**





ကလေးငယ်အား ခေါ်ဆောင်လာသူ မမီမီဌေး

# သံတွဲလေဆိပ်၌ ကလေးငယ်တစ်ဦး ခေါ်ဆောင်သူအား ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၁၁ နာရီတွင် သံတွဲမြို့နယ် သံတွဲလေဆိပ်၌ ရောက်ရှိလာသည့် မြို့သစ်ရပ်ကွက် ပုဏ္ဏားကျွန်းမြို့နယ် နေသူ မမီမီဌေး(၃၀)နှစ်နှင့် စစ်တွေမြို့နယ် ဆေးသမားအုပ်စု ဒုက္ခသည်စခန်းနေ သားငယ်(ခ) ဟာမီဒူရော်ရှီးရှစ်နှစ်တို့အား မသင်္ကာသဖြင့် ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ သံတွဲမြို့နယ် ဆင်ခေါင်းကျေးရွာနေသူ ဦးတင်သန်း (၄၉)နှစ်သည် ကလေးငယ် တစ်ဦးကို စစ်တွေမှ ရန်ကုန်သို့ ပို့ဆောင်ပေးပါက ငွေကျပ်တစ်သိန်းပေးမည်ဖြစ်ကြောင်း ပြောသဖြင့် ဒီဇင်ဘာ ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် ရိုးမရာဇာ ခရီးသည်တင်ယာဉ်ဖြင့် စစ်တွေမြို့မှ သံတွဲမြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

သံတွဲလေဆိပ်သို့ ရောက်ရှိစဉ် ဦးတင်သန်းက မမီမီဌေးနှင့် သားငယ်(ခ)ဟာမီဒူရော်ရှီးတို့အတွက် လေယာဉ်လက်မှတ် နှစ်စောင်ပေးခဲ့ပြီး မမီမီဌေးနှင့် သားငယ်တို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးနေစဉ် ဦးတင်သန်း တိမ်းရှောင်သွားခဲ့ပြီး အမှုနှင့်သက်ဆိုင်သူ နှစ်ဦးအား ဂျိတ္တောနယ်မြေရဲစခန်းတွင် အမှုဖွင့် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# မန္တလေး၌ သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ဆရာတော်များထံမှ ဩဝါဒခံယူ



**မန္တလေး ဒီဇင်ဘာ ၂၉**
မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ထိုင်းနိုင်ငံဓမ္မကာယကျောင်းနှင့် မြန်မာပြည်မှ အလှူရှင်များ စုပေါင်း၍ လှူဒါန်းမည့် သံဃာအပါး ၂၀၀၀၀ ဆွမ်းဆန်စိမ်း လောင်းလှူပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ချမ်းမြသာစည် လေဆိပ်ဟောင်းဝင်းအတွင်း ကျင်းပမည့် အခမ်းအနားအောင်မြင်စွာ လှူဒါန်းနိုင်ရေးအတွက် မန္တလေးခရိုင်အတွင်းရှိ ခုနစ်မြို့နယ်များမှ မြို့နယ်သံဃနာယက ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော် ၂၁ ပါးတို့ထံမှ ဩဝါဒခံယူသည့် အခမ်းအနားကို ဒီဇင်ဘာ ၂၈ ရက် မွန်းလွဲပိုင်းက မဟာမုနိဘုရားကြီး မိုးကောင်းဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် အခမ်းအနား ကျင်းပမည့်ပုံစံနှင့် ဆရာတော်များ ပံ့ပိုးဆောင်ရွက်ပေးရန် လိုအပ်ချက်များကို အခမ်းအနားကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးလင်းက လျှောက်ထားတင်ပြသည်။ ဆရာတော်များထံမှ ဩဝါဒခံယူခဲ့ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော အခမ်းအနား ကျင်းပရေးကော်မတီ အဖွဲ့ဝင် တိုင်းဒေသကြီး သာသနာရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်တင့်၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် တာဝန်ရှိသူများ၊ အဖွဲ့ဝင်တို့က ဝိုင်းဝန်းဆွေးနွေးတင်ပြကြပြီး ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီက ခုနစ်မြို့နယ် မြို့နယ်သံဃနာယက ဥက္ကဋ္ဌများနှင့် အကျိုးတော်ဆောင် ဆရာတော်များက စီစဉ်ဆောင်ရွက်ထားမှုများ လိုအပ်သည်များရှိပါက ပြင်ဆင်နိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးကြည့်ရှု သွားမည်ဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# မင်းကင်းမြို့နယ် ပသေးကျေးရွာတွင် ယာမြေတူးဖော်ရာမှ ရှေးဟောင်းဘုရားဆင်းတုတော်များ တူးဖော်ရရှိ

**မင်းကင်း ဒီဇင်ဘာ ၂၉**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ် ပသေးကျေးရွာအုပ်စု ပသေး (မြောက်)ရွာတွင် ဒီဇင်ဘာလ ဒုတိယပတ်က အခြေခံပညာအထက်တန်းကျောင်းအနီး ဦးလုံအော်၏ ယာမြေကွက်ပေါ်၌ ယင်းမာပင်အမြစ်အောက်တွင် ဝက်တစ်ကောင်က နှုတ်သီးဖြင့် ထိုးဆွနေစဉ် ဘုရားဆင်းတုတော်ခေါင်းများပေါ်လာ၍ တူးဖော်ကြည့်ရာ ဉာဏ်တော်တစ်ပေကျော်ရှိ ကြေးဆင်းတုတော်တစ်ဆူနှင့် စကျင်ဆင်းတုရုပ်ပွားတော်သုံးဆူတို့ကို စတင်တူးဖော်ရရှိပြီး ဆက်လက်တူးဖော်ရာမှ ဆင်းတုတော် ၃၄ ဆူ၊ ဘုရားစာပါ တစ်ဆူနှင့် အခြားငွေဆင်းတု ရုပ်ပွားတော် စုစုပေါင်း အဆူ ၅၀ တို့ကို ထပ်မံတူးဖော်ရရှိခဲ့သည်။

အဆိုပါ တူးဖော်ရရှိသည့် ရှေးဟောင်းဘုရားဆင်းတုတော်များကို ပသေးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းသို့ ပင့်ဆောင်ပူဇော် ထားကြောင်း သိရသည်။ **ချင်းတွင်းသား**






# ကော့သောင်းမြို့၌ ကလေးစာပေပွဲတော် စည်ကားသိုက်မြိုက်ပျော်ရွှင်စွာကျင်းပ

**ကော့သောင်း ဒီဇင်ဘာ ၂၉**
တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၌ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်းကျင်းပသည့် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီက ကော့သောင်းမြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပကြသည်။

ရှေးဦးစွာ ကလေးစာပေပွဲတော်အား တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေထွန်းနှင့် ထူးချွန်ကျောင်းသူနှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက အမှာစကားပြောကြားကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်နီနီချိုက ကလေးစာပေပွဲတော် ကျင်းပရခြင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဧည့်သည်တော်များက ကလေးစာဖတ်ခန်း၊ စာအုပ်ပြပွဲ၊ ဆလုံလူမျိုးများ ရိုးရာဓလေ့ပြခန်း၊ ဌာနဆိုင်ရာများ၏ အသိပညာပေးပြခန်းများနှင့် ဂိမ်းကစားပြိုင်ပွဲများကို လှည့်လည်ကြည့်ရှု အားပေးသည်။

ကလေးစာပေပွဲတော်တွင် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ခွက်နင်းပြိုင်ပွဲ၊ ဖိနပ်စီးပြိုင်ပွဲ၊ ပူဖောင်းညှပ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲ၊ စကားပုံဆက်ပြိုင်ပွဲများကို နှစ်ရက်တာစည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ပွဲတော်တွင် မြို့ခံစာအုပ်အရောင်းဆိုင်များမှ သုတရသ၊ ပုံပြင်နှင့် ကလေးစာအုပ်စာစောင်များ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**



# နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ် ယာဉ်စစ်ဆေးရက်ချိန်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် ပြောင်းလဲကျင့်သုံးမည်

## အသိပေးကြေညာခြင်း

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးတွင် နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးယာဉ်စီးရေ များပြားသဖြင့် အချိန်ကြာမြင့်ခြင်း၊ လမ်းများပေါ်တွင် တန်းစီစောင့်ဆိုင်းရသည့်ယာဉ်များကြောင့် ယာဉ်ကြောကျပ်တည်းမှုဖြစ်ပေါ်ခြင်းများ လျော့နည်းသက်သာစေရန်အတွက် နှစ်လဲမှတ်ပုံတင်ယာဉ်စစ်ဆေးရက်ချိန်းအား ကြိုတင်စာရင်းသွင်းသည့်စနစ် (Online Booking System) ကို ၂-၁-၂၀၁၈ ရက် (အင်္ဂါနေ့)မှစတင်၍ ပြောင်းလဲကျင့်သုံးသွားမည်ဖြစ်ပါသည်။

၂။ ယာဉ်ပိုင်ရှင်များသည် မိမိယာဉ်စစ်ဆေးလိုသည့်ရက်ကို ၂၇-၁၂-၂၀၁၇ ရက်(ဗုဒ္ဓဟူးနေ့)မှစတင်၍ www.rtad.gov.mm Website တွင် Online Booking ကြိုတင်စာရင်းသွင်းနိုင်မည်ဖြစ်ပါသည်။

၃။ Online Booking System အား နှစ်လဲမှတ်ပုံတင် မော်တော်ယာဉ်များအတွက်သာ စတင်ဆောင်ရွက်မည်ဖြစ်ပြီး နယ်ဝင်ယာဉ်များ၊ ပြောင်းလဲခြင်း(ဥပမာ- စက်ပြောင်း၊ ဆေးရောင်ပြောင်း၊ အမည်ပြောင်း၊ .... စသည်ဖြင့်) စစ်ဆေးခံမည့်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသည် Online Booking ရယူရန်မလိုဘဲ ယခင်အတိုင်းသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၄။ ရုံးဖွင့်ရက်တစ်ရက်လျှင် နံနက်ပိုင်း ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိနှင့် နေ့လယ်ပိုင်း ၁နာရီမှ ၃ နာရီခွဲအထိ နှစ်ကြိမ်ခွဲ၍ ရုံးများအလိုက် အောက်ပါမော်တော်ယာဉ်စီးရေများအတိုင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်-

(စီးရေ)

| စဉ် | ရုံးအမည် | နံနက်ပိုင်း | နေ့လယ်ပိုင်း | စုစုပေါင်း | မှတ်ချက် |
|---|---|---|---|---|---|
| (က) | ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) | ၇၅ | ၇၅ | ၁၅၀ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၅၀ | ၁၂၀ | ၂၇၀ | ကိုယ်စားလှယ် |
| (ခ) | ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း) | ၁၁၀ | ၆၅ | ၁၇၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၂၇၅ | ၂၀၀ | ၄၇၅ | ကိုယ်စားလှယ် |
| (ဂ) | ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) | ၇၅ | ၅၀ | ၁၂၅ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၁၂၅ | ၁၀၀ | ၂၂၅ | ကိုယ်စားလှယ် |
| (ဃ) | ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း) | ၁၂၀ | ၁၀၀ | ၂၂၅ | ပိုင်ရှင်ကိုယ်တိုင်၊ ကိုယ်စားလှယ် |
| (င) | တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) | ၁၂၀ | ၈၀ | ၂၀၀ | ပိုင်ရှင်ကိုယ်တိုင် |
| | | ၃၀ | ၃၀ | ၆၀ | ခရီးသည်တင်ယာဉ် |

၅။ သို့သော် Online Booking ရယူရန် အခက်အခဲရှိသူများ နှစ်လဲမှတ်ပုံတင်သက်တမ်းတိုးဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် လ တစ်လ၏ နောက်ဆုံးရုံးဖွင့်ရက်နှစ်ရက်ကို Online Booking ရက်ချိန်းယူရန်မလိုဘဲ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၆။ Online Booking ကို အနည်းဆုံး သုံးရက်မှ အများဆုံး ၃၀ ရက်အထိ ကြိုတင်ရယူနိုင်ပြီး Online အသုံးပြုရန် အသေးစိတ်အချက်အလက်များအား www.motc.gov.mm, www. myanmarrtad. com, www .rtad. gov.mm Website များနှင့် Ministry of Transport and Communications, Myanmar Facebook Page များတွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။ မရှင်းလင်းသည်များရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ရုံးချုပ်(နေပြည်တော်) - ၀၆၇-၃၄၀၅၃၅၉၊ ၀၆၇-၃၄၀၅၀၉၉
- တိုင်းဒေသကြီးရုံး(ရန်ကုန်) - ၀၁-၅၇၀၉၆၇
- တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)- ၀၁-၂၅၈၅၀၈၂
- ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း) - ၀၁-၅၉၀၁၀၇
- ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း) - ၀၁-၅၇၃၁၀၉
- ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း) - ၀၁-၃၆၄၄၄၁၀
- ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) - ၀၅၆-၂၁၀၈၀

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ကချင်ပြည်နယ်ရှိ ဘိန်းခင်းဧက ၁၀၀ ကျော်ကို ဖျက်ဆီး

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီမြို့နယ်၊ ချီဖွေမြို့နယ်အတွင်းရှိ ဘိန်းခင်း ဧကပေါင်း ၁၀၀ ကျော်ကို ဖျက်ဆီးခဲ့ကြောင်း ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ချီဖွေမြို့နယ်အတွင်းရှိ လန်းဂျောရွာ ဝူးကွေ့ရွာနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ဝေမိုးကျေးရွာ၊ လငန်ကျေးရွာ၊ ရှငေါ် ကျေးရွာ၊ ရှဖကျေးရွာ၊ စင်ကြိုင် ကျေးရွာ၊ ချောင်းမော်ကျေးရွာ၊ ရှမ်းကြူရွာသစ်၊ ချောင်းမော-လုံရှာအနီး၊ အထက်ဘာတွန်၊ အောက်ဘာတွန်၊ ယင်းရွာပတ်ဝန်းကျင်အနီးရှိ ဘိန်းခင်းများကို ဖျက်ဆီးခဲ့ကြောင်း။

အဆိုပါခရီးစဉ်တွင် နယ်မြေခံတပ်၊ ရဲတပ်ဖွဲ့၊ မူးယစ်တပ်ဖွဲ့စု ၂၊ ပြည်သူ့စစ်၊ နယ်ခြားစောင့်တပ်၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အတွင်း ဖွဲ့စည်းထားသည့် မူးစိတ်တားအဖွဲ့ဝင်များ စုစုပေါင်း ၁၀၀ ခန့်ပါဝင်၍ ဒီဇင်ဘာ ၁၄ ရက်မှ ၂၄ ရက်အထိ ဘိန်းခင်း ဧကပေါင်း ၁၅၇ ဒသမ ၆၂ဧကကို သွားရောက်၍ ဖျက်ဆီးခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဘိန်းခင်းသွားဖျက်တဲ့အခါ ဧကတစ်ရာကျော်ကို ဖျက်ဆီးခဲ့တယ်။ ဘိန်းစိုက်ပျိုးတဲ့သူတွေကို ပညာပေး ဆွေးနွေးတဲ့အခါ သူတို့က ဘိန်းအစားထိုး သီးနှံချပေးဖို့ အဲ့ဒီ သီးနှံတွေကို ဝယ်လက်ရှာပေးဖို့နဲ့ လာဝယ်တဲ့သူတွေ အဆင်ပြေစေဖို့ လမ်းတံတားတွေဖောက်လုပ်ပေးပါလို့ ဘိန်းစိုက်တောင်သူ ဒေသခံတွေက သက်ဆိုင်ရာ တာဝန်ရှိသူတွေကို ကျွန်တော်တို့ကနေတစ်ဆင့် ပြောခိုင်းပါတယ်"ဟု မြစ်ကြီးနားခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ခရိုင်ရဲမှူး သိန်းနိုင်က ပြောသည်။

ယခင်နှစ်များကလည်း ဘိန်းခင်းများကို သွားရောက်ဖျက်ဆီးမှုများ ဆောင်ရွက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်တွင် ဘိန်းစိုက် ဧက ၂၈၉ ဒသမ ၁၀ ဧကကို ဖျက်ဆီးခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**



ဝိုင်းမော်မြို့နယ် ကန်ပိုက်တီဒေသအတွင်း စိုက်ပျိုးထားသော ဘိန်းခင်းများအား လိုက်လံဖျက်ဆီးစဉ်။ မြို့နယ်(ပြန်/ဆက်)

# နစ်မြုပ်ရေယာဉ်မှ ပျောက်ဆုံးနေသော ရေလုပ်သားငါးဦးအား ဆက်လက်ရှာဖွေလျက်ရှိ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့မှ ဦးသာထွန်းပိုင် ကမ်းဝေးငါးဖမ်း ရေယာဉ်နစ်မြုပ်မှုတွင် ပျောက်ဆုံးလျက်ရှိသော ရေလုပ်သား ငါးဦးအား ပင်လယ်ပြင်တွင် ဒေသခံ ငါးဖမ်း ရေယာဉ်များက ဝိုင်းဝန်းရှာဖွေလျက်ရှိပြီး ဒီဇင်ဘာ ၂၉ ရက် ညနေပိုင်းက ဦးသာထွန်းပိုင် နောက်ထပ် ငါးဖမ်းရေယာဉ်တစ်စင်းဖြင့် ရှာဖွေကယ်ဆယ်ရေးပြုလုပ်ရန် ထွက်ခွာသွားကြောင်း သိရသည်။

ပျောက်ဆုံး ရေလုပ်သားငါးဦးမှာ ယခုအချိန်အထိ ရှာဖွေတွေ့ရှိမှု မရှိသေးကြောင်း သိရသည်။ ပျောက်ဆုံး ရေလုပ်သားများနှင့် ပတ်သက်၍ ဒေသခံ ငါးဖမ်းရေယာဉ်များ၊ အုပ်ချုပ်ရေးအဖွဲ့များ၊ နယ်မြေခံရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားထားပြီး ရှာဖွေရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်သူဟိန်း**



မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦး၏ ဦးဆောင်မှုဖြင့် ဒီဇင်ဘာ ၂၈ ရက်က ကျိုက်မရောမြို့နယ် ကျုံဝမ်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံးရှေ့၌ ပြည်နယ် ရဲအကူတပ်ဖွဲ့ခွဲမှ ဒုရဲမှူးထွန်းနိုင်ထွေးနှင့် တရနာရဲကင်းစခန်းမှူး ရဲအုပ် ခင်မောင်ထွေးနှင့်အဖွဲ့မှ မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဟောပြောဆောင်ရွက်စဉ်။

၁၃၈

# အင်အား အသင့်အတင့်ရှိ ငလျင်လှုပ်

**ယင်းမာပင် ဒီဇင်ဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ယင်းမာပင်၊ ကနီ၊ ဆားလင်းကြီး၊ ပုလဲ စသည့် လေးမြို့နယ်တို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီ ၅၃ မိနစ်က အင်အားအသင့်အတင့်ရှိ ငလျင်လှုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ထိုသို့ ငလျင်လှုပ်စဉ်အတွင်း ခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်တို့မှ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တို့တွင် ဘုရားပုထိုးစေတီများနှင့် ဘုန်းကြီးကျောင်းများ၊ အများပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လူနှင့် တိရစ္ဆာန်များ ထိခိုက်ပျက်စီးမှုမရှိကြောင်း သတင်းရရှိသည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပါရန်

ဒီဇင်ဘာ ၂၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၇ ၌ ပါရှိသော "နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီကို အစည်းအဝေးအပြီးတွင် ရန်ကုန် NRPC ရုံးရှေ့၌ တွေ့ရစဉ်" ပုံစာအား "နာဂအမျိုးသား ဆိုရှယ်လစ်ကောင်စီနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ(PC)တို့ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် မှတ်တမ်းဓာတ်ပုံ ရိုက်စဉ်"ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။ **(စာတည်းအဖွဲ့)**

# မူးယစ်ဆေးဝါးနှင့် ဟိုက်ဒြိုကလိုရစ်အက်စစ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၇ ရက် နံနက် ၃ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းကွင်းလမ်း၌ ကုဋေဌေး မောင်းနှင်ပြီး ဇော်ထွန်းနှင့် ညီညီတို့ လိုက်ပါလာသည့် ၁၂ ဘီး မော်တော်ယာဉ်ကို ရှာဖွေရာ ဟိုက်ဒြိုကလိုရစ်အက်စစ်အရည် ပလတ်စတစ် ပီပါ ၅၁ လုံး (ဟိုက်ဒြိုကလိုရစ်အက်စစ်အရည် လီတာ ၁၀၂၀၀) နှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေးတောင်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အမရပူရမြို့နယ် မြစ်ငယ်-ထုံးဘိုကားလမ်းဘေးရှိ ဆောက်တောဝကျေးရွာ အမှတ် ၂၅၆ ရှိ ခြံဝင်းကိုရှာဖွေရာ ခြံစောင့်ကြည်ဝင်းနှင့် ဇော်မျိုးထွန်း(ခ) တရုတ်ကြီးတို့ကိုတွေ့ရှိရပြီး ခြံဝင်းရှိ ဂိုဒေါင်အတွင်းမှ ဟိုက်ဒြိုကလိုရစ်အက်စစ်အရည်ပါ ပလတ်စတစ်ပီပါ သုံးလုံး (ဟိုက်ဒြိုကလိုရစ်အက်စစ် လီတာ ၅၄၀)နှင့် မော်တော်ဆိုင်ကယ် ခုနစ်စီးတို့ကို လည်းကောင်း ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**

# တရားဝင်စာရွက်စာတမ်းတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၂၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၁၀၁ စီး၊ သွင်းကုန် ၁၁၄၆ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀၊ သွင်းကုန် ၁၄၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှု ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်၌ ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၀၀၆ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ငါးမှု ခန့်မှန်း တန်ဖိုးငွေကျပ် ၂ ဒသမ ၅၈၄ သန်းခန့် စုစုပေါင်းတားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် သန်း ၁၈ ဒသမ ၅၉၀ ခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှု အနေဖြင့် ဒီဇင်ဘာ ၂၈ ရက်က မန္တလေးသို့ သွားရောက်မည့် Nissan (22)ယာဉ်တစ်စီး၊ Nissan (12)ယာဉ်နှစ်စီးနှင့် Canter ခြောက်ဘီးယာဉ်တစ်စီးအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော အဝတ်အထည်၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်း စုစုပေါင်း ၁၅ မျိုး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၀၀၆ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့သည်။

**ဖမ်းဆီးခဲ့**

ထို့အတူ ဒီဇင်ဘာ ၂၆ ရက်က မန္တလေးသို့ သွားရောက်မည့် Toyota Wish ယာဉ်တစ်စီးကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော Wave X 10 Handset (1×50U) (5) Pkgs, Wave T3 Tablet (1×20U) (7) Pkgs စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ခြောက်သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသော အဝတ်အထည်၊ လျှပ်စစ်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ

# ကားကို ဆိုင်ကယ်ဝင်တိုက်ပြီး ဆိုင်ကယ်သမား သေဆုံး

**ဝမ်းတွင်း ဒီဇင်ဘာ ၂၉**

ဝမ်းတွင်းမြို့နယ်၌ ရှေ့မှမောင်းနှင်နေသော ကန်တာယာဉ်ကို အရှိန်လွန်ကာ နောက်မှဝင်ရောက်တိုက်မိသည့် ဆိုင်ကယ်သမား ဆေးရုံသို့ သွားရာလမ်း၌ သေဆုံးမှုဖြစ်ပွားခဲ့သည်။

ရန်ကုန်-မန္တလေးသွားကားလမ်း ဝမ်းတွင်းဆည်တံတားအနီးတွင် ဝမ်းတွင်းနေ အထည်ချုပ်လုပ်သား ဦးဝင်းအောင်(၅၂နှစ်) မောင်းနှင်သော ဆိုင်ကယ် ၄၂ယ/------မှာ အရှိန်လွန်ပြီး လားရာတူလမ်းအတိုင်း ၎င်း၏ရှေ့မှ ကန်တာယာဉ်၏ နောက်ပိုင်းကို ဝင်ရောက်တိုက်မိခဲ့ပြီး ဆိုင်ကယ်မှာ လဲကျကာ ဦးဝင်းအောင်မှာ ဒဏ်ရာများရရှိသဖြင့် မန္တလေးဆေးရုံသို့ ပို့ဆောင်ရာလမ်း၌ သေဆုံးခဲ့ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# စွပ်စွဲပြောဆိုခဲ့သည့်ကိစ္စအား မကျေနပ်၍ ဓားခုတ်မှုဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ဥယျာဉ်ပု (အရှေ့)ကျေးရွာတွင် ဒီဇင်ဘာ ၂၈ ရက် ညနေ ၆ နာရီခွဲက ဓားခုတ်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာနေ ထွန်းအောင်(ခ) ဘိုတိ(၄၀နှစ်)သည် ၎င်းအား တစ်ရွာတည်းနေ အောင်ရှိန်(၄၆နှစ်)က ဓားသူခိုးဟု စွပ်စွဲပြောဆိုခဲ့သည့်ကိစ္စအား မကျေနပ်၍ ထွန်းအောင်(ခ)ဘိုတိက ဓားဖြင့်ခုတ်ခဲ့၍ အောင်ရှိန်တွင် ပြတ်ရှဒဏ်ရာများရရှိခဲ့သည်။ အဆိုပါဖြစ်စဉ်နှင့် စပ်လျဉ်း၍ ထွန်းအောင်(ခ) ဘိုတိအား မင်းတုန်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




# သင်တန်းဆင်းပွဲအခမ်းအနားနှင့် ၂၀၁၇ ခုနှစ်YDPPC ဖလား ဗိုလ်လုပွဲ ကျင်းပ

**မန္တလေး ဒီဇင်ဘာ ၂၉**

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ဗထူးအားကစားကွင်းတွင် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် မန္တလေး တိုင်းဒေသကြီး ဘောလုံးဆပ်ကော်မတီနှင့် (Youth Development Pilot Project Committee- YDPPC) တို့ ပူးပေါင်းကျင်းပသော သင်တန်းဆင်းပွဲအခမ်းအနားနှင့် ၂၀၁၇ ခုနှစ် YDPPC ဖလား ဗိုလ်လုပွဲ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ၂၀၁၇ ခုနှစ် YDPPC ဖလား (U-11,12) (U-13) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် မဟာအောင်မြေမြို့နယ်အသင်းနှင့် ပုသိမ်ကြီးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို အားပေးကြည့်ရှုရာ အဆိုပါ ဗိုလ်လုပွဲ U-13 သက်တန်းပွဲ၌ ပုသိမ်ကြီးမြို့နယ်အသင်းက မဟာအောင်မြေမြို့နယ်အသင်းကို တစ်ဂိုး-ဂိုးမရှိနှင့် (U-11, U-12)သက်တန်းပွဲတွင် ပုသိမ်ကြီးမြို့နယ်အသင်းက မဟာအောင်မြေမြို့နယ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြသည်။

ဆက်လက်၍ ဆုပေးပွဲအခမ်းအနား ကျင်းပရာ ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တာဝန်ရှိသူများက သင်တန်းအောင်မြင်ရေးအတွက် ကူညီထောက်ပံ့ပေးခဲ့ကြသူများ၊ သင်တန်းပျက်ရက်မရှိ တက်ကြွစွာ လေ့ကျင့်သင်ယူခဲ့ကြသည့် သင်တန်းသားများ၊ (U-11;U-12) နှင့် (U-13)ပြိုင်ပွဲတို့မှ ဒုတိယဆုရ မဟာအောင်မြေမြို့နယ်အသင်းမှ အားကစားသမားများကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ ပထမဆုရ ပုသိမ်ကြီးမြို့နယ်အသင်းမှ အားကစားသမားများကို တစ်ဦးချင်းဆုတံဆိပ်ငွေသားဆုများနှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ အမှတ်တရဓာတ်ပုံများ ရိုက်ကူးသည်။ **(အပေါ်ပုံ)**

**တင်မောင်(မန်းကိုယ်ပွား)**


# Pyin Oo Lwin Fight 1 မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ စာနယ်ဇင်းရှင်း

**ပြင်ဦးလွင် ဒီဇင်ဘာ ၂၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးမှူး၍(GTG Group)မှ ဦးစိုးမင်း၏ အဓိက ပံ့ပိုးမှုဖြင့် ဆရာ ဦးဖိုးထောင် စီစဉ်သည့် ဒီဇင်ဘာ ၃၀ ရက်တွင် ကျင်းပမည့် Pyin Oo Lwin Fight 1 မြန်မာ့ရိုးရာလက်ဝှေ့ မျိုးဆက်သစ် အားစမ်းပွဲနှင့် စိန်ခေါ်ပွဲအတွက် စာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၈ ရက်က ပြင်ဦးလွင်မြို့ ခရိုင် မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ဆရာကြီး ကီးမားဦးတင်ဝင်းက ကျင်းပမည့် ပြိုင်ပွဲ၏ တွဲဆိုင်းများ အကြောင်း ရှင်းလင်းတင်ပြသည်။

ပြိုင်ပွဲကျင်းပမည့် ဒီဇင်ဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီတွင် ခရိုင်မိုးလုံလေလုံ အားကစားရုံ၌ ရွှေခါးပတ်ချန်ပီယံ သားအသည်းတစ်ပွင့်နှင့် ရွှေခါးပတ်ချန်ပီယံ ဒေါနအောင်(ဖီးနစ်) တွဲဆိုင်း အပါအဝင် တွဲဆိုင်း ၁၀ ဆိုင်းဖြင့် ကျင်းပမည်ဟု သိရသည်။

အမျိုးသမီးတွဲဆိုင်းအဖြစ် စုလှိုင်ဦး (တောင်ဇလပ်-ပြင်ဦးလွင်)နှင့် ရွှေစင်မင်း (မြွေဟောက်မင်း)တို့ တွဲဆိုင်းလည်း ပါဝင်မည်ဖြစ်သည်။ **ခင်ခင်ဝင်း(ပညာရေး)**




# မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲ ကျင်းပ

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာတက္ကသိုလ် ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲကို ဒီဇင်ဘာ ၂၉ ရက် နံနက် ၇ နာရီက မိတ္ထီလာပညာရေးကောလိပ် အားကစားကွင်း၌ ကျင်းပသည်။

**ပါဝင်ယှဉ်ပြိုင်**

အဆိုပါ တက္ကသိုလ်ဘာသာရပ်ပေါင်းစုံ ပြေးခုန်ပစ်ပြိုင်ပွဲတွင် မီတာ ၁၅၀၀၊ မီတာ ၈၀၀၊ မီတာ ၄၀၀၊ မီတာ ၁၀၀ အမျိုးသား အမျိုးသမီး အပြေးပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ သံပြားပစ်ပြိုင်ပွဲ၊ လှံတံပစ်ပြိုင်ပွဲ၊ မီတာ ၄၀၀ လက်ဆင့်ကမ်း အပြေးပြိုင်ပွဲများကို ထည့်သွင်းကျင်းပရာ မြန်မာစာ၊ အင်္ဂလိပ်စာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ ပထဝီဝင်နှင့် အခြားဘာသာရပ်အလိုက် ကျောင်းသားကျောင်းသူ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲများအားလုံးကျင်းပပြီးနောက် ပြိုင်ပွဲအသီးသီးတွင် ဘာသာရပ်အလိုက် ထူးချွန်ဆုရရှိသူများအား တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဘဟန်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးချီးမြှင့်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

***ကျောဖုံးမှ***

ခေါ်ယူမှု ပြီးဆုံးသွားပြီဖြစ်ပြီး ပြီးခဲ့သည့်ရာသီက အသုံးပြုခဲ့သည့် တိုက်စစ်မှူး ခရစ္စတိုဖာကို သက်တမ်းတိုးထားကာ တောင်ကိုရီးယားကွင်းလယ်လူ လီဟန်ကွတ်ကို အသစ်ခေါ်ယူထားသည်။ ကင်မရွန်း လူငယ်တိုက်စစ်မှူး အာချာကို ခေါ်ယူခဲ့သော်လည်း ITC လက်မှတ်အခက်အခဲကြောင့် စာချုပ်ဖျက်သိမ်းကာ ပက်ထရစ်အား အစားထိုး ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် အာရှချန်ပီယံ အကြိုခြေစစ်ပွဲ ပထမအဆင့်အဖြစ် ဇန်နဝါရီ ၁၆ ရက်တွင် ဖိလစ်ပိုင်ကလပ် ဆီရက်စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ဖိုးသော်ဇင်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ မန္တလေးမြို့၊ အထွေ ထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူရသောလူနာများအတွက် ဆေးနှင့်ဆေးပစ္စည်းများ၊ ဆေးရုံသုံးပစ္စည်း(Consumable)၊ သွေးလှူဘဏ်၊ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ဌာနတို့အတွက် လိုအပ်သောဆေးနှင့်ဆေးပစ္စည်းများနှင့် အောက်ဆီဂျင်တို့အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါး၊ အောက်ဆီဂျင်နှင့်ပတ်သက်သော စာရင်းအသေးစိတ်ကိုသိရှိလိုပါက ဆေးရုံအုပ်ကြီးရုံးတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။
၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၅-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၉-၁-၂၀၁၈ရက် ညနေ ၄ နာရီ

**ဆေးရုံအုပ်ကြီး**
**အထွေထွေရောဂါကုဆေးရုံကြီး၊ မန္တလေးမြို့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်းများ ဆောင်ရွက်လို ပါသည်။
၂။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးတို့ရှိ ဘဏ်ခွဲ(၇၂)ခုတွင် Network များချိတ်ဆက်ပြီး ချေးငွေထုတ်ချေး ခြင်း၊ ကောက်ခံခြင်းဆိုင်ရာအချက်အလက်များပြုစုပေးပို့ခြင်း၊ ငွေစုလုပ်ငန်းများ၊ လချုပ်၊ နှစ်ချုပ်များရေးဆွဲခြင်းနှင့် ဘတ်ဂျက်အသုံးစရိတ်စာရင်းများရေးဆွဲခြင်း လုပ်ငန်းများကို ဘဏ်လုပ်ငန်းဆိုင်ရာ Software System ဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။
၃။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်နိုင်မည့် ပြည်တွင်းရှိကုမ္ပဏီ လုပ်ငန်းအဖွဲ့အစည်းများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်ပါသည်။
၄။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၂၉-၁-၂၀၁၈ရက် ၁၆း၀၀နာရီ
၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်) စီမံ(ပစ္စည်း)ဌာန၊ ဖုန်းအမှတ်-၀၁-၃၈၁၅၃၀၊ ၀၁-၃၇၁၄၃၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်**

**ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပဲခူးတိုင်းအနောက်ပိုင်းရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ တည်ဆောက်ရေး(၂)တွင်(၂၀၁၇-၂၀၁၈)ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်၊ ဂျပန်နိုင်ငံ၏ (ODA)ချေးငွေဖြင့် ဆောင်ရွက်မည့် တောင်နဝင်း၊ မြောက်နဝင်း၊ ဝဲကြီးနှင့် တောင်ညိုဆည်ရေသောက်စနစ် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လိုအပ်သော အဆင့်မြင့်ဒီဇယ်ဆီ(ပရီမီယံ)နှင့် သံချောင်းလုံး (ဆိုက်စုံ) များအား (မြန်မာကျပ်ငွေဖြင့်)ဝယ်ယူလိုပါသည်။

**တင်ဒါထုတ်ယူနိုင်သည့်ရက်** - ၂၉-၁၂-၂၀၁၇ရက် (သောကြာနေ့)
**နောက်ဆုံးတင်သွင်းရမည့်ရက်** - ၂၂-၁-၂၀၁၈ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ
**တင်ဒါဖွင့်မည့်ရက်** - ၂၅-၁-၂၀၁၈ရက် (ကြာသပတေးနေ့) ၁၃း၀၀နာရီ
**ဆက်သွယ်ရန်တယ်လီဖုန်း** - ၀၅၃-၂၈၅၃၃
**တင်ဒါပေးပို့ရမည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ ငွေစာရင်းဌာနစိတ်

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို ညွှန်ကြားရေးမှူးရုံး၊ တည်ဆောက်ရေး (၂)၊ ငွေစာရင်းဌာနစိတ်တွင် ၂၉-၁၂-၂၀၁၇ ရက်မှ ၂၂-၁-၂၀၁၈ရက်အထိ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

**အသိပေးကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၈)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်းဘေးရှိ မြေနေရာ၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည့် ဗိုလ်ဗထူးတန်ဖိုးမျှတ အိမ်ရာစီမံကိန်း (ဒုတိယအဆင့်)ရှိ တိုက်ခန်းဝယ်ယူခွင့်ရရှိသူများသည် တိုက်ခန်းဖိုး ပထမအရစ် နောက်ဆုံးထားပေးသွင်းရက် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၇ရက် အစား ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်အထိ တိုးမြှင့်ပေးသွင်းခွင့်ပြုကြောင်း အသိပေးကြေညာအပ်ပါသည်။

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်သောင်လွန်းမန်၏ Passport No, MB345761 သည် ဒီဇင်ဘာ ၂၆ရက်က ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အမြန်အကြောင်းကြားပေးပါရန်။ (ကျေးဇူးဆပ်ပါမည်။)
**ဖုန်း-၀၉-၄၄၈၀၄၀၈၃၉**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

သဲကုန်းမြို့နယ်၊ ပိတ်ချင်းကုန်းကျေးရွာနေ မအေးအေးမာ၏ဖခင် ဦးပေါက်ကြီးနှင့် ဦးတင်ထွန်း ၇/သကန(နိုင်) ၀၅၃၈၇၉ မှာတစ်ဦးတည်း ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 5H/2059,Lifan, Dump Truck ယာဉ်လက်ဝယ်ရှိသူ ရွှေထွန်းကုမ္ပဏီက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန(ရွာသာကြီး)**

**ဥတုရာသီ တောကိုမှီ**

**ရောင်းမည်**

HP Proliant ကွန်ပျူတာဆာဗာလေးလုံး ရောင်းရန်ရှိသည်။ (Used)
HIKVISION (CCTV),Camer, DVR နှင့် ဆက်စပ်ပစ္စည်းလက်ကျန်စာရင်းများ အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းရန်ရှိသည်။
**ဆက်သွယ်ရန် (ရုံးချိန်အတွင်းသာ)**
**ဖုန်း-၀၉-၅၄၁၄၂၈၃၊ ၀၉-၅၄၀၇၅၉၇**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သိမ်ဖြူဈေးရှိ ဆိုင်ခန်း အမှတ်(၃၆)၊ ဈေးရုံ အမှတ်(ဆ)၊ ဦးကျော်မျိုးထွန်း ၁၂/မဂတ(နိုင်)၀၀၁၀၅၂ အမည်ပေါက် ဆိုင်ခန်းအား ဒေါ်ဝင်းဝင်းချို ၁၂/မဂတ(နိုင်)၀၇၂၄၆၃အမည်သို့ လွှဲပြောင်းမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများ ခုနစ်ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက သက်ဆိုင်ရာဈေးများ အမည်ပြောင်းဌာနတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ အမည်ပြောင်းကိစ္စ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ပန်းအိဖြူ LL.B, D.I.L**
**အထက်တန်းရှေ့နေ(စဉ်-၃၉၈၁၉)**
**အမှတ် (၇၆/၈၀)၊ တိုက်-A ၊ ဗညားဒလလမ်း၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၉၅၉၈၆၅၈၉**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5I/4282 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 9D/6028 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ရီပတ်ဘလစ်ကန်များကြီးစိုးရာ မဲဆန္ဒနယ်၌ ဒီမိုကရက်တစ် အနိုင်ရရှိ



**ဝါရှင်တန် ဒီစီ ဒီဇင်ဘာ ၂၉**

လိင်ပိုင်းဆိုင်ရာ မဖွယ်မရာပြုမှုသည်ဆိုသည့် စွပ်စွဲချက်ကြောင့် ကွန်ဆာဗေးတစ် ရီပတ်ဘလစ်ကန်ရှိုင်မိုရီ၏ ဆီးနိတ် ရွေးကောက်ပွဲ လှုပ်ရှားမှုသည် မှန်းချက်မကိုက်ဖြစ်ခဲ့သောကြောင့် အယ်လ်ဘားမားပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးက သက်ဆိုင်ရာအရာရှိများ အနေဖြင့် ဒီမိုကရက်တစ် ဒေါက်ဂျုန်းကို အမေရိကန်ပြည်နယ် ဆီးနိတ်ပြိုင်ပွဲတွင် အနိုင်ရသူအဖြစ် အသိအမှတ်ပြုထောက်ခံသင့်ကြောင်း ယမန်နေ့က ပြောခဲ့သည်ဟု ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ရှိုင်မိုရီအနိုင်မရရှိခဲ့သော ဒီဇင်ဘာ ၁၂ ရက် ရွေးကောက်ပွဲတွင် မဲလိမ်လည်မှုဖြစ်ပွားနိုင်သည်ဟု ရှိုင်မိုရီ မဲအောင်နိုင်ရေး လှုပ်ရှားသူများက ပြောခဲ့သည်။ မောင့်ဂိုမာရီတရားရုံးတွင် လွန်ခဲ့သောနှစ်ရက်ကရှိုင်မိုရီ၏အမှုတွဲကိစ္စသည် ဂျုန်းအနိုင်ရရှိခြင်းကို အတည်ပြုနိုင်ရန် နှောင့်နှေးမှုဖြစ်ခဲ့သည်။

ဂျုန်းသည် ၁ ဒသမ ၅ ရာခိုင်နှုန်းအသာဖြင့် ဆီးနိတ်ရွေးကောက်ပွဲ အောင်နိုင်ခဲ့သောကြောင့် လွှတ်တော်အမတ်နေရာရရှိခဲ့ခြင်း ဖြစ်သည်။ ထိုသို့ ဒီမိုကရက်တစ်တစ်ဦးအနေဖြင့် ရီပတ်ဘလစ်ကန်များကြီးစိုးရာ အယ်လ်ဘားမားပြည်နယ်တွင် လွှတ်တော်အမတ် နေရာရရှိခဲ့ခြင်းသည် ပထမဆုံးအကြိမ် ကြုံတောင့်ကြုံခဲကိစ္စဖြစ်သည်။

အယ်လ်ဘားမားပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီး ဂျွန်မာရေးသည် အဆိုပါကိစ္စကို အတည်ပြုရန် မြို့တော်ဝန် ကေးအိုင်ဗေး နှင့် ပြည်နယ်ရှေ့နေချုပ် စတိဗ်မာရှယ် အပါအဝင် အခြားအဆုံးအဖြတ်ပေးသည့်အဖွဲ့များနှင့် ယမန်နေ့က တွေ့ဆုံခဲ့ကြောင်း သိရသည်။

**ရိုက်တာ**

## တရုတ်နိုင်ငံတွင် ဗီဇာကင်းလွတ်ခွင့် ခြောက်ရက်ထိ တိုးမြှင့်

**ပေကျင်း ဒီဇင်ဘာ ၂၉**

တရုတ်နိုင်ငံသည် ၎င်း၏ ဗီဇာကင်းလွတ်ခွင့်ကာလကို ယမန်နေ့မှစကာ ၁၄၄ နာရီ ခွင့်ပြုပေးခဲ့ကြောင်း၊ အဆိုပါအစီအစဉ်တွင်ပေကျင်းအပါအဝင် ၎င်းနှင့် အိမ်နီးချင်းပြည်နယ်များဖြစ်သော ဟီဘေးနှင့် တီယန်ကျင်းတို့လည်း ပါဝင်ကြောင်း သိရသည်။

ပေကျင်း၊ တီယန်ကျင်းနှင့် ဟီဘေးပြည်နယ်များ၏ ဝင်ပေါက်ခြောက်နေရာမှ ဝင်ရောက်လာသော လေယာဉ်၊ ရထား၊ သင်္ဘောခရီးစဉ်ပြောင်းရွှေ့စီးနင်းသူများသည် တခြားနေရာသို့ ခရီးဆက်လက်ထွက်ခွာ ခြင်းမပြုမီ ဖော်ပြပါပြည်နယ်များ၌ ခြောက်ရက်ကြာ ဗီဇာကင်းလွတ်ခွင့်ဖြင့် နေထိုင်နိုင်မည်ဖြစ်ကြောင်း ပေကျင်းဆိပ်ကမ်းအာဏာပိုင်ရုံးအရ သိရသည်။ သို့သော် ခရီးသွားလာခွင့်စာရွက်စာတမ်းများနှင့် ယင်းနှင့် ဆက်စပ်သောလက်မှတ်များ လိုအပ်မည်ဖြစ်သည်။

၂၀၁၃ ခုနှစ်၌ ပေကျင်းသည် ၇၂နာရီကြာ ဗီဇာကင်းလွတ်ခွင့်ပေးခဲ့သည်။ ဗီဇာကင်းလွတ်ခွင့်ကြောင့် ခရီးစဉ်အရေအတွက်မှာ ယခင် အစောပိုင်းနှစ်များထက် ၃၂ ရာခိုင်နှုန်းပိုများပြီး ၂၀၁၆ခုနှစ်တွင် ၂၆၀၀၀ ကျော်ရှိခဲ့ကြောင်း ဝင်ပေါက်မှတ်တမ်းရုံးများ၏ စာရင်းအရသိရသည်။

ထို့အတူ ၂၀၁၆ခုနှစ်က ရှန်ဟိုင်းအပါအဝင် ၎င်းနှင့် အိမ်နီးချင်းပြည်နယ်များဖြစ်သော ရှီကျန်းနှင့် ကျန်းစုတို့သည်လည်း အလားတူ ဗီဇာကင်းလွတ်ခွင့်ပြုခဲ့ကြောင်း သိရသည်။

ပေကျင်းအပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံခြားသားများကို ဗီဇာကင်းလွတ်ခွင့်ပေးခြင်းအပေါ် ပေကျင်း ဒုတိယမြို့တော်ဝန် ချန်ဟောင်က လက်ခံကြိုဆိုခဲ့သည်။ ယခင်သတ်မှတ်ထားသော ဗီဇာကင်း လွတ်ခွင့်ကိုခံစားခဲ့ကြသော ခရီးသည် ၄၀ ရာခိုင်နှုန်းက ယခင်က ဗီဇာကင်းလွတ်ခွင့်သတ်မှတ်ကာလ သည် တိုတောင်းလွန်းသည်ဟု ပြောသောကြောင့် ယခုလို ဗီဇာကင်းလွတ်ခွင့်ကာလကို ထပ်မံတိုးချဲ့လိုက်ခြင်း ဖြစ်ကြောင်း ၎င်းက ပြောခဲ့သည်။

**ဆင်ဟွာ**

## အီတလီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ မတ်လ ၄ ရက်နေ့တွင် ကျင်းပမည်

**ရောမ ဒီဇင်ဘာ ၂၉**

အီတလီနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲကို မတ်လ ၄ ရက်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း အီတလီ ဝန်ကြီးချုပ် ပေါ်လိုဂန်တီလိုနီ၏ အစိုးရအဖွဲ့က မကြာသေးမီက ပြောခဲ့သည်။

အီတလီသမ္မတ ဆာဂျီယိုမက်တာရီလာသည် ယမန်နေ့အစောပိုင်းက ပါလီမန်အားဖျက်သိမ်းပြီး နိုင်ငံရေး မဲဆွယ်စည်းရုံးရေးအတွက် လမ်းဖွင့်ပေးခဲ့ပြီးနောက် ယခုကဲ့သို့ ရွေးကောက်ပွဲကျင်းပမည့် ကြေညာချက်ထွက်ပေါ်လာခဲ့ ခြင်းဖြစ်သည်။

၂၀၁၃ခုနှစ်မတ်လတွင် စတင်ခဲ့သော ငါးနှစ်တာ အုပ်ချုပ်ရေးယန္တရား တရားဝင်အဆုံးသတ်ရန် အီတလီ သမ္မတ ဆာဂျီယိုမက်တာရီလာက လုပ်ဆောင် နိုင်ခဲ့သည်။ ယခုအခါတွင် ဝန်ကြီးချုပ် ဂန်တီလိုနီက အစိုးရ ၏ နိုင်ငံရေးလုပ်ပိုင် ခွင့်အာဏာသည် ပြီးပြည့်စုံသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ အစိုးရအဖွဲ့က ပါလီမန်သစ်ကို စတင်ရန်လာမည့် မတ်လ ၂၃ရက်အား သတ်မှတ်ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဇနီးမယားများကို ကွာရှင်းသည့် မွတ်စလင်အမျိုးသားများကို တရားစွဲနိုင်ရေး အိန္ဒိယအောက်လွှတ်တော် ဥပဒေပြဋ္ဌာန်းရန် ကြိုးပမ်း




**နယူးဒေလီ ဒီဇင်ဘာ ၂၉**

ဇနီးမယားများအား ကွာရှင်းသည့် မွတ်စလင်အမျိုးသားများအား တရားစွဲဆိုနိုင်ရေးအတွက် အိန္ဒိယအောက်လွှတ်တော်က ဥပဒေတစ်ရပ်ကို ယမန်နေ့က အတည်ပြုခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင်ဖော်ပြခဲ့သည်။

အထက်လွှတ်တော်က အတည်ပြုနိုင်ချေရှိသော အဆိုပါဥပဒေကို ယခုအခါတွင် အထက်လွှတ်တော်သို့ တင်ပြထားပြီဖြစ်ကြောင်း သိရသည်။

လွန်ခဲ့သော ဩဂုတ်လတွင် နိုင်ငံတော်တရားရုံးက ‘သွာလတ်’ဟု အာရေဗျဘာသာဖြင့် သုံးကြိမ်ရွတ်ဆိုလိုက်ရုံဖြင့် ဇနီးမယားများကို ကွာရှင်း နိုင်သော အခြေခံဥပဒေနှင့်မကိုက်ညီသော ဥပဒေတစ်ခုကို သုံးသပ်ခဲ့ရာ အဆိုပါ ကိစ္စနှင့်ပတ်သက်ပြီး မွတ်စလင်အမျိုးသမီးထုက ရုံးတော်ကို အသနားခံခဲ့သည်။

မွတ်စလင်အမျိုးသားများက ‘သွာလတ်’ဟုသုံးကြိမ်ဆိုလိုက်ရုံဖြင့် ကွာရှင်းနိုင်သော အဆိုပါ ဓလေ့ထုံးစံသည် လူ့အခွင့်အရေးကို ချိုးဖောက် ရုံသာမက အမျိုးသမီးထုကြီးကို ခိုကိုးရာမဲ့ဖြစ်စေသည်။

ထိုဓလေ့ထုံးစံကို တရားဥပဒေဖြင့်သာ တားဆီးနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးကို လုပ်ဆောင်ရမည်ဖြစ်ကြောင်း တရားရေးဝန်ကြီး ရာဗီရှန်ခါပါရာဆက်က ပြောခဲ့သည်။

**ရိုက်တာ**



## အမေရိကန်နယူးယောက်မြို့၌ မီးလောင်မှုဖြစ်ပွားရာ လူ ၁၂ ဦးထက်မနည်း သေဆုံး

**နယူးယောက် ဒီဇင်ဘာ ၂၉**

အမေရိကန် နယူးယောက်မြို့မြောက်ပိုင်းတွင် ယမန်နေ့က မီးလောင်မှုဖြစ်ပွားခဲ့ရာ မွေးကင်းစကလေးငယ်တစ်ဦး အပါအဝင် လူ ၁၂ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြခဲ့သည်။

မီးလောင်မှုသည် နယူးယောက်မြို့ရှိ ခရိုင်ငါးခု၏ မြောက်ဘက်အစွန်းရှိ ဘရိုနက်ဇ်ခရိုင်၏ ပရောစပက် ရိပ်သာရှိ ငါးထပ်တိုက် အဆောက်အအုံတစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ယခုဖြစ်ရပ်သည် နှစ်ပေါင်းများစွာအတွင်းဖြစ်ပွားခဲ့သော ဆိုးရွားမှုအများဆုံး မီးလောင်မှုများအနက် တစ်ခုဖြစ်ကြောင်း အခင်းဖြစ်ပွားရာနေရာ၌ ရောက်နေသော နယူးယောက်မြို့တော်ဝန်က ပြောခဲ့သည်။

အဆောက်အအုံ၏ ပထမထပ်တွင် မီးလောင်မှုဖြစ်ပွားခဲ့ပြီး အပေါ်ထပ်များသို့ လျင်မြန်စွာကူးစက်လောင်ကျွမ်းခဲ့သော ကြောင့် လူများသေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများမှာ အသက် ၁နှစ်မှ ၅၀ ကျော်အထိဖြစ်ကြောင်း နယူးယောက်မြို့ မီးသတ်ဌာနအကြီးအကဲဖြစ်သူ ဒန်နီရယ်နိုင်ဂရိုက ပြောခဲ့သည်။

မီးလောင်မှုကို ငြိမ်းသတ်ရန် မီးလောင်မှုဖြစ်ပွားရာသို့ မီးသတ်ဝန်ထမ်း ၁၆၀ ကျော်စေလွှတ်ခဲ့ကြောင်း အဆိုပါဌာနက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

နိုင်ငံတကာ သတင်းတိုထွာ

## ရုရှားဈေးဝယ်စင်တာ တစ်ခုတွင် ပေါက်ကွဲမှုဖြစ်ပွား

**မော်စကို ဒီဇင်ဘာ ၂၉**

ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့ရှိ ဈေးဝယ်စင်တာတစ်ခုတွင် ယမန်နေ့က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦးခန့် ဒဏ်ရာရရှိခဲ့ကြောင်း ရုရှားအာဏာပိုင်များက မကြာသေးမီတွင် ပြောကြားခဲ့သည်။

ဈေးဝယ်စင်တာအတွင်းရှိ စူပါမားကက်တစ်ခု၏ သော့ခတ်ထားသည့် အလုံပိတ်အခန်းကျဉ်းအတွင်းထည့်ထားသော ဖောက်ခွဲရေးပစ္စည်းတစ်ခုသည် ဒေသစံတော်ချိန် ၁၈ နာရီ ၄၅မိနစ်က ပေါက်ကွဲခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုအရှိန်ကြောင့် အနီးဝန်းကျင်ရှိ ဈေးဆိုင်များ ပျက်စီးခဲ့သည်။

ဖောက်ခွဲရေးပစ္စည်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသူ ၁၀ ဦးကို ဆေးရုံသို့ ပို့ဆောင်ခဲ့သည်။ ၎င်းတို့မှာ မစိုးရိမ်ရကြောင်း ရုရှားနိုင်ငံ စုံစမ်းစစ်ဆေးရေးကော်မတီ စိန့်ပီတာစဘတ်ဌာနအကြီးအကဲအလက်ဇန်ဒါ ကလော့က ပြောခဲ့သည်။

အဆိုပါ ဖြစ်စဉ်ကို လေ့လာစုံစမ်းမှုများလုပ်ဆောင်လျက်ရှိပြီး ဖယ်ဒရယ်လုံခြုံရေးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့လည်း အခင်းဖြစ်ပွားရာနေရာတွင် စုံစမ်းစစ်ဆေးမှုများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆင်ဟွာ**

## လေးနိုင်ငံဆွေးနွေးပွဲ ပြုလုပ်ရန် ဂျပန်ကမ်းလှမ်း

**တိုကျို ဒီဇင်ဘာ ၂၉**

ဂျပန်သည် အစ္စရေးနှင့် ပါလက်စတိုင်းခေါင်းဆောင်များနှင့်သာမက အမေရိကန်အာဏာပိုင်များကိုပါ အရှေ့အလယ်ပိုင်းဒေသငြိမ်းချမ်းရေးညှိနှိုင်းဆွေးနွေးပွဲများ ရပ်တန့်နေမှုကို ပြန်လည်စတင်နိုင်ရေးကြိုးပမ်းသည့်အနေဖြင့် လေးနိုင်ငံဆွေးနွေးပွဲများကျင်းပသွားရန် ကမ်းလှမ်းခဲ့ကြောင်း အစ္စရေးအစိုးရအာဏာပိုင်များက ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီး တာရိုကိုနိုသည် တနင်္လာနေ့က အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုနှင့် ဂျေရုဆလင်၌ တွေ့ဆုံခဲ့သည်။ ကိုနိုသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က ဂျေရုဆလင်မြို့ကို အစ္စရေးမြို့တော်အဖြစ် သတ်မှတ်ကြောင်း ကြေညာခဲ့ချိန်မှစတင်ကာ ဂျေရုဆလင်သို့သွားရောက်မည့် နိုင်ငံကြီးတစ်ခု၏ပထမဆုံးအစိုးရအဖွဲ့ဝင်တစ်ဦးဖြစ်သည်။

အစ္စရေးအာဏာပိုင်များက ကိုနိုသည် တိုကျို၌ ဆွေးနွေးပွဲများပြုလုပ်ရန် ကမ်းလှမ်းခဲ့ပြီး ဆွေးနွေးပွဲများတွင် ထရန့်၏ အကြီးတန်းအကြံပေးပုဂ္ဂိုလ် ဂျာရက်ဒ် ကပ်ရှနာလည်း ပါဝင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဆွေးနွေးပွဲများကျင်းပမည့်အချိန်နှင့် ဂျပန်၏ ကမ်းလှမ်းချက်များနှင့် ပတ်သက်သည့် အခြားအသေးစိတ် အကြောင်းအရာများကို မသိရှိရသေးပေ။ **အင်န်အိတ်ချ်ကေ**

# လွတ်လပ်ပြီး တရားမျှတလိမ့်မည်ဟု ယုံကြည်ထားသည့်ရွေးကောက်ပွဲ

*ကလျာမိုးမြင့်*



**“ရာထူးမှ နုတ်ထွက်သွားပြီဖြစ်တဲ့ သမ္မတဟောင်း ဆာလိဖ်ဟာ ရှုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေ ကင်းစင်တဲ့ ရွေးကောက်ပွဲဖြစ်စဉ်ကို ချီးမွမ်းခဲ့ပါတယ်။ ကျည်ဆန်တွေကို မဲပုံးတွေနဲ့ အစားထိုးလိုက်သလို ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေကိုလည်း တရားရုံးတွေက အနည်ထိုင်စေခဲ့ပြီလို့ ၎င်းက အမွှမ်းတင်ခဲ့”**

လိုက်ဘေးရီးယားနိုင်ငံသားတွေဟာ ဒုတိယသမ္မတ ဂျိုးဆက်ဘိုရာကီနဲ့ နိုင်ငံတကာဘောလုံးကစားသမားဟောင်း ဂျော့ဝှါဟ်တို့အကြား ယှဉ်ပြိုင်တဲ့ သမ္မတသစ်ရွေးချယ်ပွဲ အတွက် မဲပေးနေကြပါတယ်။ အသက် ၅၁ နှစ်ရှိပြီဖြစ်တဲ့ မစ္စတာဂျော့ဝှါဟ် ပထမအကျော့မှာ အနိုင်ရရှိခဲ့တယ်။ ဒါပေမယ့် အနိုင်ရပြီလို့အတိအလင်းကြေညာနိုင်လောက်တဲ့ လုံခြုံစိတ်ချရသောမဲအရေအတွက် ၅၀ရာခိုင်နှုန်းကိုတော့မရရှိသေးပါဘူး။ အာဖရိကနိုင်ငံရဲ့ ပထမဆုံးရွေးချယ်ခဲ့သော အမျိုးသမီးသမ္မတဖြစ်တဲ့ အယ်လင်ဂျွန်ဆန်ဆာလိဖ် နေရာကို အစားထိုးဖို့မဲပေးမှုတွေဟာ စိန်ခေါ်မှုတွေကြောင့် နှောင့်နှေးကြန့်ကြာနေရပါတယ်။

၁၉ ရာစုနှစ်အတွင်းမှာ လွတ်လပ်သော အမေရိကန်ကျေးကျွန်များအဖွဲ့က တည်ထောင်ခဲ့တဲ့ လိုက်ဘေးရီးယားနိုင်ငံဟာ ၇၃ နှစ်အတွင်းမှာ သာယာချောမွေ့တဲ့ အာဏာလွှဲပြောင်းမှုကို မကြုံတွေ့ခဲ့ရသေးပါဘူး။ လိုက်ဘေးရီးယားနိုင်ငံတစ်လွှားမှာ မဲရုံတွေကို နံနက် ၈ နာရီမှာစဖွင့်ပြီး ညနေ ၆ နာရီမှာ ပိတ်မှာ ဖြစ်ပါတယ်။ လူနှစ်သန်းကျော်ဟာ မဲပေးဖို့သင့်လျော်တဲ့ အနေအထားမှာ ရှိနေကြပါပြီ။

**ယှဉ်ပြိုင်ကြမည့်သူများ**

မစ္စတာဘိုရာကီ (အသက် ၇၃ နှစ်) ဟာ လိုက်ဘေးရီးယားနိုင်ငံရဲ့ ဒုတိယသမ္မတအဖြစ် ၁၂ နှစ် ကြာအောင် တာဝန်ယူ ဆောင်ရွက်ခဲ့ပါတယ်။ ဒါပေမယ့် သူ့ကိုထောက်ခံမှုပေးခဲ့တဲ့ အကြီးအကဲရဲ့ ကူညီထောက်ပံ့မှုတွေနဲ့ ပတ်သက်ပြီး စိတ်ချမ်းသာမှု မရရှိခဲ့တဲ့ ပုံစံပါပဲ။ ယှဉ်ပြိုင်သူတစ်ဦးဖြစ်တဲ့ မစ္စတာဘိုရာကီဟာ သူ့ကိုယ်သူ ကားဂိုဒေါင်ထဲမှာနှစ်ပေါင်း များစွာကြာအောင် အလဟဿထိုးထားတဲ့ ဇိမ်ခံမှန်လုံကားကြီးတစ်စင်းလိုမျိုး ခိုင်းနှိုင်းဖော်ပြခဲ့ပြီး ခုချိန်မှာ လမ်းမပေါ်တက်မောင်းဖို့ အဆင်သင့်မဖြစ်သေးဘူးလို့ ပြောခဲ့ပါတယ်။

**လိုက်ဘေးရီးယား ဒုတိယခေါင်းဆောင်အနေနဲ့ ၎င်းရဲ့အကြီးအကဲကို အောင်မြင်ကျော်လွှားနိုင်မလား**

ဘောလုံးကစားသမား ဟောင်း မစ္စတာဂျော့ဝှါဟ် တတိယအကြိမ်ကံကောင်းမယ့်အချိန်ကို မျှော်လင့်စောင့်စားနေပါတယ်။ ၂၀၀၅ ခုနှစ်ကကျင်းပခဲ့တဲ့ ပထမအကျော့ ရွေးကောက်ပွဲမှာ မစ္စတာဝီယာက မစ္စဂျွန်ဆန်ဆာလိဖ်ကို အနိုင်ရရှိခဲ့ပါတယ်။ ဒါပေမယ့် နောက်ပိုင်းယှဉ်ပြိုင်မှုတွေမှာ ဆာလိဖ်ကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဖော်ပြပါ ရွေးကောက်ပွဲအပြီး ၂၀၁၁ခုနှစ်မှာတော့ မစ္စတာဂျော့ဝှါဟ်က အတိုက်အခံယှဉ်ပြိုင်ဘက်အတွက် ကူညီယှဉ်ပြိုင်ပေးရတဲ့ ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ၎င်းရဲ့မဟာမိတ်တွေက ပုံမှန်မဟုတ်တဲ့ ယှဉ်ပြိုင်မှုဆိုပြီး သပိတ်မှောက်ခဲ့ကြပါတယ်။

**ဘာကြောင့် ရွေးကောက်ပွဲနှောင့်နှေးကြန့်ကြာရသလဲ**

ပြီးခဲ့တဲ့အောက်တိုဘာလအတွင်းက ပထမအကျော့ယှဉ်ပြိုင်မှုမှာ တတိယနေရာကိုရောက်ရှိလာခဲ့တဲ့ အတိုက်အခံလစ်ဘာတီပါတီကိုယ်စားလှယ် Charles Brumskine က လိမ်လည်မှုတွေနဲ့ မသမာမှုတွေ အများကြီးရှိနေတာတွေကြောင့် အနှောင့်အယှက်ဖြစ်ပြီး ကြန့်ကြာခဲ့ရတာတွေ ဖြစ်တယ်လို့ပြောကာ ရလဒ်တွေကို စိန်ခေါ်ခဲ့ပါတယ်။ သို့သော်လည်း ယခုနှစ်အစောပိုင်းမှာ တရားရုံးချုပ်က လိမ်ညာမှုတွေပြုလုပ်ခဲ့တယ်ဆိုတဲ့ သက်သေအထောက်အထားဟာ လုံလောက်မှုမရှိကြောင်း စီရင်ဆုံးဖြတ်ခဲ့ပါတယ်။

ရုံးတော်ရဲ့ စီရင်ဆုံးဖြတ်ချက်တွေအရ နိုဝင်ဘာ ၇ ရက်က စတင်ခဲ့တဲ့ ရွေးကောက်ပွဲအတွက် ယှဉ်ပြိုင်မှုကို ဆက်လက်ဆောင်ရွက်သွားတယ်ဆိုတဲ့ အဓိပ္ပာယ်ဖြစ်ပါတယ်။ ဒါဟာ လိုက်ဘေးရီးယားနိုင်ငံအတွင်းမှာ ရွေးကောက်ပွဲတစ်ရပ်ကျင်းပဖို့အတွက် ထူးခြားတဲ့ နေ့တစ်နေ့ ဖြစ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့အင်္ဂါနေ့ဟာ လိုက်ဘေးရီးယားနိုင်ငံသားတွေအတွက် အများပြည်သူရုံးပိတ်ရက်တစ်ရက်မဟုတ်ခဲ့ဘူး။ ဒါပေမယ့် တခြားသော ခရစ်ယာန်လွှမ်းမိုးတဲ့ နိုင်ငံတွေလိုပဲ ခရစ်ယာန်ဘာသာဝင်အများစု နေထိုင်တဲ့ နိုင်ငံတစ်နိုင်ငံအနေနဲ့ တနင်္လာနေ့မှာ ခရစ္စမတ်ပွဲတော်ကို ဆင်နွှဲခဲ့ကြပါတယ်။

နိုင်ငံရဲ့ရွေးကောက်ပွဲဆိုင်ရာ အရာရှိချုပ်က ရွေးကောက်ပွဲကျင်းပမယ့် နေ့ရက်ကို ရွေးချယ်မှုဟာ လိုက်ဘေးရီးယားနိုင်ငံသားတွေအတွက်စိန်ခေါ်မှုတစ်ရပ်ဖြစ်လာစေတယ်ဆိုတာကို အသိအမှတ်ပြုခဲ့ပါတယ်။ ခရစ္စမတ်နေ့အပြီးမှာ ချက်ချင်းကြီး ရွေးကောက်ပွဲနေ့ရောက်ရှိလာတာကို ကျွန်ုပ်တို့နားလည်သဘောပေါက်တယ်လို့ အမျိုးသားရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဂျီရိုမီကော်ကိုရာက ယခုလ အစောပိုင်းမှာ ပြောကြားခဲ့ပါတယ်။

ဒီမိုကရေစီကို ချစ်မြတ်နိုးမှုအတွက် စာရင်းသွင်းထားပြီးဖြစ်တဲ့မဲပေးသူမှန်သမျှကို စွန့်စားမှုတစ်ရပ်ပြုလုပ်ကြဖို့ ကျွန်ုပ်တို့တောင်းဆိုနေတယ်လို့ ၎င်းကပြောပါတယ်။ သို့သော်လည်း လိုက်ဘေးရီးယားနိုင်ငံရေးကျွမ်းကျင်သူတစ်ဦး ဖြစ်တဲ့ အယ်လ်ဘာကရီညီက ရက်စွဲသတ်မှတ်မှုကြောင့်မဲထည့်ဝင်ကြတဲ့ လူအရေအတွက်ဟာ ပထမအကြိမ်မဲထည့်စဉ် အချိန်ကထက် အရေအတွက်လျော့နည်း သွားနိုင်ခြေရှိတယ်လို့ အေအက်ဖ်ပီသတင်းအေဂျင်စီသို့ ပြောခဲ့ပါတယ်။ ဒီတော့ မဲပေးကြဖို့အတွက် တိုက်တွန်းကြဖို့ အချိန်သိပ်နီးကပ်လာပြီ ဖြစ်တယ်လို့ ၎င်းကဆိုပါတယ်။

**ဒီမိုကရေစီနည်းလမ်းကျသည့် ရွေးကောက်ပွဲတစ်ရပ် ဖြစ်လာမည်လား**

အမျိုးသားဒီမိုကရက်တစ် လေ့လာစောင့်ကြည့်ရေးမစ်ရှင် အဖွဲ့အစည်းရဲ့ အစိတ်အပိုင်းတစ်ခုအနေနဲ့ ရွေးကောက်ပွဲကို စောင့်ကြည့်ထိန်းချုပ်မှုတွေ ပြုလုပ်နေတဲ့ နိုင်ဂျီးရီးယား သမ္မတဟောင်း ဂွတ်လပ်ဂျိုနသန်ကတော့ ဒီရွေးကောက်ပွဲဟာ လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်မှာ သေချာတယ်လို့ အာမခံပြောဆိုခဲ့ပါတယ်။




လိုက်ဘေးရီးယားဟာ စိန်ခေါ်မှုအချို့ကို ရင်ဆိုင်နေရတယ်ဆိုတာ အမှန်ပါပဲ။ လက်ရှိထမ်းဆောင်နေတဲ့ သမ္မတဟာ ဒီမိုကရေစီနည်းအရ ရွေးချယ်တင်မြှောက်တဲ့အခြားသော သမ္မတသစ်တစ်ဦးဆီ တိုင်းပြည်ကို လက်ဆင့်ကမ်းရတဲ့နေရာမှာ ကျွန်ုပ်တို့က မျက်မြင်သက်သေအဖြစ် ဆောင်ရွက်နေရတဲ့ အခြေအနေတစ်ခုတည်းမှာ ရှိနေပါတယ်။ ဒီအချက်ကပဲ လိုက်ဘေးရီးယားဟာ ခုချိန်မှာ ဒီမိုကရေစီနည်းကျကျနဲ့ တည်ငြိမ်တဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နောက်ထပ်ကျန်ရှိနေသေးတဲ့ အရာကတော့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ဖြစ်တယ်ဆိုတာကို တစ်ကမ္ဘာလုံးကို ပြောပြနိုင်မယ့် အချက်ဖြစ်ပါတယ်။

**ဘာကြောင့် ယခုရွေးကောက်ပွဲ အရေးကြီးရသလဲ**

ဒီရွေးကောက်ပွဲဟာ ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့သမ္မတ တစ်ဦးကနေ နောက်တစ်ဦးဆီ အာဏာလွှဲပြောင်းပေးအပ်မှုကို လိုက်ဘေးရီးယားပြည်သူတွေက မျက်မြင်သက်သေအဖြစ်ရှိခဲ့တယ် ဆိုတာကို မျိုးဆက်သစ်များစွာအတွက် ပထမဆုံးအကြိမ်ပြောပြနိုင်မယ့် အချိန်အခါတစ်ခု ဖြစ်လာမှာပါ။ ရာထူးမှနုတ်ထွက်သွားပြီဖြစ်တဲ့ သမ္မတဟောင်း ဆာလိဖ်ဟာ ရှုန်းရင်းဆန်ခတ်ဖြစ်ပွားမှုတွေ ကင်းစင်တဲ့ ရွေးကောက်ပွဲဖြစ်စဉ်ကို ချီးမွမ်းခဲ့ပါတယ်။ ကျည်ဆန်တွေကို မဲပုံးတွေနဲ့ အစားထိုးလိုက်သလို ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုတွေကိုလည်း တရားရုံးတွေက အနည်ထိုင်စေခဲ့ပြီလို့ ၎င်းကအမွှမ်းတင်ခဲ့ပါတယ်။ မစ္စဆာလိဖ်ဟာ ၎င်းမတိုင်မီ သမ္မတအဖြစ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ချားလ်စ်တေလာကို ၂၀၀၃ ခုနှစ်မှာ သူပုန်တွေက ဖြုတ်ချလိုက်ပြီး ရှည်ကြာတဲ့ပြည်တွင်းစစ်ကို အဆုံးသတ်စေခဲ့ပြီးနောက် ၂၀၀၆ ခုနှစ်မှာ စတင်တာဝန်ယူဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။

တေလာဟာ လက်ရှိအချိန်မှာတော့ အိမ်နီးချင်း ဆီရာလီယွန်မှာဖြစ်ပွားခဲ့တဲ့ ပဋိပက္ခနဲ့ဆက်စပ်နေတဲ့ စစ်ရာဇဝတ်မှုတွေကို ကျူးလွန်ခဲ့တဲ့အတွက် ဗြိတိန်မှာ ထောင်ဒဏ်အနှစ် ၅၀ ကျခံနေရဆဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲ ရလဒ်တွေကို လေးရက်အတွင်းမှာ ထုတ်ပြန်ကြေညာသွားမှာ ဖြစ်တယ်လို့ သိရပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ၊ဘီဘီစီ**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများနှင့် စပ်လျဉ်း၍ အာမခံခြင်းဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် (underwriting agreement) ချုပ်ဆိုရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား သဘောရိုးဖြင့် ဖိတ်ခေါ်ခြင်းနှင့် သက်ဆိုင်ခဲ့လျှင်၊ သို့မဟုတ်

(၂) အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း မပြုသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များနှင့် သက်ဆိုင်ခဲ့လျှင်။

၂၀၈။ မည်သူမဆို ပုဒ်မ ၂၀၇၊ ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ ပြုမူဆောင်ရွက်လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

**ပုဒ်မ ၂၀၅ ပါပြဋ္ဌာန်းချက်များကို ညီညွတ်ခြင်းမရှိသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် အကြောင်းများ**

၂၀၉။ ပုဒ်မ ၂၀၅ ပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အား ထုတ်ဝေခဲ့လျှင် ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရာ၌ သိလျက်ဖြင့် တာဝန်ယူဆောင်ရွက်သူတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်သိန်း ၁၀၀ ကို ပေးဆောင်ရမည်။

၂၁၀။ ပုဒ်မ ၂၀၅ တွင် ဖော်ပြပါရှိသည့် သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ညီညွတ်မှု မရှိလျှင် သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အတွက် တာဝန်ရှိသော ဒါရိုက်တာ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအခြေအနေများကို သက်သေထင်ရှားတင်ပြနိုင်လျှင် သတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းများ ပြုလုပ်သည့် အကြောင်းကြောင့် တာဝန်တစ်စုံတစ်ရာ မရှိစေရ -

(က) ထုတ်ဖော်ပြောဆိုခြင်း မပြုသည့် ကိစ္စတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ၎င်းအနေဖြင့် အသိအမှတ်ပြု လိုက်နာဆောင်ရွက်မှုမရှိခြင်း၊ သို့မဟုတ်

(ခ) ဒါရိုက်တာ သို့မဟုတ် အခြား ပုဂ္ဂိုလ်တစ်ဦးဦးသည် သဘောရိုးဖြင့် မှားယွင်းခဲ့ခြင်းကြောင့် ဖြစ်ပေါ်လာရသော စည်းကမ်းချက်အား မလိုက်နာခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်း၊ သို့မဟုတ်

(ဂ) တရားရုံး၏ ယူဆချက်တွင် လိုက်နာဆောင်ရွက်မှု မရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အရေးကြီးသောကိစ္စရပ်နှင့် မသက်ဆိုင်ကြောင်း သို့မဟုတ် အကြောင်းအရာများအားလုံးကို ထည့်သွင်းစဉ်းစားပြီး ကင်းလွတ်ခွင့်ပြုသင့်ကြောင်း တွေ့ရှိသည့်အခါတွင် ယင်းအတွက် အရေးယူဆောင်ရွက်ခြင်းမှ ကင်းလွတ်ခွင့်ပြုရမည်။ သို့ရာတွင် ပုဒ်မ ၂၀၅၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၆) တွင်ပါရှိသော သတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုသည့်ကိစ္စရပ်တွင် ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် အခြားသူတစ်ဦးဦးသည် ထုတ်ဖော်မပြောဆိုသည့် အချက်များကို သိရှိသည်ဟု သက်သေထင်ရှားမပေါ်ပေါက်လျှင် ဖော်ပြပါ လိုက်နာဆောင်ရွက်မှုမရှိခြင်း သို့မဟုတ် ဆန့်ကျင်၍ ဆောင်ရွက်ခြင်းပြုခြင်းများနှင့် စပ်လျဉ်း၍ တာဝန်တစ်စုံတစ်ရာ မရှိစေရ။

**ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်းမရှိသည့် ကုမ္ပဏီများ၏ တာဝန်များ**

၂၁၁။ (က) ကုမ္ပဏီတစ်ခုသည် ယင်း၏ ဖွဲ့စည်းတည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ခုကို ထုတ်ဝေခဲ့ခြင်းမရှိပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ပထမအကြိမ် ခွဲဝေသတ်မှတ်ခြင်းမပြုမီတွင် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အဆိုပြုထားသော ဒါရိုက်တာအဖြစ် သို့မဟုတ် ၎င်း၏စာဖြင့်ရေးသား၍ အခွင့်အာဏာ အပ်နှင်းခြင်းခံရသော ကိုယ်စားလှယ်အဖြစ် လက်မှတ်ရေးထိုးထားသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကိုပြုစုမည့်အစား ရေးသားဖော်ပြချက်တစ်စောင် (Statement in lieu of Prospectus) ကို ပြည်ထောင်စုဝန်ကြီးမှ သတ်မှတ်ဖော်ပြထားသည့် ပုံစံနှင့်အချက်အလက်များအတိုင်း မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားရမည်။ ယင်းသို့ တင်ပြထားခြင်းမရှိပါက ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း မပြုရ။

(ခ) ဤပုဒ်မသည် ဤဥပဒေ၏ အခြားပြဋ္ဌာန်းချက် တစ်စုံတစ်ရာကို ကန့်သတ်ခြင်းမရှိစေဘဲ အကျိုးသက်ရောက်စေရမည်။

**အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ရောင်းချရန်အတွက် ကမ်းလှမ်းသည့် စာရွက်စာတမ်းများအား ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အဖြစ် မှတ်ယူရခြင်း**

၂၁၂။ (က) ဤအခန်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် ယင်းကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များ အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ အများပြည်သူသို့ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်လျှင် သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူညီခဲ့လျှင် အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုပြုလုပ်ခဲ့သည့် စာရွက်စာတမ်းတစ်ရပ်ရပ်ကို ကုမ္ပဏီက ထုတ်ဝေသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အဖြစ် မှတ်ယူရမည်။ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ၏ အကြောင်းအရာများ၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသည့် ရေးသားဖော်ပြချက်များ၊ ပျက်ကွက်မှုများနှင့်စပ်လျဉ်းသည့် တာဝန်ရှိမှုများ၊ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) နှင့်စပ်လျဉ်း၍ အခြားကိစ္စရပ်များအတွက် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေများအားလုံးကို လိုက်နာဆောင်ရွက်ရမည်ဖြစ်သည့်အပြင် အများပြည်သူသို့ ထည့်ဝင်ကြေးကမ်းလှမ်းသည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ အဖြစ်လည်းကောင်း၊ အစုရှယ်ယာများ သို့မဟုတ် ငွေချေးလက်မှတ်များနှင့်စပ်လျဉ်းသည့် ကမ်းလှမ်းမှုကို လက်ခံသူများအား အဆိုပါအစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများအတွက် ငွေကြေးထည့်ဝင်သူများအဖြစ်လည်းကောင်း အကျိုးသက်ရောက်စေရမည်။ သို့ရာတွင် စာရွက်စာတမ်းတွင်ပါရှိသော မှားယွင်းဖော်ပြမှုများနှင့် စပ်လျဉ်း၍ဖြစ်စေ၊ ယင်းတွင်ပါရှိသော အခြားအကြောင်းအရာများအတွက်ဖြစ်စေ ကမ်းလှမ်းမှုပြုလုပ်ခဲ့သူအားလုံး၏ တာဝန်ရှိမှုများကို ထိခိုက်စေခြင်း မရှိစေရ။

(ခ) ဤဥပဒေတွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် ဆန့်ကျင်ကွဲလွဲမှုမရှိလျှင် အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ကြောင်း တွေ့ရှိရပါက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များကို ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် သဘောတူညီခြင်းကို ပြုလုပ်ခဲ့ကြောင်း သက်သေထင်ရှားဖြစ်စေရမည် -

(၁) အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် ယင်းတို့အနက် တစ်ရပ်ရပ်ကို အများပြည်သူသို့ ရောင်းချရန်အတွက် ကမ်းလှမ်းမှုတစ်ရပ်အား ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် ခွဲဝေသတ်မှတ်ရန် သဘောတူခြင်းကို ပြုလုပ်ဆောင်ရွက်ပြီးနောက် ခြောက်လအတွင်း ကမ်းလှမ်းခဲ့ခြင်း သို့မဟုတ်

(၂) ကမ်းလှမ်းမှုအား ပြုလုပ်သည့်နေ့ရက်တွင် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ကုမ္ပဏီကရရှိမည့် အဖိုးစားနားအားလုံးကို မရရှိသေးခြင်း။

(ဂ) ကမ်းလှမ်းမှုကို ပြုလုပ်ခဲ့သူတစ်ဦးဦး သို့မဟုတ် အားလုံးသည် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာများအဖြစ် အမည်စာရင်း ဖော်ပြထားသူများဖြစ်သကဲ့သို့ ပုဒ်မ ၂၀၉ နှင့် ၂၁၀ တို့ပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။ ပုဒ်မ ၂၀၅ ပါ ပြဋ္ဌာန်းချက်များသည် ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း (Prospectus) တွင် ဖော်ပြပါရှိရမည့် ယင်းပုဒ်မပါ အကြောင်းအရာများအပြင် အောက်ပါတို့ကိုလည်း ထည့်သွင်းဖော်ပြရန် လိုအပ်သည်ဟု သက်ရောက်စေရမည် -

(၁) ကမ်းလှမ်းမှုနှင့်သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ရရှိသော သို့မဟုတ် ရရှိမည်ဖြစ်သော အသားတင်အဖိုးစားနား ပမာဏနှင့်

(၂) အဆိုပါ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေး သက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်ထားသော သို့မဟုတ် ခွဲဝေသတ်မှတ်ရန်အတွက် ဆောင်ရွက်ထားသော ပဋိညာဉ်စာချုပ်အား စစ်ဆေးနိုင်မည့် နေရာနှင့်အချိန်။

(ဃ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့် သက်ဆိုင်သော ကမ်းလှမ်းမှုတစ်ရပ်ကို ပြုလုပ်သူသည် ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ရပ်ဖြစ်ခဲ့ပါက အထက်ဖော်ပြပါ စာရွက်စာတမ်းအား ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းစု၏ကိုယ်စား ကုမ္ပဏီ၏ ဒါရိုက်တာအားလုံးကဖြစ်စေ၊ တစ်ဝက်အောက် မနည်းသော ဖက်စပ်လုပ်ကိုင်သူများကဖြစ်စေ လက်မှတ်ရေးထိုးခဲ့လျှင် ယင်းကမ်းလှမ်းမှုသည် ပြည့်စုံမှုရှိပြီး အဆိုပါ ဒါရိုက်တာတစ်ဦးဦး သို့မဟုတ် ဖက်စပ်လုပ်ကိုင်သူတစ်ဦးဦးသည် စာဖြင့်ရေးသား၍ အခွင့်အာဏာအပ်နှင်းထားသော ၎င်း၏ ကိုယ်စားလှယ်ဖြင့် လက်မှတ်ရေးထိုးဆောင်ရွက်နိုင်သည်။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစား ပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသောစည်းကမ်းချက်များကို ပြောင်းလဲပြင်ဆင်ခြင်းနှင့် စပ်လျဉ်းသည့် ကန့်သတ်ချက်**

၂၁၃။ ကုမ္ပဏီတစ်ခုသည် အထွေထွေအစည်းအဝေးတွင်ပြုလုပ်သော အတည်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခြင်းမှတစ်ပါး မည်သည့်အချိန်တွင်မဆို ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) သို့မဟုတ် ယင်းအစားပြုလုပ်သည့် ရေးသားဖော်ပြချက်တွင် ပါရှိသော ပဋိညာဉ်စည်းကမ်းချက်များကို ပြောင်းလဲခြင်း မပြုလုပ်ရ။

**ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင်ပါရှိသော ဖော်ပြချက်များအတွက် တာဝန်ရှိခြင်း**

၂၁၄။ (က) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) သည် ကုမ္ပဏီ၏ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ရန် ပုဂ္ဂိုလ်တစ်ဦးဦးအား ဖိတ်ခေါ်ထားခဲ့လျှင် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေသည့်အချိန်က ကုမ္ပဏီ၏ ဒါရိုက်တာဖြစ်သူများအားလုံး၊ ၎င်းတို့၏ကိုယ်စား အခွင့်အာဏာအပ်နှင်းခြင်းခံရသူများအားလုံး၊ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဒါရိုက်တာအားလုံး၊ ချက်ချင်းသော်လည်းကောင်း၊အချိန်ကာလတစ်ရပ်တွင် သော်လည်းကောင်း ဒါရိုက်တာတစ်ဦးအဖြစ် ထားရှိရန်သဘောတူညီပြီးဖြစ်သော ပုဂ္ဂိုလ်များအားလုံး၊ ကမကထပြုသူများအားလုံးနှင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ထုတ်ဝေရန် အခွင့်အာဏာအပ်နှင်းခြင်း ခံရသူများအားလုံးသည် အောက်ပါအကြောင်းများပေါ်ပေါက်ခြင်း မရှိခဲ့လျှင်ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အပေါ် ယုံကြည်၍ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်သူများအားလုံးသို့ အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ဖြစ်စေ၊ ၎င်းတွင်ပါရှိသည့် အစီရင်ခံစာ သို့မဟုတ် မှတ်တမ်းတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ၎င်းတွင်ပါရှိသော သို့မဟုတ် ၎င်းနှင့်အတူ ဖော်ပြထားသော ရည်ညွှန်းချက်များတွင်ဖြစ်စေ မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ရေးသားဖော်ပြချက်များကြောင့် ငွေကြေးထည့်ဝင်ကြသူများအပေါ် ဖြစ်ပေါ်လာသည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုများအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည် -

(၁) ကျွမ်းကျင်သူတစ်ဦးဦး၏ ခွင့်ပြုချက်အရ ပြုလုပ်ရန် ရေးသားဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် ဌာနမှ တရားဝင်ထုတ်ပြန်သည့် စာရွက်စာတမ်းများကို အထောက်အထားမပြုဘဲ မှားယွင်းတင်ပြထားသည့် ရေးသားဖော်ပြချက် တစ်ရပ်ရပ် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြား ငွေချေးသက်သေခံလက်မှတ်များအား ခွဲဝေသတ်မှတ်သည့် အချိန်အထိ မှန်ကန်စွာတင်ပြထားကြောင်း သို့မဟုတ် အချက်အလက်များသည် မှန်ကန်မှုရှိကြောင်း ယုံကြည်လောက်သော အခြေခံအကြောင်းများရှိခြင်း သို့မဟုတ်

(၂) ကျွမ်းကျင်သူတစ်ဦးဦး၏ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုစုထားသော သို့မဟုတ် ယင်းအချက်များပါဝင်သော ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြထားခြင်း သို့မဟုတ် အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တစ်ရပ်ရပ်မှ မှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း (သို့ရာတွင် ရေးသားဖော်ပြချက်၊ အစီရင်ခံစာ သို့မဟုတ် တန်ဖိုးသတ်မှတ်ချက်တို့ကို ပြုလုပ်သည့် ကျွမ်းကျင်သူသည် ထိုသို့ ပြုလုပ်ဆောင်ရွက်ရန် အရည်အချင်းပြည့်ဝသည်ဟု ယုံကြည်လောက်သော အခြေခံအကြောင်းများမရှိကြောင်း ထင်ရှားပေါ်ပေါက်ခဲ့လျှင် ဒါရိုက်တာ၊ ဒါရိုက်တာအဖြစ် အမည်စာရင်း ရေးသွင်းခံရသူ၊ ကမကထပြုသူ သို့မဟုတ် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေရန် ခွင့်ပြုသူတို့သည်အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း လျော်ကြေးပေးရန် တာဝန်ရှိသည်။) သို့မဟုတ်

(၃) ဌာနဆိုင်ရာ တရားဝင်စာရွက်စာတမ်း တစ်ရပ်ရပ်မှ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် တရားဝင်ပုဂ္ဂိုလ်တစ်ဦးဦးက ပြုစုထားသော သို့မဟုတ် ယင်းအချက်များ ပါဝင်သော ရေးသားဖော်ပြချက်တစ်ရပ်ရပ်တွင်ပါရှိသော မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များသည် မှန်ကန်စွာတင်ပြထားခြင်း သို့မဟုတ် ဖော်ပြပါစာရွက်စာတမ်းမှ မှန်ကန်စွာ မိတ္တူကူးယူခြင်းဖြင့် သို့မဟုတ် ရွေးချယ်ထုတ်နုတ်ခြင်းဖြင့် ပြုလုပ်ထားခြင်း သို့မဟုတ်

(၄) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေခြင်း မပြုမီက ဒါရိုက်တာအဖြစ်ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ သဘောဆန္ဒကို ရုပ်သိမ်းခဲ့ပြီး အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်း၏ခွင့်ပြုချက် သို့မဟုတ် သဘောတူညီချက်မပါရှိဘဲ ကုမ္ပဏီက ထုတ်ဝေခဲ့ခြင်း သို့မဟုတ်

(၅) ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) ကို ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်း၊ ထိုသို့ ထုတ်ဝေခြင်းကို သိရှိသည့်အချိန်တွင် ထိုသို့ထုတ်ဝေခဲ့ခြင်းသည် ၎င်းအနေဖြင့် သိရှိခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့ခြင်းဖြစ်ကြောင်း အများပြည်သူသို့ ထိုက်သင့်သည့် နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း သို့မဟုတ်

(၆) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) အား ထုတ်ဝေပြီးနောက် ယင်းအရ ခွဲဝေသတ်မှတ်မှုများ ပြုလုပ်ခြင်း မရှိမီကာလတွင် ၎င်းအနေဖြင့် အဆိုပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ရေးသားဖော်ပြချက်များသည် မှားယွင်းတင်ပြထားသည့် သို့မဟုတ် မှန်ကန်မှုမရှိသည့် ဖော်ပြချက်များဖြစ်ကြောင်း သိရှိခဲ့သဖြင့် ၎င်း၏ သဘောတူညီချက်ကို ရုပ်သိမ်းခဲ့ခြင်း၊ ထိုသို့သော အကြောင်းနှင့် ရုပ်သိမ်းမှုကို အများပြည်သူသို့ ထိုက်သင့်သည့်နည်းလမ်းဖြင့် အသိပေးခဲ့ခြင်း။

(ခ) ယခင်ဥပဒေ စတင်အာဏာတည်သည့်အချိန်က တည်ရှိခဲ့သော ကုမ္ပဏီတစ်ခုက အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအား ထုတ်ဝေပြီး အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များအတွက် ငွေကြေးထည့်ဝင်ခြင်းဖြင့် မတည်ငွေရင်းများ ထပ်မံရရှိစေရန် ရည်ရွယ်ချက်ဖြင့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တစ်ရပ်အား ထုတ်ဝေလျှင် ဒါရိုက်တာတစ်ဦးသည် ၎င်းအနေဖြင့် ထိုသို့ ထုတ်ဝေရန် ခွင့်ပြုခြင်းမရှိလျှင် သို့မဟုတ် အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အားအတည်ပြုခြင်းမရှိလျှင် အဆိုပါကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) တွင် ပါရှိသည့် ဖော်ပြချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ တာဝန်မရှိစေရ။

(ဂ) ကုမ္ပဏီ၏အလားအလာညွှန်းတမ်း (Prospectus) တွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးအဖြစ် ပုဂ္ဂိုလ်တစ်ဦး၏အမည် သို့မဟုတ် ဒါရိုက်တာတစ်ဦးအဖြစ် ဆောင်ရွက်ရန် သဘောတူညီထားသည့် ပုဂ္ဂိုလ်တစ်ဦး၏ အမည်အား ဖော်ပြထားပြီး ကုမ္ပဏီ၏ အလားအလာ ညွှန်းတမ်း(Prospectus) အား ထုတ်ဝေခြင်းမပြုမီ ထိုပုဂ္ဂိုလ်က ဒါရိုက်တာအဖြစ်ဆောင်ရွက်ရန် သဘောတူညီခြင်းမရှိလျှင် သို့မဟုတ် ၎င်း၏သဘောတူညီချက်အား ရုပ်သိမ်းလျှင်၊ ထိုကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus) အား အထက်တွင် ဖော်ပြခဲ့သော ပုဂ္ဂိုလ်များအား အသိပေးခြင်းမရှိဘဲ သို့မဟုတ် ၎င်း၏ သဘောတူညီချက်မပါရှိဘဲ ထုတ်ဝေခဲ့သည့် ကိစ္စမှအပ ထိုကုမ္ပဏီ၏ ဒါရိုက်တာ၊ ထိုသို့ထုတ်ဝေရန် ခွင့်ပြုခဲ့သူများသည် ယင်းပုဂ္ဂိုလ်များသို့ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်း (Prospectus)တွင် ၎င်းတို့၏အမည်အား ထည့်သွင်းဖော်ပြမှုကြောင့် ၎င်းတို့အပေါ်တွင် ကျရောက်လာသည့် တာဝန်ရှိမှုများအတွက်သော်လည်းကောင်း၊ အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ၎င်းတို့အပေါ် စွဲဆိုသည့်ပြစ်မှု သို့မဟုတ် တရားစွဲဆိုဆောင်ရွက်မှု တစ်ရပ်ရပ်တွင် ခုခံချေပခြင်းအတွက်သော်လည်းကောင်း ၎င်းတို့၏ ထိခိုက်နစ်နာမှုနှင့် ကုန်ကျစရိတ်များအတွက် လျော်ကြေးပေးရန် တာဝန်ရှိသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# စျေးမြင့်တက်ခဲ့သော iPhone X စျေးနှုန်းများ ကျပ် ၁၇ သိန်းကျော်တွင် စျေးတည်ငြိမ်လာ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

နိုဝင်ဘာ ၃ ရက်က ပြည်တွင်းစျေးကွက်သို့ စတင်ဝင်ရောက်ချိန်တွင် နိုင်ငံတကာ စျေးကွက်မှစျေးထက် များစွာပိုမြင့်ခဲ့သော iPhone X သည် နှစ်လနီးပါးကြာသည့် ယခု ဒီဇင်ဘာလကုန်ပိုင်းတွင် စျေးနှုန်းများစွာလျော့ကျလာပြီး စျေးနှုန်းတည်ငြိမ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် iPhone X 256GB သည် ကျပ် ၁၇၃၀၀၀၀ မှ ၁၇ သိန်းခွဲအထိ ဖုန်းဆိုင်များ၏ ဝန်ဆောင်မှုအလိုက် စျေးရှိနေပြီး 64GB မှာ ကျပ် ၁၅၃၀၀၀၀ မှ ၁၅ သိန်းခွဲခန့်အထိ ရှိနေကြောင်း ရန်ကုန်မြို့ ဖုန်းစျေးကွက်အတွင်းမှ သိရသည်။

နိုဝင်ဘာလဆန်း စတင်ဝင်ရောက်ချိန်က ကျပ် ၂၃ သိန်းခန့်အထိ စျေးမြင့်ခဲ့သော iPhone X 256 GB မှာ နိုဝင်ဘာလကုန်ပိုင်းတွင် ကျပ်သိန်း ၁၈ သိန်းကျော်အထိ စျေးကျခဲ့ကာ လက်ရှိအချိန်တွင် ကျပ် ၁၇ သိန်းအထက်တွင် ရှိနေခြင်းဖြစ်သည်။ စတင်ဝင်ရောက်ချိန်ကစျေးထက် ကျပ်ငါးသိန်းခွဲခန့် စျေးကျသွားခြင်းဖြစ်ကာ လက်ရှိ စျေးနှုန်းမှာ ဒေါ်လာပေါက်စျေးနှင့် အခွန်အခများအရ အနိမ့်ဆုံးကျသင့်နိုင်သည့်စျေး ဖြစ်ပြီး ယခုထက်ပို၍ စျေးမကျနိုင်တော့ကြောင်း သိရသည်။

မြန်မာနိုင်ငံအတွင်း iPhone သည် တရားဝင်ဖြန့်ချိသူ မရှိသေးသဖြင့် ဖုန်းမော်ဒယ် အသစ်များထွက်ချိန်တွင် စင်ကာပူအပါအဝင် အခြားနိုင်ငံများမှ ဝယ်၍ရသောဖုန်း များကို ပြည်တွင်းရှိဖုန်းဆိုင်များက တစ်လုံးချင်းပြန်သွင်းကာ ပြည်တွင်းစျေးကွက်တွင် ရောင်းချခြင်းဖြစ်၍ ဖုန်းမော်ဒယ်အသစ်ထွက်ချိန်တွင် နိုင်ငံတကာစျေးကွက်မှ စျေးနှင့် များစွာ ကွာခြားမှုရှိတတ်ကာ iPhone X မှာမူ အခြား iPhone မော်ဒယ်များထက် ပို၍ စိတ်ဝင်စားမှု များပြားခဲ့သဖြင့် စျေးနှုန်းများ အဆမတန် မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သူရဖြိုး

# စျေးနှုန်းပိုသက်သာသော FTTH အစီအစဉ်သစ်များကို MPT မိတ်ဆက်သွားမည်

**ရန်ကုန် ဒီဇင်ဘာ ၂၉**

အင်တာနက်အသုံးပြုသူများအတွက် စျေးနှုန်းသင့်တင့်မျှတသော FiberTo The Home(FTTH) အင်တာနက်ကို ရယူသုံးစွဲနိုင်မည့် အစီအစဉ်သစ်များကို MPT က ဇန်နဝါရီ ၂ ရက်မှစတင်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း MPT မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

FTTH တပ်ဆင်ခနှင့် လစဉ်ကြေး နှုန်းထားများကို လျှော့ချလိုက်ခြင်းဖြစ်ပြီး အသစ်ပြောင်းလဲလိုက်သည့် စျေးနှုန်းများအရ တပ်ဆင်ခကို ယခင်က ကျပ်နှစ်သိန်းမှ ကျပ်ငါးသောင်းအထိ လျှော့ချလိုက်သလို လစဉ်ကြေးကိုလည်း 2 Mbps အမြန်နှုန်းအတွက် တစ်လလျှင် ကျပ် ၃၉၀၀၀၊ 5Mbps အမြန်နှုန်းအတွက် တစ်လလျှင် ကျပ် ၆၉၀၀၀ နှင့် 10Mbps အမြန်နှုန်းအတွက် ကျပ် ၁၀၉၀၀၀ အထိ လျှော့ချသတ်မှတ်လိုက်ခြင်းဖြစ်သည်။

MPT-KSGM Joint Operations ၏ Chief Commercial Officer Mr. Reizo Umeda က "မြန်မာနိုင်ငံတစ်ဝန်းက သုံးစွဲသူတွေအတွက် fixed-line အင်တာနက် ထောက်ပံ့ပေးမှုနဲ့အတူ အရင်ကထက် ပိုမိုကောင်းမွန်ပြီး အကန့်အသတ်မရှိတဲ့ ဒီ fixed-line အင်တာနက်သုံးစွဲမှုကို စျေးနှုန်းသက်သက်သာသာနဲ့ ထောက်ပံ့ပေးတာဖြစ်ပါတယ်။ အရည်အသွေးမြင့် FTTH အင်တာနက်လိုင်းနဲ့ ချိတ်ဆက်ထားတဲ့ နေအိမ်တွေဟာ ယုံကြည်စိတ်ချရတဲ့ ဖိုက်ဘာအင်တာနက်လိုင်းတွေကြောင့် အလွန်မြန်ဆန်တဲ့ အင်တာနက်အမြန်နှုန်းတွေကို ရရှိမှာဖြစ်ပါတယ်။ ဒါ့အပြင် ကနဦးတပ်ဆင်ခကိုလည်း ကျပ် ၅၀၀၀၀ အထိ လျှော့ချပေးထားပါတယ်"ဟု ပြောကြားသည်။

အဆိုပါဝန်ဆောင်မှုကို အသုံးပြုနိုင်သည့် မြို့နယ်များမှ MPT သုံးစွဲသူများအနေဖြင့် ပိုမိုသိရှိလိုသော အသေးစိတ် အချက်အလက်များကို MPT အမှတ်တံဆိပ်အရောင်းဆိုင်များတွင် စုံစမ်းမေးမြန်းနိုင်ပြီး အသုံးပြုရန်အတွက် ဇန်နဝါရီ ၂ ရက်တွင် စတင်စာရင်းပေးသွင်းနိုင်မည်ဖြစ်ကြောင်း သိရသည်။

Fiber လိုင်းကိုအသုံးပြု၍ နေအိမ်အရောက် အင်တာနက်ရရှိသည့် FTTH စနစ်သည် အမြန်နှုန်းတည်ငြိမ်သော အင်တာနက်လိုင်းကို အချိန်ပြည့်ရရှိနိုင်သဖြင့် အိမ်သုံးအတွက်သာမက အင်တာနက်ကို အသုံးပြုနေရသည့် စီးပွားရေးလုပ်ငန်းများ၊ ရုံးများအတွက် မိုဘိုင်းအင်တာနက်ထက် ပိုမိုသင့်တော်သော အင်တာနက် အစီအစဉ်တစ်ခုဖြစ်ကာ လက်ရှိအချိန်တွင်မူ မိုဘိုင်းအင်တာနက်ကဲ့သို့ နေရာတိုင်းတွင် မသုံးနိုင်သေးခြင်းက အားနည်းချက်တစ်ခုဖြစ်လျက်ရှိကြောင်း သိရသည်။

သူရဖြိုး

# Cyber Security ပြိုင်ပွဲ သိကောင်းစရာများကို mmCERT ဖေ့စ်ဘုတ်တွင် ဖော်ပြပေးလျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် MCF နှင့် Myanmar Computer Emergency Response Team(mmCERT)တို့ ပူးပေါင်း၍ ဇန်နဝါရီ ၂၅ ရက်တွင် ကျင်းပမည့် Myanmar Cyber Security Challenge (2018) ပြိုင်ပွဲအတွက် သိကောင်းစရာများကို mmCERT ၏ ဖေ့စ်ဘုတ်စာမျက်နှာတွင် ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

Myanmar Cyber Security Challenge(2018) ပြိုင်ပွဲတွင် ယခင်နှစ်များက ကျင်းပခဲ့သည့်အတိုင်း CTF Jeopardy Style ပုံစံဖြင့် မေးခွန်းများကို ပဟေဠိပြုလုပ်ထားပြီး ဖြေဆိုသူများက ရွေးချယ်ဖြေဆိုရမည်ဖြစ်ကာ ပြိုင်ပွဲအတွက် လေ့လာရမည့် ဘာသာရပ်များဖြစ်သော (1)Web Security (2) Reverse Engineering (3) Cryptography + Steganography (4) Pwn (5) Forensics (6) Miscenllaneous စသည့် ဘာသာရပ်များအတွက် သက်ဆိုင်ရာ မေးခွန်းထုတ်သူများ၏ အကြံပေးချက်များကို ဖတ်ရှုနိုင်ရန် သီးခြားလင့်များကို ညွှန်ပြပေးထားသည်။

မြန်မာနိုင်ငံအတွင်းရှိ လူငယ်လူရွယ်များအနေဖြင့် Cyber Security ပိုင်းဆိုင်ရာ အသိအမြင်နှင့် ကျွမ်းကျင်မှုများ တိုးတက်လာစေရန်နှင့် အတွေ့အကြုံရရှိစေရန် ရည်ရွယ်၍ Myanmar Cyber Security Challenge(2018) ပြိုင်ပွဲကို ကျင်းပပေးခြင်းဖြစ်ပြီး လူငယ်များအနေဖြင့် ပြိုင်ပွဲဝင်ခြင်းဖြင့် မိမိ၏ကျွမ်းကျင်မှု၊ အခြားသူများ၏ ကျွမ်းကျင်မှုအခြေအနေနှင့် လုပ်ဆောင်နေမှုများကို သိရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် နည်းပညာ လုံခြုံရေးပိုင်းကို စိတ်ဝင်စားသော လူငယ်များ အဖွဲ့တစ်ဖွဲ့လျှင် သုံးဦးနှုန်းဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တွဲဖက်အဖွဲ့ဝင် မရှိလျှင်လည်း mmCERT ၏ ဖေ့စ်ဘုတ်စာမျက်နှာသို့ message ပေးပို့၍ဖြစ်စေ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် ဖုန်း ၀၁-၆၅၂၃၀၇၊ ၀၁-၂၃၀၅၂၃၃ နှင့် mmCERT ဖုန်း-၀၁-၆၅၀၈၉၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ဖြစ်စေ ဆွေးနွေးနိုင်ကြောင်း၊ ပြိုင်ပွဲအတွက် စာရင်းပေးသွင်းလိုသူများအနေဖြင့် ဇန်နဝါရီ ၁၂ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး

## New Product

# ဆယ်လ်ဖီကင်မရာနှစ်လုံးပါဝင်တဲ့ Honor 9 Lite စမတ်ဖုန်းသစ်

Honor 9 Lite ဟာ မကြာမီက ထုတ်လုပ်ခဲ့တဲ့ Huawei Honor 9 ရဲ့စွမ်းဆောင်ရည် အချို့ကိုလျှော့ပြီး ထပ်မံထုတ်လုပ်လိုက်တဲ့ တန်ဖိုးနည်းဖုန်း မော်ဒယ်သစ်ဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ ဒီဇင်ဘာ ၂၆ ရက်ကမှ စတင်ရောင်းချနေတာဖြစ်လို့ မြန်မာနိုင်ငံ စျေးကွက်ထဲကိုတော့ လက်ရှိအချိန်မှာ ရောက်မလာသေးပါဘူး။

Honor 9 Lite ဟာ မျက်နှာပြင်အကျယ် ၅ ဒသမ ၆၅ လက်မရှိလို့ အရွယ်အစားကြီးတဲ့ ဖုန်းအမျိုးအစားထဲမှာ ပါဝင်ပြီး resolution က 1080 x 1920 pixels ရှိလို့ full HD အရည်အသွေး ဖြစ်ပါတယ်။ Screen ပိုင်းမှာ ထူးခြားချက်အနေနဲ့ အရင်ထုတ်ခဲ့ဖူးတဲ့ ဟွာဝေးဖုန်းတွေလို 16:9 အချိုးမဟုတ်ဘဲ 18:9 ဖြစ်တဲ့အတွက် Screen ဟာ အထက်အောက် ပိုပြီးရှည်နေတဲ့ပုံစံ ဖြစ်ပါတယ်။ ဖုန်းရဲ့မျက်နှာပြင်နေရာကိုလည်း ပိုပြီးကျဉ်းအောင် ထုတ်လုပ်ထားလို့ screen ရဲ့ အပေါ်ဘက်နဲ့ အောက်ဘက်က နေရာလွတ်တွေ ပိုနည်းသွားသလို ဘေးဘောင်တွေလည်း မရှိသလောက်ဖြစ်ပြီး screen အပြည့်ပုံစံ ဖြစ်ပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ နောက်ဆုံးထွက် 8.0(Oreo)ကို Huawei ရဲ့ EMUI 8.0 နဲ့ ပေါင်းပေးထားပါတယ်။ CPU က 2.36 GHz Octa-Core CPU ဖြစ်ပြီး မင်မိုရီပိုင်းမှာတော့ RAM 3GB အင်တာနယ်မင်မိုရီ 32GB၊ RAM 4GB အင်တာနယ်မင်မိုရီ 32 GB၊ RAM 4GB အင်တာနယ်မင်မိုရီ 64GB လို့ သုံးမျိုးခွဲပြီး ထွက်ထားပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးရင် 256GB အထိ ထောက်ပံ့ပေးထားပြီး ဒုတိယဆင်းကတ်ပေါက်နေရာမှာ ထည့်သုံးရမှာဖြစ်လို့ မင်မိုရီကတ်သုံးရင်တော့ ဆင်းကတ်တစ်ကတ်ပဲ သုံးနိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ်မသုံးရင်တော့ GSM ဆင်းကတ်နှစ်ကတ် ထည့်သုံးနိုင်မှာဖြစ်ပြီး အင်တာနက်အတွက် 4G(LTE)ကို ထောက်ပံ့ပေးထားပါတယ်။

ကင်မရာပိုင်းမှာ ထူးခြားချက်အနေနဲ့ ရှေ့ဘက်ရော နောက်ဘက်မှာပါ ၁၃ မဂ္ဂါပစ်ဇယ်နဲ့ ၂မဂ္ဂါပစ်ဇယ် Dual Camera တွေ တပ်ဆင်ထားလို့ စုစုပေါင်း ကင်မရာ လေးလုံး ပါဝင်နေပါတယ်။ Dual Camera တွေကို ဆော့ဖ်ဝဲပိုင်းလုပ်ဆောင်ချက်တွေဖြစ်တဲ့ HDR, Panorama, Digital Zoom စတာတွေ ပေါင်းထည့်ပေးထားလို့ ဓာတ်ပုံဝါသနာရှင်တွေ၊ ဆယ်လ်ဖီဝါသနာရှင်တွေအတွက် အဆင်ပြေစေမှာဖြစ်ပါတယ်။

အခြားလုပ်ဆောင်ချက်အနေနဲ့ Finger Print ကိုလည်း အသုံးပြုနိုင်မှာဖြစ်ပြီး Sensor က ဖုန်းရဲ့ နောက်ဘက်မှာ ပါဝင်ပါတယ်။ USB on the go ကိုလည်း အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဘက်ထရီပိုင်းမှာလည်း 3000mAh Li-Po ဘက်ထရီ ပါဝင်လို့ ဘက်ထရီပိုင်းလည်း စွမ်းရည်မြင့်ပါတယ်။

ကိုယ်ထည်အရောင်အနေနဲ့ အပြာ၊ အညို၊ အနက်နဲ့ အဖြူရောင်တွေ ရရှိနိုင်မှာဖြစ်ပြီး ပြည်တွင်းစျေးကွက်ကို မရောက်လာသေးလို့ စျေးနှုန်းအတိအကျကို မသိရသေးဘဲ လက်ရှိ တရုတ်နိုင်ငံမှာ ရောင်းချနေတဲ့ စျေးနှုန်းသတ်မှတ်ချက်ကတော့ RAM 4GB အင်တာနယ်မင်မိုရီ 64GB က ၂၇၃ ဒေါ်လာ၊ RAM 3GB အင်တာနယ် မင်မိုရီ 32GB က ၁၈၂ ဒေါ်လာနဲ့ RAM 4GB အင်တာနယ်မင်မိုရီ 32 GB က ၂၂၇ ဒေါ်လာ ဖြစ်ပါတယ်။

သူရဖြိုး




# ဖုန်းဘေလ်ဖြင့် ငွေပေးချေနိုင်သော ဝန်ဆောင်မှုကို ပေးအပ်နိုင်ရန် Fortumo နှင့် အူရီဒူးမြန်မာတို့ ပူးပေါင်း

**ရန်ကုန် ဒီဇင်ဘာ ၂၉**

မိုဘိုင်းငွေပေးချေခြင်းစနစ် ဝန်ဆောင်မှုများကို ပေးအပ်နေသည့် Fortumo ဝက်ဘ်ဆိုက်မှ ဝန်ဆောင်မှုများအတွက် ငွေပေးချေမှုများကို ပြည်တွင်းမှ အူရီဒူးဆင်းကတ်အသုံးပြုသူများအနေဖြင့် ဖုန်းဘေလ်ဖြင့် ပေးချေနိုင်ရန်အတွက် အူရီဒူးမြန်မာနှင့် Fortumo တို့ ပူးပေါင်းလိုက်ပြီဖြစ်ကာ အူရီဒူးဆင်းကတ် အသုံးပြုသူများအနေဖြင့် Fortumo ဝက်ဘ်ဆိုက်တွင် Account ဖွင့်လှစ်၍ ဝက်ဘ်ဆိုက်ပါ ဝန်ဆောင်မှုများအတွက် ဖုန်းဘေလ်ဖြင့် ငွေပေးချေနိုင်ပြီဖြစ်ကြောင်း သိရသည်။

Fortumo သည် Google Play အပါအဝင် အခြား app store များ၊ Spotify, iflix, Sony, HOOQ, Gaana အပါအဝင် အခြားနည်းပညာ၊ ရုပ်ရှင်၊ ဂိမ်း စသည့် ကုမ္ပဏီများမှ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ရယူသုံးစွဲလိုသူများအတွက် မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ငွေပေးချေနိုင်အောင် ကြားခံဝန်ဆောင်မှုပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ကာ လက်ရှိအချိန်တွင် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၉၀ ကျော်၌ မိုဘိုင်းအော်ပရေတာပေါင်း ၃၅၀ ကျော်နှင့် ပူးပေါင်း၍ ဝန်ဆောင်မှုများ ပေးလျက်ရှိသည်။

ယခု အူရီဒူးနှင့် Fortumo တို့၏ ပူးပေါင်းဆောင်ရွက်မှုအရ ပြည်တွင်းမှ အူရီဒူးဆင်းကတ်သုံးစွဲသူများအနေဖြင့် Google Play Store မှ အပလီကေးရှင်းနှင့် ဂိမ်းများကို ဖုန်းဘေလ်ဖြင့် ဝယ်ယူနိုင်မည့်အပြင် Fortumo နှင့် ချိတ်ဆက်ထားသည့် နည်းပညာကုမဏီ၊ မီဒီယာကုမ္ပဏီ၊ ဂိမ်းကုမ္ပဏီများ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို ဖုန်းဘေလ်ဖြင့် ငွေပေးချေ၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

ဝန်ဆောင်မှုကို အသုံးပြုရန်အတွက် fortumo.com ဝက်ဘ်ဆိုက်တွင် အူရီဒူးဆင်းကတ်ဖြင့် Account ဖွင့်ရမည်ဖြစ်ပြီး Account ဖွင့်ပြီးပါက ဝက်ဘ်ဆိုက်တွင် ဝယ်ယူလိုသည့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအတွက် အူရီဒူး ဖုန်းဘေလ်ဖြင့် ငွေချေနိုင်မည်ဖြစ်သည်။ ငွေပေးချေရန်အတွက် ဖုန်းဘေလ်တွင်ရှိသည့် ငွေပဏာအတိုင်း အကန့်အသတ်မရှိ ဝယ်ယူနိုင်မည်ဖြစ်ပြီး အဆိုပါ ဝန်ဆောင်မှုအတွက် ဖုန်းဘေလ်သာ ဖြည့်သွင်းရမည်ဖြစ်ကာ အူရီဒူးအနေဖြင့် သီးသန့်ဝန်ဆောင်ခ ကောက်ခံခြင်းမရှိကြောင်း သိရ သည်။

အူရီဒူးမြန်မာ၏ CEO Mr.Vikram Sinha က "အူရီဒူးမြန်မာက မိုဘိုင်းဖုန်းနဲ့ တိုက်ရိုက်ငွေပေးချေနိုင်မယ့် ဝန်ဆောင်မှုများ ပေးအပ်နေတဲ့ ကမ္ဘာ့ထိပ်တန်းလုပ်ငန်းတစ်ခုဖြစ်တဲ့ Fortumo နဲ့ ပူးပေါင်းဆောင်ရွက်လိုက်ခြင်းဖြစ်ပါတယ်၊ ယခု ပူးပေါင်းဆောင်ရွက်မှုက မြန်မာနိုင်ငံမှ မိုဘိုင်းဖုန်းအသုံးပြုသူတွေ နှစ်ခြိုက်မယ့် ဖုန်းဘေလ်ဖြင့် တိုက်ရိုက်ငွေပေးချေနိုင်မယ့်ဝန်ဆောင်မှု ဖြစ်လာမှာပါ"ဟု ပြောသည်။

GSMA Intelligence ၏ အချက်အလက်များအရ မြန်မာနိုင်ငံရှိ ပြည်သူလူထု၏ ၇၀ ရာခိုင်နှုန်းမှာ မိုဘိုင်းဖုန်းတစ်လုံးစီ ပိုင်ဆိုင်နေပြီး ၎င်းတို့ထဲမှ ၉၇ ရာခိုင်နှုန်းမှာ မိုဘိုင်းအင်တာနက်ကို သုံးစွဲနေကြသဖြင့် ဒီဂျစ်တယ်စီးပွားရေးစနစ်သည် အရှိန်ရလျက်ရှိသော်လည်း ကမ္ဘာ့ဘဏ် မှတ်တမ်းအရ နိုင်ငံတွင်း ဘဏ်ကတ်ပိုင်ဆိုင်မှုမှာ ၂ ရာခိုင်နှုန်းအောက်တွင်သာ ရှိနေပြီး ပြည်သူလူထုအများစုမှာ အွန်လိုင်းဘဏ်စနစ်ဖြင့် ငွေပေးချေမှု များကို မလုပ်ဆောင်နိုင်သေးကြောင်း သိရသည်။

ထို့ကြောင့် အွန်လိုင်းဘဏ်စနစ် မဖွံ့ဖြိုးသေးသော မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းဖြင့် တိုက်ရိုက်ငွေပေးချေနိုင်မည့် ဝန်ဆောင်မှုသည် ငွေပေးချေမှုဆိုင်ရာ အခက်အခဲများကို အတိုင်းအတာတစ်ခုအထိ ဖြေရှင်းပေးနိုင်မည်ဖြစ်၍ ဖုန်းဘေလ်ဖြင့် တိုက်ရိုက်ငွေချေနိုင်သည့် ဝန်ဆောင်မှုမှာ နိုင်ငံတကာမှ နည်းပညာများနှင့် ဝန်ဆောင်မှုများကို ပြည်တွင်းမှ ငွေချေ ဝယ်ယူနိုင်ရန် အဆင်ပြေစေသော ဝန်ဆောင်မှုတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

သူရဖြိုး



# ဇာတ်ကားကြီးတွေ ရိုက်ကူးပြီးစီးခဲ့ပေမယ့် ကြာမြင့်နေမှုအပေါ် သုံးသပ်ပြောဆိုလိုက်သည့် အကယ်ဒမီမင်းသမီး

**ကိုလင်း**

အနုပညာအလုပ်တွေကို အိမ်ထောင်ရေးတာဝန်တွေ မအားလပ်သည့်ကြားကနေ ဆက်တိုက်ဆိုသလို လုပ်ကိုင်ဖြစ်နေသည့် အကယ်ဒမီ သက်မွန်မြင့်တစ်ယောက် ဇာတ်ကားတွေ အဆက်မပြတ် ရိုက်ကူးဖြစ်နေကြောင်းသိရပြီး လတ်တလောအနေဖြင့် ဒီဇင်ဘာ ၂၉ ရက်က ရုံတင်ပြသနေသည့် "ဆိုင်းကြိုက်တဲ့မောင်" ရုပ်ရှင်ဇာတ်ကားတွင်လည်း မြင့်မြတ်၏ ဇနီးအဖြစ် သရုပ်ဆောင်ထားပြီး တောသူအမျိုးသမီးအဖြစ် သရုပ်ဆောင်ထားကြောင်း သိရသည်။

**မေး ။ သက်မွန်ရဲ့ကားတွေ ရုံတင်ရက် နောက်ကျနေတယ်ဆိုတာလေး သိပါရစေ၊ ဘာကြောင့်လဲ၊ ပြီးတော့ အနုပညာလှုပ်ရှားမှု အနေနဲ့ရော ဘာတွေလုပ်ဖြစ်နေလဲ။**

ဖြေ ။ ခုလောလောဆယ် ရိုက်ဖြစ်နေတာကတော့ ဒစ်ဆက်ပ်ရှင်ပေါ့၊ ဒီလထဲမှာဖြစ်မလားတော့ သေချာမပြောတတ်သေးဘူး။ အခုအဲဒါ join နေတယ်။ တကယ်တမ်း သားသားမွေးပြီးကတည်းက ရိုက်ထားတဲ့ကားတွေနဲ့ဆိုရင် သက်မွန် ၁၀ ကားကျော် ၁၅ ကားလောက်ရှိပြီ၊ အခုသားသားတောင် သုံးနှစ်ပြည့်တော့မယ်။ မထွက်သေးဘူးဆိုတော့ နည်းနည်းတော့ ဒိတ်အောက်နေပြီပေါ့၊ အဲဒီလိုလေးတွေဖြစ်နေတော့ ထွက်လာတဲ့အခါကျရင် ဘယ်လိုနေမလဲ မသိဘူး။ ပရိသတ်တွေကတော့ ကိုယ့်ကိုယ်ချစ်တဲ့စိတ်နဲ့ အားပေးကြမယ်လို့ မျှော်လင့်ပါတယ်။

**မေး ။ ရုံတင်နောက်ကျနေတဲ့အပေါ် ခံစားမှုလေးက။**

ဖြေ ။ အခုကလည်း ရုံတင်တဲ့စနစ်တွေလည်း ပြောင်းနေတယ်။ ဘာပဲဖြစ်ဖြစ် ကောင်းတဲ့စနစ်ဘက်ကိုသွားမယ်လို့ မျှော်လင့်ရပါတယ်။ ရုပ်ရှင်က ကြိုက်မှတင်ရမယ်ဆိုတော့ သူတို့က ဘယ်လိုဇာတ်လမ်း ကြိုက်မယ်ဆိုတာကိုလည်း မပြောတတ်ဘူးလေ။ အနုပညာကိုဦးစားပေး မလား၊ စီးပွားရေးကို ဦးစားပေးမလား။ ဘယ်လိုပုံစံကြိုက်မယ်ဆိုတာ မပြောတတ်ဘူးလေ။ ကောင်းတဲ့ဘက်ကို ဦးတည်ပါစေလို့ မျှော်လင့်ပါတယ်။ အခုဟာက ရုပ်ရှင်ကားအရေအတွက်ကလည်း များနေတယ်။ ရုံကလည်း ထပ်တိုးချဲ့နေတယ်ဆိုတော့၊ မမျှသေးဘူးဆိုတော့ အခုလိုမျိုး နှစ်ကြာသွားတာမျိုး ဖြစ်တတ်တာပေါ့နော်။ ထွက်လာတဲ့အခါမှာ ပရိသတ်နဲ့ အကြိုက်ချင်းတူဖို့၊ စိတ်ချင်းတူဖို့က ခဲယဉ်းပါတယ်။ ကံပဲလို့ပြောရမှာပေါ့။ အချိန်ကလည်း ကွာသွားတယ်ဆိုတော့လေ၊ ဇန်နဝါရီလထဲမှာတော့ ရုပ်ရှင်ကားကြီးတွေရော ဗီဒီယိုတွေပါလက်ခံထားပါတယ်၊ ရိုက်ဖို့ရှိပါတယ်။

**မေး ။ ၂၀၁၇ က သက်မွန်အတွက် ကံကောင်းတဲ့နှစ်လို့ ပြောလို့ရမလား။**

ဖြေ ။ ကံကောင်းပါတယ်၊ ကိုယ်လိုချင်တဲ့သမီးလေးလည်း ပိုင်ဆိုင်ရတယ်၊ သမီးလေးကလည်း ကျန်းကျန်းမာမာလည်း ရှိတယ်၊ စီးပွားရေးလည်းလုပ်ရတယ်၊ အနုပညာအလုပ်လည်းလုပ်ရတယ်၊ အများကြီး ဖြတ်သန်းရတာပေါ့နော်၊ အခက်အခဲပေါင်းစုံရှိကြတာပဲလေ၊ ကျော်လွှားရတယ်၊ စိန်ခေါ်မှုတွေ အများကြီးရှိတာပဲလေ၊ တစ်ထစ်ချင်း လျှောက်လှမ်းလာနိုင်တယ်လို့ ထင်ပါတယ်။ ကံကောင်းခြင်းတွေရှိတဲ့နှစ်လို့ပြောလို့ရပါတယ်။

**မေး ။ အခုဆို ကိုယ်တိုင်မိခင်ဖြစ်လာပြီဆိုတော့ သားသမီးတွေရဲ့အပေါ် မိခင်တစ်ယောက် ရဲ့ ခံစားချက်လေး။**

ဖြေ ။ ပြောင်းပြန်လို ဖြစ်နေတယ် တစ်ခါတလေ တစ်ယောက်နဲ့ တစ်ယောက်စကြရင် မီးမီးက မငိုဘူး၊ သားသားက ငိုတယ်။ အမေကို ကပ်တယ်၊ ချွဲတယ်၊ ပူဆာတယ်။ နှစ်ယောက်စလုံးကတော့ ဉာဉ်လေးတွေကောင်းပါတယ်၊ မိဘကို ဒုက္ခမပေးဘူး။ စိတ်မဆင်းရဲရဘူး။ သူတို့အတွက် အစားအစာဆိုလဲ နှစ်ယောက်လုံး ဘာကျွေးကျွေး စားတယ်၊ သူတို့က မစားဘူးဆိုပြီး မိဘစိတ်ဆင်းရဲနေရတာမျိုး မရှိဘူး။

**မေး ။ နောက်ထပ် ကလေးယူဖို့ အစီအစဉ်ရှိသေးလား။**

ဖြေ ။ အဲဒါကတော့ ကိုယ်ကသာမန်လူ တစ်ယောက်အနေနဲ့ဆိုရင်တော့ ဆန္ဒရှိပါတယ်။ မိသားစု မောင်နှမများတာကို လိုချင်တယ်။ ဘာဖြစ်လို့လဲဆိုရင် သူတို့တွေကြီးလာတဲ့အခါကျရင် ဆွေမျိုးမရှိတဲ့ဘဝကို ရှန်းကန်ရမှာဆိုးတယ်။ ကိုယ်ကိုယ်တိုင်လည်း ဆွေမျိုးတွေရှိရဲ့နဲ့ တခြားမှာ ရှင်သန်လုပ်ကိုင်ရတဲ့အခါကျတော့ သူတို့ကိုထားခဲ့ရတယ်။ မိဘမောင်နှမတွေနဲ့ ကွဲကွာရတာ အလွန်အထီးကျန်ဖြစ်တယ်။ လောကကြီးမှာ ကိုယ့်တစ်ဦးတည်း ဖြတ်သန်းရသလိုဖြစ်နေတယ်လေ။ သူတို့ကို အဲဒီလိုမျိုး မဖြစ်စေချင်ဘူး။ အသက်အရွယ်လည်း ရှိသေးတယ်။ အနုပညာသမားဖြစ်နေတဲ့အတွက် နည်းနည်းချိန်ရတာပေါ့။ အခုလက်ရှိမှာတော့ သားလေးရော သမီးလေးပါ ရှိနေပြီဖြစ်တဲ့အတွက် ကျေနပ်စရာကောင်းနေပါပြီ။

**မေး ။ သားနဲ့သမီးအတွက် ရည်မှန်းချက်လေးတွေက။**

ဖြေ ။ ရည်မှန်းထားတာကတော့ သူတို့အတွက် အကောင်းဆုံးဆိုတာမျိုးပေါ့၊ သူဘာဝါသနာပါမလဲ၊ ဘာဖြစ်ချင်လဲဆိုတာ ကြည့်ရဦးမှာပေါ့။ တကယ်လို့ အနုပညာပဲလုပ်ချင်တယ်ဆိုရင်တော့ ကိုယ်ကအတွေ့အကြုံရှိပြီးသားဖြစ်တဲ့အတွက် ကောင်းကောင်းပံ့ပိုးပေးနိုင်မယ်လို့ ထင်ပါတယ်၊ မလုပ်ချင်ဘူး၊ စာကိုပဲ စိတ်ဝင်စားတယ်၊ ကျောင်းတက်မယ်၊ သူ့အဖေလိုင်းဘက် Architect လိုင်း ဘက်သွားမယ်ဆိုရင်လည်း သူ့အဖေက ပံ့ပိုးပေးမှာပါ။ သားကတော့ အခုတစ်နေ့ကို မှန်သုံးကြိမ်လောက် ကြည့်နေတယ်၊ အလွန်လှချင်တယ်။ သားသားက အခု ပြေီမှာကျရင် သုံးနှစ်ပြည့်မယ်၊ မီးမီးက ဒီဇင်ဘာ ၁၄ ရက်ကျရင် တစ်နှစ်ပြည့်ပါပြီ။ ။

# အနုပညာလောက ကနေ ကျန်းမာရေးကြောင့် အနားယူခဲ့သည့် ထက်နိုင်အောင်

**ကိုလင်း**



ထပ်ဆင့် အကယ်ဒမီ ထက်ထက်မိုးဦး၏ အစ်ကိုအရင်းဖြစ်သူ သရုပ်ဆောင် ထက်နိုင်အောင် အနေဖြင့် အနုပညာလောကကို ယခင် ၁၀ နှစ်လောက်က ဝင်ရောက်ခဲ့ပြီး ကျန်းမာရေးကြောင့် ခဏတာ အနားယူခဲ့ပြီး ယခု ၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အနုပညာအလုပ်တွေကို ပြန်လည်လုပ်ဆောင်မည်ဟု သိရသည်။ သူ့အနေဖြင့် ဒယ်ဒီဟောက်စ် ဗီဒီယို ထုတ်လုပ်ရေးကနေ ဇာတ်ကား သုံးကားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖြန့်ချိသွားမည်ဖြစ်ပြီး ယင်းဇာတ်ကားများတွင် ဇာတ်လမ်း ညီထက်နိုင်၊ ဒါရိုက်တာ အောင်သျှံဝိုင်း (ကျိုက်မရော) ရိုက်ကူးပြီး ထက်နိုင်အောင်၊ ဘေဘီမောင်၊ မိုးခမ်းနှင့် အနုပညာရှင်များစွာပါဝင်သော "ပြောင်းပြန် စီးသော" အမည်ရ ဇာတ်ကားကိုလည်းကောင်း၊ ဇာတ်လမ်း ထွဋ်အာကာ၊ ဒါရိုက်တာ ထွဋ်အာကာ ရိုက်ကူးပြီး ထက်နိုင်အောင်၊ အံ့သစ်ကျော်၊ မေပန်းချီ၊ မိုးခမ်းနှင့် အနုပညာရှင်များ ပါဝင်သော "အရက်ဦးရဲ့ မုန်တိုင်း" ဇာတ်ကားကို လည်းကောင်း၊ ဇာတ်လမ်း အေဝိုင်၊ ဒါရိုက်တာ အောင်သျှံဝိုင်း (ကျိုက်မရော ) ရိုက်ကူးပေးထားပြီး ထက်နိုင်အောင်နှင့် အနုပညာရှင်များစွာတို့ ပါဝင်ထားသော ဇာတ်ကားများကို ဖြန့်ချိမည်ဟု သိရသည်။

"အနုပညာအလုပ်နဲ့ ကျွန်တော် တော်တော်ကြာကြာ ဝေးကွာခဲ့ပါတယ်၊ ကျန်းမာရေးကြောင့်ပါ၊ အခုကျွန်တော်ပြန်လုပ်ဖြစ်တာကလည်း ဝါသနာကို မစွန့်လွှတ်နိုင်ဘူးလေ၊ ဒါကြောင့်မို့ပါ၊ အခုကျွန်တော်ကိုယ်တိုင် ခေါင်းဆောင်ပါထားတဲ့ ဇာတ်ကားသုံးကားလုံးကို မကြာမီဖြန့်ချိတော့မှာပါ၊ အချစ်၊ အလွမ်း၊ အကြမ်း အစုံပါပဲ၊ ကာရိုက်တာတွေလည်း ကျွန်တော်တတ်နိုင်သမျှ ကြိုးစားသရုပ်ဆောင်ထားပါတယ်၊ ထက်ထက်နဲ့ကမောင်နှမတွေ ဆိုပေမယ့် ကိုယ့်လိုင်းနဲ့ကိုယ် လျှောက်လှမ်း ဖြစ်ပါတယ်၊ အနုပညာနဲ့ပတ်သက်ပြီး ဝေဖန်အကြံပေးတယ်၊ အဲဒီလောက်ပါပဲ၊ အနုပညာအလုပ်ကနေ ခဏတာ အနားယူသွားပေမယ့် အနုပညာချစ်တဲ့ စိတ်နဲ့ ဗီဒီယိုဈေးကွက်တွေ ပျောက်ပေမယ့် ဝါသနာအရ အခုလို နာမည်သစ်၊ စိတ်သစ်လူသစ်ပုံစံနဲ့ တစ်ကျော့ဝင်လာတာပါ" ဟု ပြောသည်။ ။

# မိဘမေတ္တာဘွဲ့နှင့် ဟာသရောနှော ရိုက်ကူးထားသော "ဆိုင်းကြိုက်တဲ့မောင်" ရုပ်ရှင်ဇာတ်ကား




၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်တွင် မြန်မာပြည်အနှံ့ရှိရုပ်ရှင်များတွင် စတင်ရုံတင်ပြသခဲ့ပြီး အဆိုပါဇာတ်ကားသည် ယနေ့ခေတ်လူငယ်များ၏စိတ်ကို ထင်ဟပ်ပြသထားသော ဇာတ်ကားကြီးဟု သိရှိရသည်။

အဆိုပါ ဇာတ်ကားကြီးတွင် ခန့်စည်သူ၊ မြင့်မြတ်၊ သက်မွန်မြင့်၊ ကျော်ကျော်၊ ဝေလျံ၊ စိုးနန္ဒာကျော်နှင့် အခြားဟာသ သရုပ်ဆောင်များစွာပါဝင်ပြီး ပေါ်ဂျာရစ်၏ ဇာတ်လမ်းကို ဒါရိုက်တာ ကိုပေါက်က ရိုက်ကူးထားကာ မိဘနှင့် သားသမီးအကြား လိုအပ်သော အပြန်အလှန်ဂရုစိုက်မှု၊ မိဘနှင့် သားသမီးမဟုတ်သော်လည်း ဖြူစင်သောစိတ်ထားနှင့် အရိုးခံစိတ်ထားရှိသူတို့ အကြောင်း၊ ကျေးရွာများ၏ တောသဘာဝ၊ တောအလှတို့ကို ရိုက်ကူးထားကြောင်း သိရသည်။

"အရင်တုန်းကတော့ ကျွန်တော့်ဇာတ်ကားက ဆိုင်းကြိုက်တဲ့မောင်လည်း မဟုတ်ဘူး၊ ကိုသားစိုးရဲ့ ဆိုင်းကြိုက်တဲ့မောင် သီချင်းလည်းမပါဘူး၊ အောင်ပါစေဆိုပြီးရိုက်တာ၊ ကျွန်တော်က ရုပ်ရှင်ရိုက်ရင် အတိတ်နိမိတ်လေးတွေ စဉ်းစားတတ်တော့ ကျွန်တော့် ဒီဇာတ်ကားလေးကို အောင်ပါစေဆိုပြီးတော့ရိုက်ခဲ့တာ၊ ဇာတ်ကားကို ဆက်ပြီးတော့ ပရိုဂျူဆာနဲ့တိုင်ပင်တဲ့အခါ ခေတ်နဲ့စနစ်နဲ့အရ ပရိသတ်တွေက ဆူမယ့်အရာမျိုး ကြိုက်တယ်ဆိုတော့ တိုင်ပင်ကြရင်းနဲ့မှ ဆိုင်းကြိုက်တဲ့မောင်ဆိုတဲ့ နာမည်လေးပေးဖြစ်သွားတာပါ၊ ဇာတ်လမ်းရဲ့ပုံစံလေးကတော့ မိဘမေတ္တာဖွဲ့ မိဘနဲ့သားသမီးရဲ့ကြားထဲက ဟာသဇာတ်မြူးထဲမှာမှ ဒရာမာဇာတ်လေးလည်း ချိုးထားတယ်ပေါ့၊ ဇာတ်ကားလည်းကောင်းသလို လွမ်းမောဖွယ်ကောင်းတဲ့ ဇာတ်ကားလေးတစ်ကားလည်း ဖြစ်ပါတယ်"ဟု ဆိုသည်။

ယင်းရုပ်ရှင်ဇာတ်ကားကြီးကို ပါဝါကင်းရုပ်ရှင်ထုတ်လုပ်ရေးမှထုတ်လုပ်ပြီး ဟာသဇာတ်မြူး ဒရာမာ ရုပ်ရှင်ဇာတ်ကားကြီး တစ်ကားဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

# New Year Countdown Yangon 2018 ဂီတပွဲတော်ကျင်းပမည်

**ကိုလင်း**

ဗန်ကောက်မြို့အခြေစိုက် Retox Sessions ၏ ကူညီပံ့ပိုးမှုနှင့် Hi Life Entertainment မှ ကြီးမှူးကျင်းပမည့် New Year Countdown Yangon ဂီတပွဲတော်ကြီးကို ယခုလ ၃၁ ရက် ညနေ ၄ နာရီမှ စတင်က ရန်ကုန်မြို့ သုဝဏ္ဏ ပေါ်ဆန်းမွှေးလမ်းရှိ The One Entertainment Park ကွင်း၌ ကျင်းပသွားမည်ဟု သိရသည်။ အဆိုပါပွဲသည် ထိုင်းနိုင်ငံတွင် နှစ်စဉ် ကျင်းပလျက်ရှိသော အကြီးမားဆုံး ဂီတပွဲတော်နှင့်တူညီပြီး မြန်မာနိုင်ငံတွင်လည်း ၂၀၁၄ ခုနှစ်မှစတင်ကာ EDM Festivals ပွဲများကို ကျင်းပခဲ့ရာ ယခု ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၉ ရက်က Road To TMF Pool Patry, Thingyan Music Festival (TMF), Together Festival Yangon, Monsoon Madaness Music Festival တို့ကို ကျင်းပခဲ့ကြောင်း သိရသည်။

"ဒီတစ်ခါလုပ်ဖြစ်တာက ကျွန်တော်တို့ နယူးရီးယားမှာ အားလုံးပါဝင်ဆင်နွှဲစေချင်တဲ့စိတ်ကြောင့် လုပ်ဖြစ်တာဆို မမှားပါဘူး၊ နိုင်ငံတကာမှာလည်း ဒီလိုပွဲတွေကျင်းပမယ်ဆိုတော့ ကိုယ့်နိုင်ငံအနေနဲ့လည်း ပါဝင်ချင်တာကြောင့်လို့ပြောရင် အမှားဆုံးမှန်ပါတယ်၊ ရန်ကုန်မြို့ရဲ့ တစ်နှစ်တာ ဖြတ်သန်းမှုကြီးကုန်ဆုံးသွားပြီး အားလုံးစိတ်သစ်လူသစ်နဲ့ အရာရာကို အသစ်အသစ်တွေ ဖန်တီးစေချင်တယ်ဆိုတဲ့အကြောင်း နောက်ပြီးတော့ ကျွန်တော်တို့ ဒီပွဲပုံစံမျိုးကိုပဲ ၂၀၁၈ ခုနှစ်ထဲမှာပဲ Myanmar Premium New Year Countdown Yangon အမည်နဲ့ ကျင်းပမှာပါ၊ အခုပွဲက နိုင်ငံတကာအဆင့်ရှိတဲ့ပွဲကြီးဆိုတော့ ဂီတဖျော်ဖြေမှုပိုင်းကအစ ပြည်ပက ပညာရှင်တွေပါမယ်၊ နောက်ပျော်ပွဲရွှင်ပွဲအစီအစဉ်တွေလည်း ထည့်ထားပါတယ်" ဟု Hi Life Entertainment မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။


အဆိုပါဖျော်ဖြေပွဲသို့ နိုင်ငံတကာမှ ဂီတပညာရှင်များဖြစ်ကြသည့် Breath Carolina, Carnage, Cesqeaux, Jewelz & Sparks နှင့် Say My Name စသည့် ပညာရှင်များအပြင် ပြည်တွင်း ဂီတပညာရှင်များပါဝင်မည်ဖြစ်ပြီး လက်မှတ်ဈေးနှုန်းများကို သိရှိလိုပါက ဖုန်း- ၀၉-၇၇၅၀၀၇၇၅၀ နှင့် ၀၉-၇၇၅၀၇၇၅၀၀ သို့ ဆက်သွယ်စုံစမ်းမေးမြန်းမှာယူနိုင်ကြောင်း သိရသည်။




# နွားထိုးကြီးမြို့ သစိုးကျေးရွာတွင် ထိုင်းနိုင်ငံ လန်းနာဟန် နံရံပန်းချီများရှိ

**နွားထိုးကြီး ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် သစိုးကျေးရွာ ပရိယတ္တိ နယူပဒေသတိုက် သာသနဝံသ အင်းဝကျောင်းတိုက် ဘုရားသုံးဆူတွင် ခရစ်နှစ် ၁၇၉၀-၁၈၁၀ ဝန်းကျင်ရှိ ထိုင်းနိုင်ငံမြောက်ပိုင်း လန်းနာဒေသဟန် နံရံပန်းချီများကို ဒီဇင်ဘာ ၂၄ ရက်တွင် နွားထိုးကြီး တောင်သာလမ်းပိုင်း ပြုပြင်ရေးလုပ်ငန်းဆောင်ရွက်သူ ကိုဘိုဘိုအောင်က တွေ့ရှိသဖြင့် သုသေသနအဖွဲ့များနှင့် ပူးပေါင်းလေ့လာခဲ့ကြောင်း သိရသည်။



နံရံပန်းချီကားများနှင့် ပတ်သက်၍ ကုန်းဘောင်ခေတ်ဦး အလောင်းမင်းတရားကြီးလက်ထက် ဦးအောင်ဇေယျ၏ ဒုတိယသားတော် အင်းဝဆင်ဖြူရှင်မင်းကြီးသည် ယိုးဒယားကို စစ်နိုင်ချိန် အယုဒ္ဓယမှ ပန်းဆယ်မျိုးပညာရှင်များ ခေါ်လာခဲ့ဖူးကြောင်း သားတော်စဉ့်ကူးမင်းလက်ထက်၌ တည်ဆောက်ရေးလုပ်ငန်းတိုးချဲ့ရာ ပုဂံမြို့ဟောင်း အာနန္ဒာဘုရား မြောက်ဘက်အဝင်နား အာနန္ဒာအုတ်ကျောင်း၊ အမရပူရခေတ်၊ ပုဂံမင်းကုသိုလ်တော်တောင် သမန်ကျောက်တော်ကြီးဘုရား၊ တောင်ဘီရွာ ကမ္မကျောင်းဦး ဘုရားနှစ်ဆူတွင် ထိုင်းနိုင်ငံမြောက်ပိုင်း လန်းနာဒေသပန်းချီလက်ရာဟန်မျိုးများရှိကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်နေထိုင်ကြသော ထိုင်း (ယိုးဒယား) လူမျိုးများက ရေးဆွဲသွားခဲ့ခြင်းဖြစ်နိုင်ကြောင်း မြန်မာမှုဗိသုကာ ဆရာကြီး တမ္ဗဝတီ ဦးဝင်းမောင်က သုံးသပ်ပြောကြားခဲ့သည်။

ထိုင်းဘုရင့် သမီးတော် မဟာချက်ကရီသီရိဒ္ဓ မြန်မာပြည်အလည်လာစဉ် ရောက်ရှိဖူးမြော်ခဲ့ခြင်းသည် အိမ်နီးချင်းနိုင်ငံ၏ ချစ်ခင်ရင်းနှီးမှုကို ပြသနေသည့်အတွက် နံရံပန်းချီများကို သုတေသနဌာနက ထိန်းသိမ်းစောင့်ရှောက်ပေးစေလိုကြောင်း လေ့လာသူတစ်ဦးက ပြောကြားသည်။

ယင်းနေရာ၌ မြန်မာမှု ဗိသုကာ ဆရာကြီးတမ္ဗဝတီ ဦးဝင်းမောင်၊ ရတနာပုံ တက္ကသိုလ်ရှေးဟောင်းသုတေသန ပညာဌာနမှ ဒေါက်တာဒေါ်သန်းအေး၊ တွဲဖက်ပါမောက္ခဆရာ ရာဇအောင်မြေတို့က ကိုဘိုဘိုအောင်၏ ကူညီ လမ်းပြမှုဖြင့် လေ့လာမှတ်တမ်းပြုခြင်းကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ငွေအိုး(ကသာ)**

# စိတ်ဓာတ်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေး အားကစားပွဲများပြုလုပ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ဘောလုံး၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ စားပွဲတင်တင်းနစ် စသည့် အားကစားနည်းများ အပါအဝင် နှစ်စဉ်လူထုလှုပ်ရှားမှုအနေဖြင့် အားကစားနည်းမျိုးစုံကို ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်နှင့် ကိုယ်ကာယကျန်းမာကြံ့ခိုင်စေရေး အတွက် ကျင်းပလျက်ရှိကြောင်း သိရသည်။



ဓာတ်ပုံ- မေမိုးသဲ

ထိုသို့ကျင်းပပေးလျက်ရှိရာတွင် ဒီဇင်ဘာ ၂၆ ရက်က ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၏ အတန်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို တက္ကသိုလ်အားကစားခန်းမ၌ ကျင်းပရာ အဆိုပါပြိုင်ပွဲဖွင့်ပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားသည်။

အတန်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံလက်ရွေးစင်အသင်းမှ ရွှေတံဆိပ်ဆုရ ခြင်းလုံးအားကစားသမားများက လာရောက်သရုပ်ပြသပေးခဲ့ပြီး ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ဆုငွေနှင့် လက်ဆောင်ပစ္စည်းများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ အတန်းလိုက်ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး ကျန်အားကစားနည်းများကိုလည်း ဆက်လက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# အခြေခံ မွေးမြူရေးလုပ်သား မွမ်းမံသင်တန်း ပူတာအိုတွင်ဖွင့်

**ပူတာအို ဒီဇင်ဘာ ၂၉**

အခြေခံမွေးမြူရေးလုပ်သား (CAHW) သင်တန်းသား များအနေဖြင့် တိရစ္ဆာန်မွေးမြူရေးနှင့် ဆေးကုသရေး အခြေခံဘာသာရပ်များကို စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်ပြီး လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်စေရန်နှင့် ဒေသတွင်မွေးမြူသော တိရစ္ဆာန်များ၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးကာ အသားထုတ်လုပ်မှုကဏ္ဍတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ကချင် ပြည်နယ် ပူတာအိုခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကြီးမှူးပြီး အခြေခံမွေးမြူရေးလုပ်သား မွမ်းမံ သင်တန်းကို ဒီဇင်ဘာ ၂၆ ရက်က ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက် ရောဂါကာကွယ် ဆေးအကြောင်း သိကောင်းစရာများနှင့် အခြေခံမွေးမြူရေးဘာသာရပ်များကို ခရိုင်ဦးစီးမှူး ဒေါက်တာဇော်ဇော်ဝင်း၊ မြို့နယ်ဦးစီးမှူး ဒေါက်တာ ဇာမဲဖီရမ်နှင့် ဒေါက်တာ အောင်သက်ဟိန်းတို့က ဒီဇင်ဘာ ၂၈ ရက် အထိ သုံးရက်ကြာ စာတွေ့လက်တွေ့သင်ကြားပို့ချခဲ့ပြီး သင်တန်းသို့ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၀ စုမှသင်တန်းသား ၁၀ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် သင်တန်းသားများအတွက် လိုအပ် သော ဆေးထိုးကိရိယာများနှင့် အခြားပစ္စည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြော

**မိတ္ထီလာ ဒီဇင်ဘာ ၂၉**

မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး ဟောပြောပွဲနှင့် မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြပွဲကို မီးသတ်ဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဒီဇင်ဘာ ၂၆ ရက်က ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မိတ္ထီလာခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မိတ္ထီလာခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အကြောင်းအရာများကို ရှင်းလင်းဟောပြောသည်။ ထို့နောက် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ဆေးဘူးများဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်း၊ မီးသတ်ရေပိုက်များဖြင့် ရေပက်ဖျန်းခြင်းများကို လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရှင်းလင်း

**မိုင်းပန် ဒီဇင်ဘာ ၂၉**

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (VDP) ရေးဆွဲခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို မိုင်းဟောင်းရွာ ဘုန်းတော်ကြီးကျောင်း၌ ဒီဇင်ဘာ ၂၆ ရက်က ကျင်းပရာ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအောင်ခမ်းက အမှာစကား ပြောကြားသည်။

မိုင်းဟောင်းရွာအတွက် ၂၀၁၈-၂၀၂၂ ငါးနှစ်တာ VDP စီမံကိန်းရေးဆွဲခြင်းကို စီမံကိန်းအတွက် တစ်နှစ်လျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ ငါးနှစ်ဆက်တိုက် ရရှိမည်ဖြစ်ကာ ရန်ပုံငွေကိုသုံးစွဲရန် စီမံကိန်းရေးဆွဲရာ၌ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် အခက်အခဲများကို ရွာသူရွာသားများထံသို့ မေးမြန်း၍ ၎င်းတို့၏ ဆန္ဒများအရ ရေးဆွဲခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# မီးဘေးအန္တရာယ်ကာကွယ်ရေး တစ်အိမ်တက်ဆင်း ဆောင်ရွက်

**စစ်တွေ ဒီဇင်ဘာ ၂၉**

စစ်တွေမြို့နယ်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်မီးသတ်တပ်ဖွဲ့က မီးသုံးစွဲမှုအခြေအနေများကို စစ်ဆေးခြင်း၊ မီးဘေးအန္တရာယ်မကျရောက်စေရေးအတွက် ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များအား ပညာပေးဆောင်ရွက်ခြင်းများကို စခန်းမှူး ဦးဆန်းဝင်းလှိုင် (ဒုတိယဦးစီးမှူး) ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပွဲလှအောင်တို့ ဒီဇင်ဘာ ၂၇ ရက်က မကျည်းမြိုင်ရပ်ကွက်အတွင်း ဆောင်ရွက်ပေးခဲ့သည်။

"ကျွန်တော်တို့က ဒီလုပ်ငန်းကိုနှစ်စဉ်ပွင့်လင်းရာသီရောက်တိုင်း ဆောင်ရွက်ပေးနေတာပါ၊ ဒီနှစ်လည်းဆောင်ရွက်နေတာကြာပါပြီ၊ ပြည်သူတွေက ခုလျှပ်စစ်မီးကို သုံးကြပါတယ်၊ ဒါပေမယ့် ဝန်နဲ့ အားမျှအောင်သုံးတတ်တဲ့သူတွေက နည်းပါတယ်၊ နောက်ပြီးမီးနဲ့ ပတ်သက်တဲ့ ဝိုင်ယာတွေ ပေါက်ပြဲနေတာတွေ၊ မီးခလုတ်အဟောင်းနဲ့ သုံးနေတာတွေရှိတယ်၊ မီးသုံးစွဲသူတိုင်းအဓိကဆောင်ထားသင့်တာက မီးသတ်ဆေးဘူးပါ၊ အိမ်တိုင်းတစ်အိမ်တစ်ဘူးဆောင်ထားသင့်ပါတယ်၊ မီးဟာ စနစ်တကျမသုံးစွဲရင် အန္တရာယ်ဖြစ်တတ်တာကြောင့် ပြည်သူတွေကို ကြိုတင်စီစဉ်ထားတတ်အောင် ဆောင်ရွက်ဖို့ ခုလိုပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ရတာပါ" ဟု စခန်းမှူး ဦးဆန်းဝင်းလှိုင်က ပြောသည်။

**သတင်းနှင့်ဓာတ်ပုံ-ကိုကြီးစော**



# မြစ်ကြီးနားမြို့တွင်းသို့ ဝါးတူအစုံနှစ်သောင်းခွဲခန့် နေ့စဉ်တင်ပို့ရောင်းချနေ

**မြစ်ကြီးနား ဒီဇင်ဘာ ၂၉**

မြစ်ကြီးနားမြို့နယ်အတွင်းရှိ မြစ်ဆုံစီမံကိန်းကြောင့် ပြောင်းရွှေ့ခံရသည့် အောင်မြင်သာကျေးရွာတွင်ရှိသော Twin Brothers ဝါးတူစက်ရုံမှ မြစ်ကြီးနားမြို့တွင်းသို့ နေ့စဉ် ဝါးတူအစုံ နှစ်သောင်းခွဲခန့် တင်ပို့ရောင်းချဖြန့်ဖြူးနေကြောင်း အဆိုပါ စက်ရုံ၏တာဝန်ခံ မန်နေဂျာထံမှ သိရသည်။

အဆိုပါစက်ရုံသည် ၂၀၁၅ ခုနှစ်တွင် စတင်တည်ဆောက်ခြင်းဖြစ်ပြီး ယင်းနှစ်ကုန်ပိုင်းမှသာ ဝါးတူများကို ထုတ်လုပ်နိုင်ခဲ့၍ တူအကြမ်းမှ အချောထုပ်ပိုးပြီးသည့် အဆင့်အထိ ပြုလုပ်ကာ နေ့စဉ် မြစ်ကြီးနားမြို့တစ်မြို့တည်းသို့ ဝါးတူတစ်စုံလျှင် ခြောက်ကျပ်နှုန်းဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း ယင်းစက်ရုံမှ မန်နေဂျာ ဦးဆန်းအောင်ကပြောသည်။

"ဖြန့်ချိတာကတော့ မြစ်ကြီးနားမြို့တွင်းပါပဲ၊ ကျွန်တော်တို့ဆီက ဝါးတူတွေကို ဖယောင်းမသုံးဘဲ FDA က ခွင့်ပြုထားတဲ့ သဘာဝဆေးနဲ့ပဲ ပေါင်းတာပါ၊ ကျန်းမာရေးအရလည်း ကုန်ကြမ်းဝါးကိုပဲ ပေါင်းပြီး ပြုတ်ပြီးတော့ သဘာဝလေနဲ့ပဲ လှမ်းတာပေါ့၊ ဘာ Chemical (ဓာတုဗေဒဆေးဝါး)မှ မသုံးဘူး၊ တချို့တွေက ပိုးမတက်မှိုမတက်အောင် ဖယောင်းသုံးတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါစက်ရုံတွင် အလုပ်သမားအဖြစ် အောင်မြင်သာရွာမှ ဒေသခံ ၁၃ ဦးကို ခန့်ထားကြောင်း၊ ဝါးတူစက်ရုံတည်ဆောက်ထားခြင်းအားဖြင့် ဒေသခံများ၏ အလုပ်အကိုင်ရရှိစေရေးအတွက်လည်း အထောက်အပံ့ဖြစ်စေကြောင်း သိရသည်။ ထို့အပြင် စက်ရုံအတွက်လိုအပ်သော ကုန်ကြမ်း ဝါးများကို အောင်မြင်သာဒေသခံများထံမှပင် ဝယ်ယူနေပြီး ယင်းစက်ရုံကိုလည်း တိုးချဲ့လုပ်ဆောင်သွားရန်ရှိကြောင်း သိရသည်။

လက်ရှိအချိန်၌ မြစ်ကြီးနားမြို့နှင့် ဝိုင်းမော်မြို့တို့တွင် ဝါးတူများထုတ်လုပ်၍ ဖြန့်ဖြူးရောင်းချနေသည့် စက်ရုံပေါင်း ငါးရုံခန့်ရှိနေပြီး အချို့ဝါးတူများသည် မှိုတက်နေသော်လည်း ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမှုများရှိနေကြောင်း သိရသည်။

**မင်းမင်းဦး(EPN)**

# အောင်မြေလောကသွန်းဘုရားကြီး ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**သုံးခွ ဒီဇင်ဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်အတွင်း တည်ရှိသော အောင်မြေလောကသွန်းဘုရားကြီး၏ (၁၁၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် ကို ၂၀၁၈ ဇန်နဝါရီ ၁၁ ရက်မှ ၂၁ ရက်ထိ ၁၁ ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဟု သိရသည်။

ဇန်နဝါရီ ၁၁ ရက်မှစတင်၍ အောင်မြေလောကသွန်းဘုရားကြီး၌ ပင့်သံဃာများက ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ပွဲ ကျင်းပမည်ဖြစ်ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ဦးဆောင်ကာ ဗုဒ္ဓပူဇနီယပွဲတော်ကို ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ ပွဲတော်ရက်အတွင်း လူသုံးကုန်၊ စားသောက်ကုန်မျိုးစုံ တည်ခင်းရောင်းချမည့် ဈေးရောင်းပွဲတော်လည်း ပါဝင်မည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများ၊ ကလေးကစားကွင်းများလည်း ပါဝင်မည်ဖြစ်ကြောင်း၊ ဇန်နဝါရီ ၁၇ ရက်မှ ၂၁ အထိတွင် ဇာတ်ပွဲများဖြင့် ဖျော်ဖြေတင်ဆက်မည့် အစီအစဉ်များလည်း ပါဝင်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီတမံဆောက်လုပ်ရန် ပန္နက်တင်

**ဗန်းမော် ဒီဇင်ဘာ ၂၉**

ကချင်ပြည်နယ် ဗန်းမော်မြို့ ခွန်သာရပ်ကွက် မြေနုရပ်၌ ဧရာဝတီမြစ်ရေတိုက်စားခြင်းမှ ကာကွယ်နိုင်ရန်အတွက် မြေနုဆိပ်ကမ်း ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီတမံ တည်ဆောက်ရန်ပန္နက်တင်ပွဲကို ဒီဇင်ဘာ ၂၇ ရက်က ကျင်းပခဲ့သည်။



ကျောက်စီမြေထိန်းနံရံ တည်ဆောက်ရန်အတွက် သိက္ခာတော်ရဆရာမရစ်အောင်လီ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသိန်းလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်း၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွေးမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်လှိုင်တို့က ပန္နက်များ တင်ပေးခဲ့သည်။

တည်ဆောက်မည့် ကျောက်စီတမံသည် အရှည် ပေ ၇၅၀ ရှိပြီး ကျောက်စီမြေထိန်းနံရံနှင့် ကျောက်စီတမံ တည်ဆောက်ခြင်းနှင့်အတူ Stone Gabian၊ ကွန်ကရစ်လှေကားနှင့် ဆိပ်ကမ်းဆင်း ကွန်ကရစ်လမ်းနှစ်ခုတို့ပါဝင်ပြီး ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၂၉၅ ဒသမ ၅ သန်းဖြင့် ဆွတ်ဖမ်မလီဂရု(ပ်) ကုမ္ပဏီက တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ပဲတီစိမ်းစိုက်တောင်သူများ GAP စနစ်ဖြင့် စနစ်တကျစိုက်ပျိုးနိုင်ရန် ကွင်းဆင်းဆွေးနွေး

**ကျောက်တန်း ဒီဇင်ဘာ ၂၉**

အရည်အသွေးကောင်းမွန်ပြီး လူနှင့်ပတ်ဝန်းကျင်ကို ဘေးကင်းစေသည့် GAP စနစ်ဖြင့် ပဲတီစိမ်းသီးနှံများကို ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်အတွင်း၌ တောင်သူများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးမြေ ၂၀၉၁ ဧကတွင်လည်းကောင်း၊ EU သို့ပို့မည့် ကုမ္ပဏီများ၏ အစီအစဉ်ဖြင့် စိုက်ပျိုးမြေ ၁၀၁၉၀ ဧကတွင်လည်းကောင်း စိုက်ပျိုးလုပ်ကိုင်လျက်ရှိသည် ။

တောင်သူများအနေဖြင့် စိုက်ပျိုးရာတွင် GAP စနစ်ဖြင့် စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် ပဲတီစိမ်း ၄၅၉ ဧက စိုက်ပျိုးလုပ်ကိုင်နေသည့် ကျောက်တန်းမြို့နယ် ဝဲကြီးကျေးရွာအုပ်စု၌ တောင်သူများအား အသိပညာပေးမှုများကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်နှင့် ဝိစာရ၊ မြန်မာ့သြဘာ၊ Golden Key၊ Diamond Star ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးကုမ္ပဏီတို့မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၂၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် အဖွဲ့သည် တောင်သူများနှင့်တွေ့ဆုံပြီး တစ်ဧကစိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်လျော့နည်းစေရန်၊ မျိုးစေ့ဓာတ်မြေသြဇာ ပိုးသတ်ဆေး အသုံးပြုမှုများ စနစ်ကျမှန်ကန်စေရန်၊ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး နည်းလမ်းများ၊ ခြွေလှေ့သန့်စင်သိုလှောင်မှတ်တမ်းပြုခြင်း စသည်တို့ကို ကွင်းဆင်းပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၀၁၉)**

# မြေသားရေလှောင်ကန်တူးဖော်နေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ကျေးရွာများ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ဒီးဒုတ်ကုန်းကျေးရွာအုပ်စု သီးပင်ကျေးရွာ၌ မြေသားရေလှောင်ကန်တူးဖော်ဆောင်ရွက်နေမှု အခြေအနေများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရွှေကိုနှင့် မြို့နယ်တာဝန်ရှိသူများက ဒီဇင်ဘာ ၂၇ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သည် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာများနှင့်အတူ သီးပင်ကျေးရွာ၌ စက်ယန္တရားအသုံးပြု၍ မိုးရေလှောင်ကန် တူးဖော်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး ကျေးရွာမှ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။ သီးပင်ကျေးရွာ မြေသားမိုးရေလှောင်ကန်ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၈ ဒသမ ၅ သန်းဖြင့် ဒီဇင်ဘာ ၂၀ ရက်မှ စတင်တူးဖော်နေပြီး အကျယ် ပေ ၁၀၀ ပတ်လည်နှင့် အနက် ခြောက်ပေဖြစ်ကြောင်း သိရသည်။

အဆိုပါမိုးရေလှောင်ကန်တူးဖော်မှု ပြီးစီးပါက သီးပင်ကျေးရွာရှိ အိမ်ခြေ ၂၄၉ အိမ်မှ ကျေးရွာနေပြည်သူ ၁၁၀၀ ကျော်အတွက် သောက်သုံးရေလုံလောက်စွာ ရရှိစေမည့်အပြင် ကျေးရွာမီးဘေးကာကွယ်ရေးအတွက်ပါ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်တာဝန်ရှိသူများသည် ဆားကျင်းကျေးရွာသို့ ဆက်လက်သွားရောက်ပြီး တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်ရန် အဆိုပြုတင်ပြထားသည့် မြေသားမိုးရေလှောင်ကန်တူးဖော်မည့်နေရာကို ကြည့်ရှု၍ လိုအပ်မည့်မြေနေရာ အကျယ်အဝန်း ပြည့်မီမှု ရှိ မရှိ တိုင်းတာစစ်ဆေးခဲ့ကြသည်။

**နေအောင်(ပြန်/ဆက်)**

# ကျောက်ဖြူမြို့နယ်၌ ရေပေးရေးလုပ်ငန်းများဆောင်ရွက်

**ကျောက်ဖြူ ဒီဇင်ဘာ ၂၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် ငလုံးစုကျေးရွာအုပ်စု ဆင်တင်ကျေးရွာ မြေသားမိုးရေလှောင်ကန် တူးဖော်ခြင်းလုပ်ငန်းကို ဒီဇင်ဘာလ တတိယပတ်က မြို့နယ်ဦးစီးမှူးနှင့် အင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါလုပ်ငန်းသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုထားသော မြေသားရေကန်ငါးကန် အနက်မှ တစ်ကန်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာငါးရွာ၌ တစ်ရွာလျှင် မြေသားမိုးရေလှောင်ကန် တစ်ကန်စီတူးဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# ဆယ်မာအူးလ်အွန်ဒုံစီမံကိန်းအရ ကျေးရွာဘက်စုံသုံးခန်းမဆောင်သစ် ဖွင့်လှစ်

**နေပြည်တော် ဒီဇင်ဘာ ၂၉**

ကျေးလက်နေပြည်သူလူထု၏ လူနေမှုအဆင့်အတန်းများ ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်၍ ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ (KOICA) ၏ ကူညီထောက်ပံ့မှုဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ကျေးရွာအုပ်စု ဆည်စုကျေးရွာ၌ ဆောင်ရွက်သော ဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်စီမံကိန်း၏ လူမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် ပါဝင်သည့် ကျေးရွာဘက်စုံသုံး ခန်းမဆောင်ဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက်က ကျင်းပခဲ့သည်။

ခန်းမဆောင်သစ် ဖွင့်ပွဲတွင် နေပြည်တော် ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်ဦးကြိုင်က နေပြည်တော်အတွင်းရှိ ကျေးရွာများတွင် ဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်စီမံကိန်း ရန်ပုံငွေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆယ်မာအူးလ်အွန်ဒုံ ကျေးရွာသစ်စီမံကိန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ချိတ်ဆက်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်းက ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူလူထုက စည်းလုံးညီညွတ်စွာဖြင့် အတူတကွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာဘက်စုံသုံးခန်းမဆောင်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး ခန်းမဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။ ဆည်စုကျေးရွာ ဘက်စုံသုံးခန်းမဆောင်သစ်မှာ အလျား ၄၈ ပေ၊ အနံ ၃၁ ပေ၊ အမြင့်၁၂ ပေရှိပြီး ငွေကျပ် ၁၉၆ သိန်းကျော် အကုန်ကျခံ၍ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

**ရွှေကုက္ကို**



# လူငယ်နှင့်စာပေ ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကျင်းပ


**ရန်ကုန် ဒီဇင်ဘာ ၂၉**

မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ လူငယ်များ အသိအမြင်ဗဟုသုတ တိုးတက်စေရေးနှင့် စာဖတ်အား ပိုကောင်းလာစေရန် ရည်ရွယ်ပြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ပြည်သူ့စကားဝိုင်း (Public Talk) ကို လူငယ်နှင့် စာပေခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၇ ရက်က အောင်ဆန်းအားကစားပြိုင်ကွင်း (မိုးလုံလေလုံ အားကစားခန်းမ) မင်္ဂလာတောင်ညွန့်မြို့နယ်တွင် ကျင်းပခဲ့သည်။

အဆိုပါ ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဖြူဖြူသင်းက ဦးဆောင်ဆွေးနွေးကာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး (ဘောဂဗေဒ)၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးလှဋ္ဌေး၊ ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် ဦးမေတ္တာနှင့် မြို့နယ်စာရေးဆရာအသင်းနာယက တက္ကသိုလ် စိုးရင်တို့က စာပေတန်ဖိုး၊ စာဖတ်ခြင်းအကျိုး၊ စာပေပညာဖြင့် တိုးတက်မြင့်မားခဲ့သော နိုင်ငံများအကြောင်း၊ လူငယ်လူရွယ်များ စာဖတ်ခြင်းမှသည် ဘဝတိုးတက်မြင့်မားလာစေခဲ့သောအကြောင်းများ စသည်တို့ကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများက မေးခွန်းများ မေးမြန်းခြင်းနှင့် ပြန်လည်ဆွေးနွေးဖြေကြားခြင်း အစီအစဉ်ကို ဆက်လက်ပြုလုပ်ခဲ့ပြီး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ NGO အဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိပြည်သူများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်နားထောင် ဆွေးနွေးခဲ့ကြသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**




# မြန်မာရေးရာအမှတ်-၆ ဖြန့်ချိခြင်း

မြန်မာရေးရာလေ့လာရေးအဖွဲ့(Center for Myanmar Affairs Studies )က ထုတ်ဝေသော မြန်မာရေးရာအမှတ်-၆ (၂၀၁၈၊ ဇန်နဝါရီ) ထွက်ရှိလာသည်။

